www.burmeseclassic.com

မိတ်ဆွေစာပေ

# ပုတာဝင်တွေ့သူ

နှင့်

# သရဲခြောက်တဲ့ည



မောင်မှိုင်းညို့ (ချောင်းဦး)
ကျော်ဆွေဝင်း (ရွှေအင်း)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၈၀၀

**မျက်နှာဖုံးဒီဇိုင်း**

ချယ်ရီမေ (အင်းစိန်)

**တွန်ပျူတာစာစီ**

ချယ်ရီမေ (အင်းစိန်)

**ထုတ်ဝေသူ**

ဦးချစ်ညွန့် (၀၄၀၀၄)၊ ဖင်ရတနာစာပေ၊

၂၀၅၊ က/၄–လမ်း၊ မြို့သစ်၊ (က+ခ)ရပ်ကွက်၊ အင်းစိန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးကျော်မင်းစိုး(၀၇၃၄၆) စိုးမေတ္တာပုံနှိပ်တိုက်

အမှတ်(၁၇)၊ ၅၆–လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**"ထုတ်ဝေသည့်စာအုပ်ဆိုင်ရာအချက်အလက်" (CIP)**

၃၉၈.၂

မောင်မှိုင်းညို့(ချောင်းဦး)

ဖုတ်ဝင်တဲ့သူ/ မောင်မှိုင်းညို့(ချောင်းဦး)၊ ရန်ကုန်၊

ဖင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၄။

၂၂၀ – စာ၊ ၁၂ × ၁၈ စင်တီ

(၁) ဖုတ်ဝင်တဲ့သူ

# ဖုတ်ဝင်တဲ့သူ

## နှင့်

# သရဲခြောက်တဲ့ည

မောင်မှိုင်းညို့ (ချောင်းဦး)

ကျော်ဆွေဝင်း(ရွှေအင်း)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ သာဓုကန်ရှာတ ထူးခြားအံ့မခန်းဖြစ်ရပ်ဆန်း ၃

၂။ ကြေးနောင်ကုန်းက ကျိန်စာဆိုး ၄၁

၃။ ဗုတ်ဝင်တဲ့သူ ၆၂

၄။ သရဲနဲ့တွေ့တဲ့ကိုအေးထွန်း ၈၅

၅။ ကျောင်းကုန်းဟောင်းက နာနာဘာဝ ၁၀၄

၆။ သရဲခြောက်တဲ့ည ၁၂၇

၇။ သေသူ့ဝိညာဉ် ၁၄၈

၈။ ဝိညာဉ်ချွေသည် ၁၆၄

၉။ ကျတ်ကုန်းမြေက သူငယ်ချင်း ၁၉၁


# သာဓုကန်ရှာတ ထူးခြားအံ့မခန်းဖြစ်ရပ်ဆန်း

ထင်းခွဲထင်းပေါက်တဲ့ ပုဆိန်ကြီး သူ့အလိုလို လေထဲ ပျံဝဲလာတယ်။

အားလုံးလည်း အထိတ်တလန့်ဖြစ်ကုန်ကြတာပေါ့...

ညသန်းခေါင်လောက်ကျတော့

မကောင်းဆိုးဝါးကောင်က ပတ္တလားလာတီးနေတယ်။

အကောင်အထည်မမြင်ရဘဲ လက်ခတ်နှစ်ခုက ဝါးပတ္တလားပေါ်မှာ ကီးနေတယ်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မယုံကြည်သူများကိုမိန်းခေါ်လိုက်တဲ့ဖြစ်ရပ်

“အဘ အသက်ရှစ်ဆယ်ကျော်ပြီ။

မယုံနိုင်စရာအရမ်းကောင်းတဲ့ ထူးထူးဆန်းဆန်း အဖြစ်အပျက်တွေ အများကြီးကြုံဖူးတယ်။ တွေ့ဖူးတယ်။

ဒါပေမယ့် ဒီဖြစ်စဉ်ကတော့

အဲဒီ မယုံနိုင်စရာကောင်းတယ်ဆိုတဲ့

အရမ်းထူးဆန်းတယ်ဆိုတဲ့ အဖြစ်အပျက်တွေထက်ကို

ပိုပြီးအံ့သြဖို့ကောင်းတဲ့၊ ပိုပြီးထူးဆန်းတဲ့

ပိုပြီးအံ့မခန်း အဆန်းတကြယ်ဖြစ်တဲ့ဖြစ်ရပ်လို့ ပြောရမှာပဲ”

အဘသောင်းရဲ့စကားတွေကြောင့် ထူးထူးခြားခြား၊ ဖြစ်ရပ်မှန်အဖြစ်အပျက်ဆိုရင် သည်းသည်းလှုပ်တတ်တဲ့စာရေးသူရဲ့ သိချင်၊ မေးချင်စိတ်တွေ အငမ်းမရဖြစ်လာတယ်။

အဘသောင်းဆိုတာက သာဓုကန်ရွာရဲ့ ရပ်မိရပ်ဖ ရပ်ကျိုးရွာကျိုးကို နှစ်ပေါင်းများစွာထမ်းရွက်ခဲ့သူ။

ပြီးတော့၊ သာဓုဆံတော်ရှင်ဘုရားကြီးမှာ ဂေါပကအဖြစ် တာဝန်ယူလာတာကြာပြီ၊ လက်ရှိလည်း ဥက္ကဋ္ဌတာဝန်နှင့် သာဓုကန် သာသနာ့မြေ ဖွံ့ဖြိုးစည်ပင်ရေးကြီးပမ်းနေတဲ့သူ။





“ယုံတဲ့သူရော၊ မယုံတဲ့သူရော၊ အထူးအဆန်းဆိုတော့ လာကြည့်ကြတာပေါ့ ...

လူတွေဆိုတာ ပွဲတော်ကျနေတာပဲ၊ ပြွတ်သိပ်ကျပ်ညပ် တိုးဝေ့လို့ ...။ ရုပ်နီးရုပ်ဝေးအစုံပဲ။

မုန့်ဟင်းခါးသည်ဆို၊ အချိန်တစ်ဆယ် ပြိုက်ခနဲ ကုန်တာပဲ ...”လို့ အဘသောင်းက ဆက်ပြောပြန်တယ်။

အမှန်က စာရေးသူ သာဓုဆံတော်ရှင်ဘုရားကို ရောက်သွားရတာ ပေါ်တော်မူထူးဘုရားလေးနှင့် ပတ်သက်တဲ့ထူးခြားဖြစ်စဉ်တွေ မေးမြန်းဖို့ ဓာတ်ပုံရိုက်ဖို့ပါ။

ထူးခြားဖြစ်ရပ်တွေအကြောင်း စကားစပ်မိရာကနေ၊ သာဓုကန်ရွာမှာ ဖြစ်ခဲ့ဖူးတဲ့ ပုဏ္ဏကတိုက်တဲ့ အိမ်တစ်အိမ်အကြောင်း စကားဆက်မိသွားခြင်းပါ။

အဘသောင်းက စကားပြောရင်း အနားမှာရှိတဲ့ ဂေါပကအဖွဲ့ဝင်နှစ်ဦးကို လှမ်းကြည့်လိုက်တယ်။

သူတို့နှစ်ယောက်က ဦးမြဟန်နှင့်ဦးအောင်ဝင်းတို့ပါ။

“ဟုတ်တယ်၊ အဲဒီတုန်းကလို အဖြစ်မျိုး တစ်ခါမှမကြုံဖူးဘူး ...။

နေ့ခင်းကြောင်တောင်ကြီးကို ဖြစ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက လာတဲ့ရဲတွေဆိုတာ မမြင်ရတဲ့အကောင်က လုပ်မှာစိုးလို့ သေနတ်တွေကို တင်းတင်းဆုပ်ကိုင်ထားကြရတယ်...”

ဦးမြဟန်စကားကို ဦးအောင်ဝင်းက ဖြတ်ပြီးပြောလိုက်ပြန်တယ် ...။

“အဲဒီတုန်းမှာပဲ၊ ဘယ်သူကမှ မပစ်ဘဲ၊

ငှက်ကြီးတောင်ဓားကြီးတစ်ချောင်း ...။

လေထဲကနေ ပျံလာတယ်။

ရုပ်ရှင်အနှေးပြသလိုပဲ၊ ဓားကြီးပျံလာတာကို အားလုံးတွေ့နေရတယ် ...”

စာရေးသူက ပိုမိုတိကျမှန်ကန်စေရန်အတွက် ကြားဖြတ်ပြီး မေးလိုက်ပြန်ပါတယ်။

“အဲဒီဓားကြီး ပျံဝဲလာနေတာကို အဘသောင်းရော မြင်လား”

“ဟာ မမြင်ဘဲနေပါ့မလား မြင်တာပေါ့၊ အဲဒီအိမ်ကို အားလုံးဝိုင်းပြီး စောင့်ရှောက်ပေးနေကြတာ၊ အားလုံးမြင်နေရတယ်”

ဦးအောင်ဝင်းက ဆက်ပြောတယ်။

“အဲဒီငှက်ကြီးတောင်ဓားကြီးက အရှိန်နှင့် အိမ်ထရံကိုသွားစိုက်တယ်။





ဓားစိုက်တဲ့အရှိန်ကပြင်းလို့ လက်ကိုင်ရိုးတောင် ယမ်းခါနေသေးတယ်။

ရဲတွေလည်း၊ တာခင်ဗျားတို့ဟာ မလွယ်တော့ဘူးဆိုပြီး တစ်ခါတည်း ပြန်ပြေးကြတော့တာပဲ...”

ဟုတ်တော့လည်းဟုတ်တယ်၊

ကိုယ်ကသာ မမြင်ရ၊ မတွေ့ရတာ၊

ဘီလူးသရဲလား၊ တစ္ဆေမှင်စာလား၊ နာနာဘာဝလား၊ ဘာလားမသိရတဲ့အကောင်က ကိုယ့်ကိုမြင်နေတယ်။ သိနေတယ်။

မကောင်းဆိုးဝါး ပစ်လိုက်တဲ့ဓားကြီးက ကိုယ့်ဗိုက်ထဲ တန်းတန်းမတ်မတ်ဝင်လာရင် အချောင်သေဦးမယ်။

မမြင်ရတဲ့အကောင်က သေနတ်မလုပ်ဘူးလို့ရော ဘယ်သူပြောနိုင်လည်း၊ လုရင်ဘယ်လိုလုပ်မှာလည်း။

ရဲတွေပြန်ပြေးတာ အပြစ်မဆိုသာဘူးလို့ စာရေးသူ တွေးမိတယ်။

အဲဒီနောက်မှာတော့ သာဓုကန်ကျေးရွာက ထူးခြား အံ့မခန်း ဖြစ်ရပ်ဆန်းကို ...

အဖြစ်အပျက်အမှန်အတိုင်းသိအောင် စာရေးသူ စပြီး မေးမြန်းပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးကောင်ဓတင်ရောက်လာခြင်း

သာခုကန်ဆိုတာ ရန်ကုန်မြို့ရဲ့အမိကရနေရာတစ်ခုပါ။

အလျားလေးမိုင်၊ အနံသုံးမိုင်ကျယ်ဝန်းပြီး၊

ရေလယ်ကျွန်းတွေအများကြီးနှင့် လှပတဲ့ရေကန်ကြီး ရှိတယ် ...။

ရှေးဟောင်းသမိုင်းဝင် သာခုဆံတော်ရှင်စေတီကြီးရှိတယ်။

ခမ်းနားသိုက်မြိုက် စည်ကားလှတဲ့ ပွဲတော်ကြီးတွေ ရှိတယ် ...။

ပြောရရင်တော့ ကုန်နိုင်မှာတောင်မဟုတ်ဘူး။ ဒီလိုဒီလို တွေကြောင့် သာခုကန်ရွာကို မရောက်ဖူးသူ ရန်ကုန်တိုင်းတစ်ခွင် မှာ ရှိမယ်မထင်ဘူး ...။

ဒီလိုထင်ရှားကျော်ကြားတဲ့ သာခုကန်ရွာလေးဟာ ရန်ကုန် မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်ထဲမှာ ပါဝင်ပါတယ်။

"အခင်းဖြစ်တာက ၁၉၈၀ ဝန်းကျင်ဆိုတော့ ကြာခဲ့ပြီလို့ ဆိုရမယ်..."

ဒါပေမယ့် တကယ်ဖြစ်ခဲ့တဲ့အဖြစ်အပျက်၊ ကိုယ်တိုင် ကိုယ်ကျ မြင်ရ၊ တွေ့ရ၊ သိရတဲ့ ထူးထူးဆန်းဆန်း အဖြစ်အပျက် ဆိုတာတော့ ရဲရဲကြီးအာမခံတယ်လို့ အဘသောင်းကပြောတယ်။





အဲဒီအချိန်က ရွှေပြည်သာမြို့နယ်ရယ်လို့ မရှိသေးပါဘူး။

သာခုကန်ကျေးရွာက အင်းစိန်မြို့နယ်ထဲမှာပါတယ်။

ထူးခြားဆန်းကြယ်ဖြစ်စဉ်ဖြစ်ပွားတဲ့အိမ်က သာခုကန်ကျေး ရွာတောင်ပိုင်းက ဦးမောင်ကျော်(အမည်လွှဲထားပါတယ်)ရဲ့အိမ်မှာပါ။

ထူးထူးဆန်းဆန်းဖြစ်ရပ်တွေ စတင်ဖြစ်ပွားတဲ့ကာလက မိုးဦးကျကာလ ...။

ဖြစ်ပွားပုံကိုလူတွေက "ပုဏ္ဏားကတိုက်တယ်"လို့ပဲ အလွယ် တကူ ပြောကြတယ်။

ဒါပေမယ့် နားလည်တဲ့ဆရာတွေကတော့ ပုဏ္ဏားကတိုက် တာမဟုတ်ဘူး။

ပုဏ္ဏားကတိုက်တယ်ဆိုတာ အင်းချပြီး အင်းစောင့်ပုဏ္ဏား ဘီလူးကို ကိုယ်ဖြစ်စေချင်တာတွေလုပ်ခိုင်းတာ။

နောက်ပြီး ပုဏ္ဏားကတိုက်တာက အချိန်တိတိကျကျပဲ။

ဒီနေ့နေ့လည်မှာ ခဲတွေကျရင်၊ နောက်နေ့ကျရင်လည်း နေ့လည်ခင်းပဲ။

ညနေနေဝင်ရီတရောအချိန်ဆိုလည်း နောက်တစ်နေ့မှာ နေဝင်ရီတရောအချိန်ပဲ ခဲတွေကျလာတတ်တယ်။

အခုသာခုကန်ရွာမှာ ထူးထူးဆန်းဆန်းတွေဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အချိန်အကန့်အသတ် မရှိဘူး။ တစ်နေ့လုံး သူဖြစ်ချင်တဲ့ အချိန် ထဖြစ်တယ်။ ညသန်းခေါင် မတိုင်မချင်း သူလုပ်ချင်တဲ့ အချိန် ထလုပ်တယ်။

ဖြစ်နိုင်တာက ...

တစ္ဆေသရဲလို၊ နာနာဘာဝလို အကောင်ကိုမေ့ပြီး အောက်လမ်းပညာနဲ့ နိုင်းတဲ့ပုံစံပါ။

ထူးဆန်းတဲ့ဖြစ်စဉ်တွေနှင့် အစပထမဆုံး နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့လိုက်သူက ဦးမောင်ကျော်ရဲ့သမီးငယ်ပဲဖြစ်ပါတယ်။

သူမက အသက် ၁၇ နှစ်လောက်ပဲ ရှိပါသေးတယ်။

ရန်ကုန်မြို့တော်ရဲ့ ဆင်ခြေဖုံးမှာနေရသူ၊ အပျိုအရွယ်လေးပေမယ့် ဗုဒ္ဓဘာသာမိကောင်းဖခင်တွေရဲ့ သမီးပီပီ အနေအထိုင်က ဗိုင်းကောင်းကျောက်ဖိပါ။

တီရှိဉာဏ်တွေဖွံ့ဖြိုးနှင့်ပြည့်စုံသူ ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်တတ်သူလည်း ဖြစ်ပါတယ်။

မိန်းကလေးတိုင်းလိုလို ဆံပင်ရှင်ဖြတ်၊ ဂုတ်ဝဲထားကြတဲ့ ခေတ်ရေစီးကြောင်းထဲမှာ ...

သူမရဲ့ ဆံပင်ရှည်ကြီးတွေက အလှကို အယ...ှင့်နေတယ်။





ဆံပင်ကို မြတ်မြတ်နိုးနိုး ဖြန့်ချထားတတ်တဲ့ သူမက အိပ်ရာဝင်တဲ့အခါမှာတော့ ဦးခေါင်းရဲ့ဝဲဘက်နှင့် ယာဘက်မှာ ဆံထုံးတစ်ထုံးစီ ထုံးဖွဲ့လေ့ရှိတယ်။

နံနက်ခင်းတစ်ခုရဲ့ အိပ်ရာနိုးအချိန်မှာတော့ ထိတ်လန့်အံ့ဩစရာအဖြစ်တစ်ခုကို သူမကြုံတွေ့လိုက်ရတယ်။

"ဆံထုံးတစ်ထုံး မရှိတော့ဘူး"

သူမ အလန့်တကြားနဲ့ မိဘတွေကို ပြောပြတယ်။

သူမအိပ်ပျော်နေတုန်းမှာ ဆံတုံးကို ဘယ်သူဖြတ်ယူသွားတာလဲ ...။

"သူလား ... သူလား ..."

အမျိုးမျိုး စဉ်းစားကြပေမယ့် ခေါင်းတွေသာ နောက်ကျိရှုပ်ထွေးသွားတယ်။

အဖြေကိုတော့ ရှာလို့မရကြဘူး။

မိန်းမပျိုတစ်ယောက်ရဲ့ အိပ်ခန်းထဲဝင်၊ ဆံထုံးတစ်ထုံးဖြတ်ယူဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စ။

ဖြစ်နိုင်တာကတော့ သူမကိုယ်တိုင် ဖြတ်မှပဲ။

"ခုခေတ်မိန်းကလေးတွေလို ဆံပင်ဂုတ်ဝဲ ထားချင်လို့ဖြတ်ဆင်တာပဲဖြစ်မယ် ..."



www.burmeseclassic.com

မြားဦးက သူမဆီလှည့်လာတယ်။

သူမက မဟုတ်တဲ့အကြောင်းပြောပြီး ငြင်းတယ်။ ဖြစ်စဉ်အမှန်အတိုင်း ပြောပြတယ်။

ဒါပေမယ့် ဘယ်သူကမှ မယုံဘူး။

ဘာကြောင့် မယုံတာလည်းဆိုတော့ ဖြစ်နိုင်တာက ဒီလမ်းကြောင်းတစ်ခုတည်းပဲ ရှိတာကိုး။

မမြင်ရတဲ့ တစ္ဆေသရဲနာနာဘာဝက လာဖြတ်တာလား၊ ဒါလည်း မဖြစ်နိုင်ဘူး။

တစ္ဆေသရဲကောင်က ဘာကြောင့် သူ့ဆံပင်ကို လာဖြတ်ရမှာလည်း ...။

စဉ်းစားရခက်တဲ့ပြဿနာတစ်ခုက သူမဆီ ထပ်ရောက်လာပြန်တယ်။

အစ်ကိုကြီး လုပ်အားခတွေထဲက ငွေတစ်ရာ ပျောက်သွားတယ်။

ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ တစ်ကျပ်တန်လေးတွေချည်း အရွက်တစ်ရာ။

ပိုက်ဆံပျောက်လို့ လိုက်ရှာတော့ သူမဖယ်ခဲ့ ဝတ္ထုစာအုပ်ကြားထဲက တွေ့တယ်။





တစ်ရွက်နှစ်ရွက်ကြားမှာ ကျပ်တန်တစ်ရွက်နှုန်း ညပ်ထားတာ အရွက်တစ်ရာတိတိပဲ။

သူမအံ့အားသင့်သွားတယ်။

လုံးဝမယူရတဲ့အကြောင်းပြောတယ် ကျိန်တွယ်ပြောတယ်။

သူမ ဘယ်လိုပြောပြော ဘယ်သူမှမယုံကြဘူး။

ဂုဏ်ဝဲဆံပင် ဖြုပြင်ရအောင် ပိုက်ဆံတွေ ယူထားတာဖြစ်မယ်လို့ အားလုံးက တွေးကြပြန်တယ်။

ဒါပေမယ့် အဲဒီအတွေးတွေ အထင်အမြင်တွေဟာ အမှားတွေပါလားဆိုတာ နောက်တစ်ရက်မှာသိလိုက်ကြတယ်။

တစ်ဆက်တည်းမှာပဲ မကောင်းဆိုးဝါးကောင်ရဲ့ ပယောဂပါဝင်နေတယ်ဆိုတာလည်း သတိပြုမိလိုက်ကြတယ်...။

ဘာကြောင့်လည်းဆိုတော့

ဦးမောင်ကျော်ရဲ့ အိမ်ကို ပစ်ပေါက်သူမရှိဘဲ အလိုအလျောက် ရောက်လာတဲ့ခဲလုံးလေးတွေ ထိတ်လန့်ချောက်ချားစရာ ဘုံးဘုံး လာမှန်နေလို့ပါပဲ။

**ဦးဗိုချောင်ကာလရဲ့**

အစပိုင်းတစ်ရက်၊ နှစ်ရက်မှာ ခဲလုံးငါးလုံး၊ ခြောက်လုံးမဲ့ အပေါက်ခံရတယ်။

www.burmeseclassic.com

ပေါက်တဲ့ ခဲလုံးတွေက မီးရထားလမ်း ဇလီဖားတုံးတွေ ကြားမှာ တွေ့ရတတ်တဲ့ လိပ်သည်းကျောက်မျိုးတွေ။

အညင်းသီးအရွယ် အာလူးအရွယ်လောက်ရှိတယ်။

ပထမတော့ မလိုမုန်းထားသူက တိတ်တဆိတ်ပေါက်နေ တာလို့ ထင်မိသေးတယ်။

တစ်လုံးကနေ နှစ်လုံး၊ နှစ်လုံးကနေ သုံးလုံး သုံးလုံးကနေ လေးလုံး။ တဖြေးဖြေးများလာတော့ လူပေါက်တာမဟုတ်နိုင်ဘူး လို့ သံသယဝင်လာတယ်။

ပြီးတော့ ခဲလုံးတွေထိမှန်တဲ့အသံ။

"မကောင်းဆိုးဝါးကောင်တွေ ပစ်ပေါက်တာမို့လား မသိ ဘူး၊ အရမ်းကျယ်လောင်တယ်။ ဝုန်းခနဲ၊ ဒိုင်းခနဲ၊ ဂုံးခနဲပဲ။

ခဲသေးသေးလေးနဲ့ထိလည်း အသံက ကြောက်စရာ လန့်စရာ အကျယ်ကြီးမြည်နေတယ်။

ရက်ကြာလာတာနဲ့အမျှ မကောင်းဆိုးဝါးကောင်ရဲ့ တိုက် ခိုက် နှောင့်ယှက်မှုက ပြင်းထန်လာတယ်။

ခဲလုံးတွေ မရေတွက်နိုင်အောင်ပစ်ပေါက်လာတယ်။

ပိုပြီးဆိုးရွားလာတာက မီးဖိုချောင်မှာသုံးတဲ့ပစ္စည်းတွေ မီးဖိုချောင်ထဲကနေ အိမ်ခန်းတွေထဲထိကျလာတယ်။





ဘယ်သူပစ်ပေါက်လိုက်တယ်ဆိုတာ အကောင်အထည် မမြင်ရဘူး။

ကိုယ့်အနီးကိုရောက်လာမှ မြင်ရတာ၊ ပြီးတော့ ကိုယ့်ရှေ့ မှာ ကျယ်လောင်တဲ့အသံကြီးနဲ့ကျသွားတယ်။

ကြောက်စရာအကောင်းဆုံးက ခဏခဏ လေထဲကနေ ဝဲပျံကျလာတတ်တဲ့ ကျောက်ဖြုတ်ဆုံကြီးလို့ပြောပါတယ်။

ထူးဆန်းတာက ကျောက်ဖြုတ်ဆုံကြီး၊ ဒုန်းခနဲ ကြမ်းပြင် ပေါ် ပြုတ်ကျလာတယ်။

ဒါပေမယ့် ထောင်လျက်ပဲ၊ ဖြုတ်ကျည်ပွေ့ကလည်း ခွက်ထဲမှာ တပ်လျက်ပဲ။

ပြီးတော့ မီးဖိုချောင်ထဲမှာ ထမင်းဟင်းချက်တယ်။

ထမင်းအိုးပွက်လို့ ငှဲ့ဖို့ လက်ခုစုတ်လှမ်းယူတယ်။ ယောက်မ လှမ်းယူတယ်။

ယူပြီး၊ ထမင်းအိုးဘက်လှည့်လိုက်တော့ ထမင်းအိုးက မှောက်နေပြီ။

ဟင်းအိုးတွေလည်း ဒီအတိုင်းပဲ။

မကောင်းဆိုးဝါးကောင်ရဲ့အကြံက အိမ်သားတွေ ထမင်း ငတ်အောင်လုပ်တာလား။


www.burmeseclassic.com

www.burmeseclassic.com

မီးဖိုချောင်မှာနေတဲ့အတွက် မီးအပူဒဏ်မခံနိုင်လို့ လုပ်တာလား ...။

စဉ်းစားစရာပဲ။

မီးဖိုချောင်ထဲကိုတော့ အဝင်မခံတဲ့ပုံပဲ။

တစ်ခါက ဦးမောင်ကျော်ရဲ့ တူတစ်ယောက်က မကောင်းဆိုးဝါးကောင်ကို စိန်ခေါ်တယ်။

"ဘယ်မှာလဲကွ သရဲ၊ ထွက်ခဲ့စမ်း၊ အခုထွက်ခဲ့စမ်း"

လို့အော်ပြီး မီးဖိုခန်းထဲဝင်သွားတယ်။

ဘာပြောကောင်းမလဲ၊ မီးဖိုထဲခင်းထားတဲ့ လူကြီးတစ်ယောက် မနိုင်မနင်းမရတဲ့မြေကြီးခဲတုံးကြီး လေထဲမြောက်တက်လာတယ်။

စိန်ခေါ်တဲ့လူရဲ့ရှေ့ကို ဝုန်းခနဲ ပစ်ကျတယ်။

သရဲကို စိန်ခေါ်သူလည်း မီးဖိုချောင်ထဲက တစ်ချိုးတည်း ထွက်ပြေးရတော့တာပဲ။

တစ်စထက်တစ်စ ဆိုးရွားလာတဲ့ မကောင်းဆိုးဝါးရဲ့ နှောင့်ယှက်မှုကို ဦးမောင်ကျော် သည်းမခံနိုင်တော့ဘူး။ ဒီထက်ပိုပြီး လူတွေကိုပါ အန္တရာယ်ပြုလာမှာစိုးရိမ်လာတယ်။ ဒါကြောင့် မကောင်းဆိုးဝါး၊ နာနာဘာဝတွေ နှင်ထုတ်ဖို့ ဆရာလိုက်ရှာတယ်။





ရက်အနည်းငယ်အတွင်းမှာပဲ အမှောင့်ပယောဂတွေကို နိုင်နိုင်နင်းနင်း ရှင်းလင်းဖယ်ရှားနိုင်တယ်ဆိုတဲ့ ဆရာတစ်ယောက်ကို တွေ့လိုက်တော့တယ်။

## မကောင်းဆိုးဝါးကောင်ကို နှိမ်နင်းကြခြင်း

သာမုကန်ရွာက ထူးခြားတဲ့ဖြစ်ရပ်ဆန်းဟာ ရွာထဲမှာပဲ ကျိတ်ပြီးဖြစ်နေတယ်။

ဒီလိုအနေအထားကနေ ရက်အနည်းငယ်အတွင်း မြို့ပြတိုင်းတစ်ခွင်၊ နိုင်ငံနှင့်အဝှမ်း ထူးခြားဖြစ်ရပ်ဆန်းအဖြစ် လူသိများ၊ ထင်ရှားသွားတယ်။

ဒီလို ထင်ရှားသွားရခြင်းအကြောင်းကို အဘသောင်းက ပြောပြခဲ့ပါတယ် ...။

ဦးမောင်ကျော်အိမ်မှာ ထူးထူးဆန်းဆန်းတွေ ဖြစ်နေတဲ့အကြောင်း ရွာထဲမှာတော့ ဟိုလူပြော၊ ဒီလူပြော ပြောလာကြပြီး။

ကျုပ်လည်းကြားနေတယ်။

ကျုပ်က အဲဒီတုန်းက သာမုကန်ရွာမှာ ကောင်စီဥက္ကဋ္ဌပေါ့။

တစ်နေ့တော့ ကျုပ်၊ ဦးမောင်ကျော်အိမ်ကို ရောက်သွားတယ်။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီအိမ်မှာ ကန်တော့ပွဲတွေကလည်း အများကြီး၊ အမွှေးတိုင်တွေ၊ ဖယောင်းတိုင်တွေလည်း ထွန်းလို့။

မကောင်းဆိုးဝါး နှင်မယ့်ဆရာနှင့် ရွာထဲက လူအချို့လည်း ရောက်နေတယ်။

အမှန်ပြောရရင် ကျုပ်လည်း သိပ်ယုံလှတယ်တော့မဟုတ်ဘူး။

သရဲတစ္ဆေ အစွဲအလန်းနဲ့ ထင်ယောင်ထင်မှား ဖြစ်တာလို့ပဲ ထင်တယ်။

ဒါကြောင့်လည်း သတင်းတွေကြားနေပေမယ့် ဦးမောင်ကျော်အိမ်ကို မသွားဖြစ်ခဲ့ဘူး။

ဒီနေ့မှ ကျေးရွာတာဝန်ရှိသူတစ်ဦးအနေနှင့် အကျိုးအကြောင်း မေးမြန်းစုံစမ်းဖို့သွားခဲ့တာ။

ဦးမောင်ကျော်အိမ်ရောက်တော့ ပယောဂဆရာပင့်ပြီး မကောင်းဆိုးဝါးနှိမ်နင်းဖို့ အစီအရင်တွေ လုပ်နေကြတာတွေ့ရတယ်။

ကျုပ်လည်း ဦးမောင်ကျော်နဲ့ရပ်ပြီး စကားပြောတယ်။

အဲဒီအချိန်မှာပဲ ထန်းသီးလုံးလောက်အရွယ်အစားရှိတဲ့ ကျောက်ခဲကြီး ကျုပ်ဘေးကိုကျလာတယ်။

အသံကလည်း ကျယ်လိုက်တာ ဗုန်းခနဲပဲ။





ရုတ်တရက်ဆိုတော့ ကျုပ်လည်း လန့်လည်း လန့်၊ အံ့လည်း အံ့ဩသွားတာပေါ့။

သိပ်မကြာပါဘူး၊ ခဲတွေ အိမ်ကိုလာမှန်တယ်။

တဗုန်းဗုန်း တဒိုင်းဒိုင်းနဲ့ပဲ။

ပြီးတော့ ကန်တော့ပွဲတွေ၊ မကောင်းဆိုးဝါးနှိမ်နင်းဖို့ ပြင်ဆင်ထားတဲ့ ဆန်ထည့်ထားတဲ့လင်ပန်းတွေ၊ သဲထည့်ထားတဲ့ လင်ပန်းတွေက သူ့အလိုလို ပျံဝဲပြီး မှောက်ကျကုန်တယ်။

မမြင်ရတဲ့ မကောင်းဆိုးဝါးကောင် ထင်တိုင်းကြဲနေသမျှ ငြိမ်ခံနေရတယ်။

တစ်အိမ်လုံး ပြောင်းဆန်သွားတာပဲ။

ပယောဂဆရာလည်း “ဒါတော့၊ ကျုပ်လည်းမနိုင်ဘူးဗျို့” လို့ပြောပြီး တစ်ချိုးတည်း လစ်တော့တာပေါ့။

ကျုပ် ရွာထဲမှာ ဒီလိုထူးထူးဆန်းဆန်းဖြစ်ရပ်တွေ ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျုပ်က အင်းစိန်မြို့နယ် ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးဆီကို အစီရင်ခံစာတစ်စောင်ရေးပြီး ပို့လိုက်တယ်။

မကြာပါဘူး၊ နောက်တစ်နေ့မှာပဲ အင်းစိန်မြို့နယ်အဆင့် တာဝန်ရှိလူကြီးတွေ ကားနဲ့ ရောက်လာကြတယ်။

ရဲတပ်ဖွဲ့က အရာရှိတွေရော၊ ရဲဘော်တွေရောပါလာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်လည်း ကျေးရွာက တာဝန်ရှိသူတွေပါခေါ်ပြီး ဦးမောင်ကျော်အိမ်ကို သွားကြတယ်။

ဟိုကျတော့ မြို့နယ်လူကြီးတွေက အဖြစ်အပျက်အလုံးစုံကို အစအဆုံး မေးမြန်းစစ်ဆေးကြတယ်။

ကျုပ်ကတော့ စိတ်တထင့်ထင့်နဲ့ စိုးရိမ်နေမိတယ်။

ဘယ်အချိန် ခဲတွေနဲ့ပေါက်မလဲ၊ ဘယ်အချိန်ဘာဖြစ်မလဲလို့တွေးပြီး လန့်နေတယ်။

မြို့နယ်ကလာတဲ့ဧည့်သည်တွေကို တစ်ခုခုထိခိုက်အောင် အန္တရာယ်ပြုမှာကိုတော့ ကျုပ်မလိုလားဘူးလေ။

ကံအားလျော်စွာပါပဲ။

မေးမြန်းတာတွေ၊ စုံစမ်းတာတွေ အေးအေးဆေးဆေးနဲ့ ပြီးဆုံးသွားတယ်။

ဘာမှမဖြစ်ဘူး။ ခဲလေးတစ်လုံးတောင်မကျဘူး။

အံ့ပေမယ့် ... အံ့ပေမယ့်ပေါ့လေ

မြို့နယ်ကလူကြီးတွေပြန်မယ်လုပ်တော့ အိမ်ပေါ်မှာ ထိုင်နေတဲ့ လူတွေအားလုံးရဲ့ဖိနပ်တွေ တစ်ရံမှမရှိတော့ဘူး ...။

အိမ်ခြံဝမှာက ရဲလုံခြုံရေးလည်း ရှိနေတယ်။

ခြံထဲကိုလည်း တာဝန်ရှိလူကြီးတွေကလွဲပြီး ဘယ်သူမှ





မလာဘူး ...။

အဲဒီကြားထဲက ဖိနပ်တွေပျောက်သွားတာ။

ပျောက်တော့လည်း တစ်ရံထဲမဟုတ်ဘူး။ ရှိရှိသမျှ ဖိနပ်တွေ အားလုံးပဲ။

ထူးဆန်းတာက ဒီဖိနပ်တွေယူသွားတာကို ဘယ်သူမှ မမြင်ကြ၊ မတွေ့ကြဘူး။

ယူသွားတဲ့ မကောင်းဆိုးဝါး ဝိဉာဉ်သရဲကို မမြင်ရဘူး ထားဦး၊

ဖိနပ်တွေ ရွေ့သွားတာတော့ တစ်ယောက်တစ်လေ မြင်ဖို့ ကောင်းတာပေါ့ ...။

အိမ်ကလည်း ကြီးကြီးမားမားမဟုတ်ဘူး၊ ခပ်သေးသေး ရယ်။

တစ်စုံတစ်ယောက်မှ မမြင်တာ ဘယ်လိုမှ စဉ်းစားလို့ မရဘူး။

ဖိနပ်တွေ ပျောက်တော့လိုက်ရှာကြတာပေါ့။

တွေ့မယ်တွေ့တော့ အိမ်ရှေ့က သရက်ပင်ရဲ့ကိုင်းဖျား တွေမှာ။

ဘယ်လိုမှ လူသွားလို့မရတဲ့ သရက်ကိုင်းဖျားတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးနှင့်ချည်ထားတယ်။

ဒီလို အုံ့အားသင့်စရာ တွေးတောစဉ်းစားစရာ ပြဿနာ တစ်ခုကြုံနေတုန်းမှာပဲ ...

နောက်ထပ်ကိစ္စတစ်ခုက ဖြစ်လာပြန်တယ်။

ဒီကိစ္စကတော့ နည်းနည်းကြောက်စရာကောင်းတယ်။

ထင်းခွဲထင်းပေါက်တဲ့ပုဆိန်ကြီး။

သူ့အလိုလို လေထဲမှာပျံလာတယ်။

ဘယ်ကနေဘယ်လို လာတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။

လူတွေနဲ့ ခပ်လှမ်းလှမ်းရောက်မှ တွေ့ကြတာ။

အားလုံးအထိတ်တလန့် ဖြစ်ကုန်ကြတာပေါ့ ...။

ဒါပေမယ့် ပုဆိန်က လူတွေအနီးရောက်တော့ ဗုန်းခနဲဆို မြေပေါ်ပြုတ်ကျသွားတယ်။

ဘယ်သူ့ကိုမှ မထိခိုက်ဘူး။

မြို့နယ်လူကြီးတွေအားလုံး ဒီအဖြစ်အပျက် ဘာကြောင့် ဖြစ်တယ်ဆိုတာ သဘောပေါက်သွားတယ်။

"ဒီကိစ္စက သာမန်ဖြစ်ရိုးဖြစ်စဉ် ကိစ္စတစ်ခုမဟုတ်ဘူး။ ရာဇဝတ်မှုနဲ့လည်း အရေးယူလို့မရ ဘူး။





တတ်ကျွမ်းနားလည်တဲ့ဆရာခေါ်ပြီး ရှင်းမှရမယ်" လို့ ပြောပြီး ပြန်သွားကြတယ်။

လူကြီးတွေပြန်သွားပြီး နောက်နေ့လည်းကျရော ကင်မရာ တကိုင်ကိုင်နဲ့ သတင်းထောက်တွေရောက်လာကြတာပဲ။

မေးကြ၊ မြန်းကြ၊ ဓာတ်ပုံရိုက်ကြတယ်။

သိပ်မကြာပါဘူး။ အဲဒီခေတ်ကထုတ်တဲ့ သတင်းစာတွေ မှာပါလာတယ်။

ဒီလိုနဲ့ ရပ်ဝေးရပ်နီးအားလုံး သိသွားကြတာပါ။

## ဗိုအားပေါင်းခုံ၊ ခရာပေါင်းခုံ၊ လက်ဖြောက်ရတဲ့ တစ္ဆေကောင်

ရက်တွေကြာလာတာနဲ့အမျှ မမြင်ရတဲ့မကောင်းဆိုးဝါး ကောင်ရဲ့ အနှောင့်အယှက်က ပိုပြီးများလာတယ်။

မီးဖိုချောင်ထဲမှာ ထမင်းဟင်းချက်လို့လုံးဝမရဘူး။ သွန်ပစ် တယ်၊ မှောက်ချပစ်တယ်။

ဟင်းခွက်ကို အိုးတစ်လုံးထဲထည့်၊ အပေါ်ကမှ အိုးတွေ အဆင့်ဆင့်စီပြီးထပ်ထားလည်း တစ္ဆေသရဲကောင်ကသိတယ်။

ဆင့်ထားကဲ့ အိုးတွေ အနေအထားမပျက်ဘဲ ဖွက်ထား တဲ့ဟင်းခွက်က အပြင်မှာမှောက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဲတွေနဲ့ပေါက်တာကလည်း နေ့ရော၊ ညရော၊ တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ပဲ။

ရှေ့တံဆိုကြီးဆိုတာလည်း လူကြားထဲကို မကြာခဏ ကျလာတယ်။

ဒီမှာ အတိုက်အခိုက်၊ အနှောင့်အယှက်လုပ်နေတဲ့ မကောင်းဆိုးဝါးရဲ့အဆင့်ကလည်း တော်တော်မြင့်ပုံရတယ်။

အနှောင့်အယှက်တွေပျောက်အောင် ဘုန်းကြီးတွေပင့်ပြီး ပရိတ်ရွတ်တယ်၊ ကမ္မဝါစာဖတ်တယ်။

ဒါလည်း မကြောက်ဘူး။

ကမ္မဝါဖတ်နေရင်းတန်းလန်းကို အနှောင့်အယှက်ပေးနေတယ် ...။

လူထိုင်တဲ့ဖျာတွေရဲ့ လွတ်နေတဲ့အနားတွေ လေမတိုက်ဘဲ အပေါ်လွင့်ပျံ လှုပ်ရှားနေတယ်။

နီးတဲ့လူက ဖိလိုက်ရင် ဟိုဘက်အနားတွေ အပေါ်လွင့်ပျံတယ်။

ဒီနားကဖိလိုက်ရင် ဟိုဘက်၊

ဟိုဘက်ဖိလိုက်ရင် နောက်ထပ်ဟိုဘက်နဲ့ လူတွေအားလုံး တရားနာလို့ကို မရဘူး။





အာရုံတွေက အဲဒီကို ရောက်နေတယ်။

ပရိတ်ရွတ်၊ ကမ္မဝါဖတ်ပြီး ဘုန်းကြီးတွေပြန်ကြွသွားတယ်။

အဲဒီမှာ မကောင်းဆိုးဝါးကောင်က သူ့အစွမ်းပြတော့တာပဲ။

ပရိတ်သဲတွေ၊ ပရိတ်ဆန်တွေထည့်တဲ့ လင်ပန်းတွေ အလိုလို မြောက်တက်ပြီး ...

မမြင်ရတဲ့ တစ်ယောက်ယောက်က ပက်ကြဲလိုက်သလို လူကြားထဲ ပက်ကြဲလိုက်တယ်။

အားလုံးလည်း အလန့်တကြားနဲ့ ဆူဆူညံညံ ပြောင်းဆန် သွားတာပဲ။

တစ်ခါလည်း တိုက်ကြီးဘက်ကဘုန်းကြီးတစ်ပါး ပယောဂတွေနိုင်နင်းတယ် နာမည်ကြီးလို့ သွားပင့်တယ်။

ဘုန်းကြီးသွားပင့်နေတုန်း အိမ်မှာပြင်ဆင်ထားတဲ့ ဆန်မန်း၊ သဲမန်းလင်ပန်းတွေပေါ်မှာ လက်ချောင်းရာကြီးတွေနဲ့ လက်ဖဝါးရာကြီး ထင်လာတယ်။

လက်ဖဝါးကြီးက အကြီးကြီး၊ လင်ပန်းကြီးပြည့်လုနီးပါးပဲ။

လက်ဖဝါးကြီးကို ဖျက်လိုက်တာနဲ့ ခဏနေရင် ပြန်ပေါ် လာတယ်။

ဖျက်လိုက် ပြန်ပေါ်လာလိုက်နဲ့ သုံးခါလောက်လည်းရှိရော



www.burmeseclassic.com

www.burmeseclassic.com



လင်ဝန်းတွေ အလိုလို လေထဲမြောက်တက်သွားပြီး သဲတွေ၊ ဆန်တွေ၊ ကျောက်စရစ်ခဲတွေကို လူကြားထဲမှောက်ချပြန်တာပဲ။

မကောင်းဆိုးဝါးကောင်က သူ့ကိုနှိမ်နင်းဖို့ လုပ်တာကို လည်းသိတယ်။

ပယောဂကို နိုင်တယ်ဆိုတဲ့ ဂိုဏ်းပေါင်းစုံက ဆရာပေါင်းစုံ ရပ်ဝေးကရော၊ ရပ်နီးကရော သတင်းကြားပြီး ရောက်လာကြတယ်။

မကောင်းဆိုးဝါးကောင်ကြီးကို ထွက်သွားအောင်လုပ်ကြတယ်။ မကောင်းဆိုးဝါးတော့ ထွက်မပြေးဘူး။

နောက်ဆုံး အဲဒီဆရာတွေပဲ ထွက်ပြေးကြရတာပဲ။ စုစုပေါင်း ဆရာဆယ့်ငါးယောက်ထက် မနည်းဘူး။

ဆရာတစ်ယောက်ကတော့ ခေါင်းမှာ သုံးလေးချက် ချုပ်လိုက်ရတယ်။

အပေါ်မှာ ချိတ်ထားတဲ့ရေနံဆီမှန်အိမ်က မှန်ပြောင်းက သူ့အလိုလိုပြုတ်ကျလာပြီး ဆရာ့ခေါင်းကိုသွားရိုက်တာ ခွပ်ခနဲနေတာပဲ။

ဆရာ့ခေါင်းက သွေးတွေ ဖြာကျလာတယ်။

ပိုပြီးထူးဆန်းတာက၊ ဆရာ့ခေါင်းသာ ကွဲသွားတာ၊ မှန်အိမ်ပြောင်းပါးပါးလေးက ဘာမှမဖြစ်ဘူး။





ဆရာလည်း တစ်ချီတည်းထွက်ပြေးရတော့တာပဲ။

ဒီလို ပယောဂလာရှင်းတဲ့အထဲမှာ ခရစ်ယာန်ဘုန်းကြီးတောင်ပါတယ်။

တစ်ရက်မှာ အင်းစိန်ခရစ်ယာန်ဘုရားကျောင်းတစ်ခုက သင်းအုပ်ဆရာနဲ့ သူ့အဖွဲ့တွေ ရောက်လာတယ်။

သူတို့ဘာသာ အယူအဆအတိုင်း ရွတ်ဆိုပြီး မကောင်းဆိုးဝါး နှင်တယ် ...။

အဲဒီအချိန်မှာပဲ အိမ်ကို ခဲတွေတဒုန်းဒုန်း လာမှန်တယ်။

သူတို့လည်း ပြန်ပြေးသွားရတာပဲ။

ဒီမကောင်းဆိုးဝါးကောင်ကို ဘယ်လိုဂိုဏ်းက ဘယ်လိုဆရာမှ မနိုင်ဘူးဖြစ်နေတယ်။

ဘယ်လိုမှ မတတ်သာတဲ့အဆုံး အိမ်ရှင်မိသားစု တစ်ခြားအိမ်ပြောင်းနေဖို့ စီစဉ်တယ်။

ပထမဆုံး အိမ်လည်းနီး၊ ဆွေမျိုးသားချင်းလည်းဖြစ်တဲ့ အိမ်ကို ဦးမောင်ကျော်တို့ မိသားစုအားလုံး ပြောင်းနေကြတယ်။

သူတို့အိမ်ကို ရပ်ရွာအကြီးအကဲတွေ၊ ကာလသားတွေ အားလုံး ဝိုင်းပြီးစောင့်ရှောက်ပေးကြတယ်။

တစ္ဆေသရဲကောင်က အားလုံးသိနေသလိုပဲ။ ပြောင်းတဲ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထိလိုက်ပြီး ခဲနှင့်ပေါက်တယ်။

ပေါက်တဲ့အထဲမှာ နှစ်ပေါင်းများစွာကတည်းက ပျောက်နေတဲ့ အလေးတွေတောင်ပါတယ်။

အိမ်ရှင်တွေကို အားနာလို့ ဦးမောင်ကျော်တို့မိသားစု နောက်တစ်အိမ် ထပ်ပြောင်းတယ်။

မကောင်းဆိုးဝါးကောင်ကတော့ လိုက်နေမြဲပဲ။

အိမ်ကို ခဲတွေနှင့် ပေါက်နေမြဲပဲ။

ဒီလို ဦးမောင်ကျော်တို့ ပြောင်းသမျှအိမ်တွေထိ ခဲနှင့်ပေါက်ပြီး နှောင့်ယှက်နေပေမယ့် မူလအိမ်ကိုလည်း အလွတ်မပေးဘူး။

နည်းမျိုးစုံနှင့် နေ့ရောညပါ အနှောင့်အယှက်ပေးနေတာပဲ။

"စောင့်ရှောက်ပေးနေတဲ့ ရပ်မိရပ်ဖတွေ၊ ကာလသားတွေကို ဘယ်လိုမျိုး ခြောက်လှန့် အနှောင့်အယှက်ပေးပါသလဲ"လို့ စာရေးသူ မေးမြန်းမိပါတယ်။

အဘသောင်း၊ ဦးမြဟန်နှင့် ဦးအောင်ဝင်းတို့ဟာ အဲဒီအချိန်ကတည်းက သာစုကန်ရွာမှာ ကျေးရွာအုပ်ချုပ်ရေးတာဝန်တွေ စီမံခန့်ခွဲရေးတာဝန်တွေ အတူတကွ ထမ်းဆောင်ခဲ့ကြသူတွေပါ။

မကောင်းဆိုးဝါး၊ နာနာဘာဝကောင် နှောင့်ယှက်တဲ့ကိစ္စမှာလည်း ...





ရပ်ရွာလူထုကိုဦးဆောင်ပြီး ဦးမောင်ကျော်တို့ကို ကူညီစောင့်ရှောက်ခဲ့ကြတယ်။

ဒါကြောင့် မကောင်းဆိုးဝါးကောင်ရဲ့ ခြောက်လှန့်အနှောင့်အယှက်ပြုတာတွေကို အတူတကွ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြပါတယ်။

"ဦးမောင်ကျော်တို့မိသားစု နာနာဘာဝရန်ကြောင့် အိမ်ပြောင်းနေကြတော့ ...

ကျန်ခဲ့တဲ့အိမ်ကို ရပ်ရွာကပိုင်းပြီး စောင့်ရှောက်ပေးကြတယ်။

အဲဒီအခါမှာ မကောင်းဆိုးဝါးကောင်ရဲ့ နှောင့်ယှက်တိုက်ခိုက်မှု အမျိုးမျိုးကို ကြုံတွေ့ကြရတယ်။

မကောင်းဆိုးဝါးကောင်ဟာ အပ်လိုသေးငယ်ချွန်ထက်တဲ့ အရာနှင့်လည်း စူးခနဲဖြစ်အောင် ထိုးတတ်ပါတယ်။

ထိုင်နေရင်း အပ်နှင့်အထိုးခံရသလိုခံစားရတဲ့သူ လေးငါးယောက်ရှိတယ်။

ကျွန်တော်ကိုယ်တိုင်လည်း အပ်နှင့်ထိုးတာကို တစ်ကြိမ်ခံခဲ့ရပါတယ်"လို့ ဦးအောင်ဝင်းကပြောပြပါတယ်။

တစ်ခါမှာ နေ့ခင်းကြီးစကားပြောနေကြတုန်း ခြေထောက်အောက်က ဝါးလုံးရှည်ကို တဖြောဖြောနဲ့ လာဆွဲသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်နဲ့လိုက်ဖိတာတောင် မရဘူး။ ဝါးလုံးရှည်ကို မမြင်ရတဲ့တစ်စုံတစ်ယောက်က ဆွဲတဲ့အတိုင်း သူ့အလိုလိုသွားနေတယ်။

တစ်ခါကျတော့ ရေအပြည့်နှင့်သောက်ရေအိုးကြီး ဘယ်လိုကနေဘယ်လို ရောက်လာတယ်ဆိုတာ မတွေ့ရဘူး။ လူအုပ်ကြားထဲကျလာမှ သိရတယ်။

"ဗုန်း"ဆို လူအုပ်ကြားထဲ ကျလာတယ်။

ထူးခြားတာက လူတစ်ရပ်လောက်အမြင့်ကနေ ပြုတ်ကျတာ။ အသံကြီးသာကျယ်သွားတယ်။ ရေလုံးဝမဖိတ်ဘူး၊ ရေအိုးမကွဲဘူး၊ ဒီအတိုင်းတည်နေတယ်။

ခဲတွေနဲ့ အိမ်ကို တဗုန်းဗုန်းပစ်ပေါက်တာ။

ခေါင်မိုးမပေါက်ဘဲ အိမ်ကြမ်းပြင်ပေါ် ခဲလုံးတွေ တဒုန်းဒုန်းကျတာကတော့ နေ့စဉ်နေ့တိုင်းလိုပဲ။

လူကိုထိအောင်မှန်အောင်လည်း မလုပ်တော့ကြောက်စရာမကောင်းဘဲ၊ ပျော်စရာတောင်ကောင်းလာတယ်။

တစ်ရက်နေ့ခင်းအချိန်မှာ ကြမ်းပြင်ပေါ် ခဲတွေ တဒုန်းဒုန်းကျလာတယ်။

ခဲတွေက ဒညင်းသီးလောက်၊ အာလူးလောက်အရွယ်တွေ





အဲဒါ ဦးသောင်းက ကိုင်ထားတဲ့မြေဖြူခဲနဲ့ ကျလာတဲ့ခဲတွေကို လိုက်ဝိုင်းတယ်။

ပါးစပ်ကလည်း 'ချုပ်တယ်'၊ 'ချုပ်တယ်ကွာ' လို့ပြောတယ်။

ရောက်လာသမျှဆရာတွေက "ချုပ်လိုက်ပြီ" "ချုပ်တယ်" ဆိုတဲ့စကား အမြဲပြောတယ်။

ဦးသောင်းက ဆရာတွေပြောတဲ့အတိုင်း နောက်ပြောင်ပြီး လိုက်ပြောနေတာ။

တော်တော်လေးကြာတော့ အပေါ်ကခဲတွေ မကျတော့ဘူး။

အဲဒီ ချုပ်တယ်ကွာ၊ ချုပ်တယ်ကွာလို့ပြောပြီး မြေဖြူနဲ့ ...င်းထားတဲ့ခဲလုံးတွေက အလိုအလျောက် ထခုန်ပြီး တဒုန်းဒုန်း ...ကျနေတယ်။

အဲဒီအချိန်မှာပဲ လူတွေကြားထဲကို "ဂလွမ်း" "ဂလွမ်း" ...ပြီး မြင်းလှည်းမှာသုံးတဲ့ သံကြိုးကြီးကျလာတယ်။

ရုတ်တရက်ကြီးကျလာတာမို့ အားလုံးလန့်သွားတာပေါ့ ...င်မရပ်သွားဘူးဗျို့။

ကြည့်နေတဲ့မျက်စိရှေ့မှာပဲ ကျလာတဲ့ သံကြိုးကြီးက ...တစ်ယောက်က ခွေနေသလို တစ်ရစ်ချင်း၊ တစ်ပတ်ချင်း၊ ခွေပြ ...တယ်။ အံ့ရော ...." လို့ ဦးမြတန်ကပြောပြပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



"ထူးခြားတာတစ်ခုလည်း ကြုံရသေးတယ်" လို့ အစ်[...] အဘသောင်းက မှတ်မိလာတာကို ပြောပြပြန်ပါတယ်။

"ညညစောင့်အိပ်တဲ့သူတွေထဲမှာ ပတ္တလားတီးတတ်[...] သူပါတယ်။

တစ်ညကျ သူ့ဝါးပတ္တလားကြီး ယူလာတယ်။

ကာလသားတွေ အပျော်တီးကြပါစေလို့ ခွင့်ပြုလိုက်တ[...] ဆိုကြတီးကြနဲ့ တော်တော်ညနက်မှ အိပ်သွားကြတ[...]

သန်းခေါင်လောက်ကျတော့ ကျုပ်တို့ရော၊ ကာလ[...] တွေရော၊ အိပ်နေတဲ့သူတွေအားလုံး လန့်နိုးလာကြတယ်။

မနိုးလို့လည်း မရတော့ဘူးလေ။

နာနာဘာဝက ပတ္တလားလာတီးနေတာကိုး။

အကောင်အထည်မမြင်ရဘဲ ပတ္တလားတီးတဲ့ လက်[...] နှစ်ခုက ဝါးပတ္တပေါ်လျှောက်ပြီး တီးနေတာ ကြက်သီးထ[...] ကြီးဗျ ..."

**အိမ်တွင်းနတ်လည်း မကယ်နိုင်**

မကောင်းဆိုးဝါးကောင် ဝင်ရောက်နှောင့်ယှက်တဲ့[...] ဆက်နွယ်ပြီး ထူးခြားတဲ့ဖြစ်စဉ်တစ်ခုလည်း သာစုကန်ရွာမှာ[...] တယ်။





အဲဒါက ဦးအောင်မြ(အမည်လွှဲပြောင်းထားပါတယ်)ရဲ့ [...]ကြောင်းပါ။

သူက နတ်တွေကိုယုံတယ်၊ ကိုးကွယ်တယ်။

အိမ်ရှင်ဦးမောင်ကျော်တို့မိသားစု ပြောင်းတဲ့အိမ်ဝိုင်းကို [...]ကောင်းဆိုးဝါးကောင် လိုက်ပြီးနှောင့်ယှက်တယ်ဆိုတာသိတော့ [...]မ်မှာလာနေကြဖို့ ဦးအောင်မြကခေါ်တယ်။

သူတို့အိမ်က အိမ်တွင်းနတ်က မကောင်းဆိုးဝါးကောင် [...]ကို လက်ခံမှာမဟုတ်ဘူး၊ နှိမ်နင်းပစ်မယ်လို့လည်း သူ [...]ကြည်ထားတယ်။

ဒါပေမယ့် ဖြစ်နေတာက ဒီမကောင်းဆိုးဝါးကို ဘယ်သူ [...]ထိန်းချုပ်နိုင်ဘူး၊ မနှိမ်နင်းနိုင်ဘူး။

ဦးမောင်ကျော်တို့မိသားစု ဦးအောင်မြအိမ်ရောက်တာနဲ့ [...]င်းဆိုးဝါးကောင်က ထပ်ချပ်မကွာ လိုက်လာတယ်။

ခဲတွေနဲ့ပေါက်တယ်၊ နှောင့်ယှက်တယ်။

ဦးအောင်မြလည်း နတ်တွေကို စိတ်ဆိုးသွားတယ်။

မကောင်းဆိုးဝါးကောင် မနိုင်တဲ့နတ်၊ ဘာလို့ကိုးကွယ် [...]လည်းဆိုပြီး အိမ်တွင်းစင်ပါဖြုတ်ပြီး လွှင့်ပစ်လိုက်တယ်။

အဲဒီအချိန်ကစပြီး ဦးအောင်မြနတ်မကိုးကွယ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အချိန်အထိလည်း အိမ်တွင်းအုန်း မဆွဲတော့ဘူး”

သရဲက ပြောင်းတဲ့နေရာတိုင်းလိုက်ပြီး နှောင့်ယှက်နေတာကြောင့် ဦးမောင်ကျော်တို့မိသားစုလည်း သုံးအိမ်ပြောင်းပြီးတာနဲ့ နောက်ဆုံးမှာ ကိုယ့်အိမ်ကိုယ်ပဲ ပြန်လာနေရတဲ့ဘဝ ရောက်သွားတယ်။

မကောင်းဆိုးဝါးကောင်နှိမ်နင်းခံရခြင်း

မကောင်းဆိုးဝါးကောင်ဟာ ဦးမောင်ကျော်တို့မိသားစုကို (၄)လလောက်ကြာတဲ့အထိ ရည်ရွယ်ချက်ရှိရှိ အတိုက်အခိုက် အနှောင့်အယှက်အမျိုးမျိုး လုပ်နေခဲ့ပါတယ်။

အဲဒီနောက်မှာ အထက်လမ်းဆရာကြီးတစ်ယောက်နဲ့ သူ့တပည့်တစ်ယောက် သာမုကန်ရွာကို ရောက်လာကြတယ်။

သူတို့က ချောင်းဆုံမြို့နယ်၊ ကွမ်းသဲရွာကနေလာကြတာလို့ပြောတယ်။

ဒီဆရာကြီးရဲ့ပညာက အစွမ်းထက်တယ်လို့ ဆိုရမယ်။

သူတို့ရှင်းမှပဲ မကောင်းဆိုးဝါးကောင်ကြီး ထွက်ပြေးသွားတယ်။

ဒီတောင် တစ်လလောက် အချိန်ယူရတယ်။

ဒီကြားထဲမှာ မကောင်းဆိုးဝါးနာနာဘာဝနဲ့ အထက်လမ်း





ဆရာတို့ ပညာပြိုင်ကြတယ်တဲ့။

မကောင်းဆိုးဝါးကောင်ဟာ ဆရာကြီးကို ရန်ပြုလို့ မရတာနဲ့ တပည့်ဖြစ်သူကိုမင်းလွင်ကို အန္တရာယ်ပေးတယ်။

တစ်နေ့ ကိုမင်းလွင် သာမုကန်တောထဲက လမ်းလျှောက်သာတုန်း ...

ကျွဲနက်ကြီးတစ်ကောင်က ရှေ့တည့်တည့်ကနေ လမ်းပိတ်း ရပ်နေတယ်။

ကျွဲနက်ကြီးက နည်းတဲ့ကောင်ကြီးမဟုတ်ဘူး။

သန်မာတောင့်တင်းပြီး ချိုကားကားကြီးတွေကလည်း ာ့ပျံနေတယ်။

ကျွဲနက်ကြီးက ကိုမင်းလွင်ကိုတွေ့လိုက်တာနဲ့ တဟုန်ထိုး လာပြီး ချိုကြီးနှင့်ခပ်ဗစ်လိုက်တယ်။

ကိုမင်းလွင် လေထဲလွင့်သွားတယ်။ ဆူးခြုံပေါ် သွားတင် ယ်။

ကျွဲနက်ကြီးကတော့ ရှ ်ချင်းပဲ ပျောက်ကွယ်သွားတယ် ဆိုပါတယ်။

ကိုမင်းလွင်ဟာ ကျွဲခတ်ခံရတဲ့ဒဏ်ရာတွေကို တစ်လလောက် လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးကောင်က ကျွဲယောင်ဆောင်ပြီး တိုက်ခိုက်သလို ...

အထက်လမ်းဆရာကြီးကလည်း သူ့ရဲ့ထူးခြားတဲ့ပညာစွမ်းတွေနှင့် တုန့်ပြန်တိုက်ခိုက်ပါတယ်။

ထူးခြားတာက ဆရာကြီးဟာ ရွာထဲကိုလုံးဝမဝင်ဘဲ ပုညသင်္ဂဟကျောင်းမှာပဲ တည်းခိုနေထိုင်ခြင်းပါ။

အခင်းဖြစ်တဲ့ ဦးမောင်ကျော်ရဲ့အိမ်ကိုလည်း လုံးဝမသွားပါဘူး ...။

နာနာဘာဝအပေါ် နှိမ်နင်းတိုက်ခိုက်တဲ့အစီအရင်ကို တည်းခိုတဲ့နေရာကပဲ ပြုလုပ်ပါတယ်။

သူ့မှာ အထက်လမ်းပညာနဲ့ စီရင်ထားတဲ့ ကျောက်ဖြူကျားရုပ်လေးတစ်ရုပ် ပါလာတယ်။

ညဦးပိုင်းမှာ ဆရာကြီးဟာ ဂါထာမန္တယားတွေရွတ်ပြီး ကျားရုပ်ကို အသက်သွင်းတယ်။

မကောင်းဆိုးဝါးကောင်ကို သွားပြီးနှိမ်နင်းနိုင်းတယ်လို့ ကိုယ့်တွေ့ကြုံသူတစ်ဦးက ပြောပြပါတယ်။

"ဆရာကြီးက ဂါထာတွေ ဘာတွေရွတ်ပြီးတာနဲ့ ကျားရုပ်လေးကို စင်မြင့်ပေါ်တင်လိုက်တယ်။





ပြီးတော့ ကျွန်တော်တို့နဲ့အတူတူ ရေနွေးကြမ်းထိုင်သောက် စကားပြောကြတယ်။

ကျွန်တော်တို့ သတိရလို့ကြည့်လိုက်တော့ ကျားရုပ်လေးမရှိတော့ဘူး။

"ဆရာကြီး ကျားရုပ်လေးပျောက်သွားပြီ" လို့ ကျွန်တော်တို့က ပြောတော့ ...။

"အေး ... အေး ဟုတ်တယ် သူ့အလုပ် သူသွားလုပ်နေတာပါ၊ အလုပ်ပြီးရင်ပြန်လာမှာပါ" လို့ ပြောတယ်။

ကျွန်တော်တို့လည်း စကားဆက်ပြောနေကြတယ်။

ညသန်းခေါင်ကျော်လောက်၊ သတိရလို့ကြည့်လိုက်တော့ ကျားရုပ်လေး သူ့နေရာသူ ပြန်ရောက်နေတယ်။

ကျွန်တော်တို့စကားပြောနေတဲ့အခန်းထဲကို ဘယ်သူမှ ဝင်တာထွက်တာ မရှိဘူး။

ကျားရုပ်လေး သူ့အလိုလိုပျောက်သွားတာ၊ ပြန်ရောက်လာတာတွေကလည်း အံ့သြဖို့ကောင်းတဲ့ပညာရပ်ပါ။

အဲဒီနောက်ပိုင်းမှာ မကောင်းဆိုးဝါးကောင်ရဲ့အတိုက်အခိုက် အနှောင့်အယှက်တွေ တစ်နေ့ထက်တစ်နေ့ လျော့ပါးလာတယ်။

တစ်လလောက်ကြာတော့ လုံးဝကင်းရှင်းသွားလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အထိ ပြန်ဖြစ်မလာတော့ဘူး။

ဆရာကြီးဟာ မကောင်းဆိုးဝါးနာနာဘာဝကောင်ကို နှိမ်နင်းပြီးတာနဲ့ သူ့ရပ်ရွာကိုပြန်သွားပါတယ်။

သူမသွားခင်မှာ ဒီပရောဂ အနှောင့်အယှက်ပြုလုပ်တဲ့ မကောင်းဆိုးဝါးကို သူ့ရဲ့အထက်လမ်းပညာရပ်နဲ့ အပြီးတိုင် နှိမ်နင်းခဲ့တာ ဖြစ်တဲ့အကြောင်းကို သစ္စာဆိုသွားတယ်လို့ အဘသောင်းက ပြောပြပါတယ် ...။

ဦးမောင်ကျော်ရဲ့ အိမ်မှာဖြစ်ပွားတဲ့ ထူးခြားအံ့မခန်းဖြစ်ရပ်ဆန်းနှင့်ပတ်သက်ပြီး စာရေးသူ သိချင်တဲ့အချက်တစ်ချက်ရှိပါတယ်။

အဲဒါကတော့ ...

"ဦးမောင်ကျော်ရဲ့အိမ်ကိုမှ မကောင်းဆိုးဝါးကောင်ဘာကြောင့် ရောက်လာရလဲ" ဆိုတဲ့အကြောင်းပါ။

ဒီအကြောင်းနဲ့ပတ်သက်တဲ့ စာရေးသူရဲ့မေးခွန်းကိုတော့ ဘယ်သူမှ အဖြေမပေးနိုင်ကြပါဘူး။

ဆရာကြီးကိုယ်တိုင်ကလည်း ဒီအကြောင်းကိုပြောပြခြင်း မရှိဘူးလို့ သိရပါတယ်။

ဆရာကြီးရဲ့တပည့်ရင်း ကိုမင်းလွင်ဟာ ဖြစ်စဉ်ရဲ့နောက်ပိုင်း သာမုကန်ရွာမှာပဲ အခြေချနေထိုင်ခဲ့ပေမယ့် ...





ဒီစာမူကို စာရေးသူရေးသားနေတဲ့အချိန်မှာ ဦးမင်းလွင်မရှိတော့ပါဘူး။

လွန်ခဲ့တဲ့လအနည်းငယ်ကပဲ ကွယ်လွန်သွားပြီလို့ သိရပါတယ်။

ဒီကြောင့် စာရေးသူ သိချင်သမျှအားလုံးကို မေးမြန်းခွင့်မရခဲ့ပါဘူး ...။

ဒါပေမယ့် ...

စာရေးသူလေ့လာတွေ့ရှိသမျှ ဒီလိုဖြစ်စဉ်ဖြစ်ရပ်တိုင်းမှာ (ပုဏ္ဏကတိုက်တယ်လို့ပဲ ပြောကြပါစို့) အချက်နှစ်ချက်ကို မူတည်ပြီး ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရပါတယ်။

ပထမအချက်က ပုဂ္ဂိုလ်ရေး၊ စီးပွားရေးအရ မလိုလားသူ တစ်စုံတစ်ယောက်က အောက်လမ်းဆရာ အောက်လမ်းပညာသည်နှင့်ပေါင်းပြီး တစ္ဆေသရဲ နာနာဘာဝကို ခိုင်းစေ တိုက်ခိုက်ခိုင်းတာ။

နောက်ဆုံးအချက်ကတော့ အတိတ်ဘဝဟောင်းက ကုသိုလ်ကံကြွေး၊ ကတိကြွေးတွေကျန်ခဲ့လို့၊ ဘဝဟောင်းက ကြွေးရရန်ရှိသူ မမြင်ရတဲ့ပုဂ္ဂိုလ်က ကျေးဆပ်အောင်၊ ပယောဂအနှောင့်အယှက်တွေနဲ့ သတိပေးတာရယ်လို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချက်နှစ်ချက်ထဲက ဘယ်အချက်ကြောင့် ဖြစ်ရတာလည်းဆိုတာကိုတော့ ခုချိန်မှာ ဘယ်သူမှတိတိကျကျ သိနိုင်မှာမဟုတ်တော့ပါဘူးလို့ စာရေးသူထင်မြင်မိပါတယ်။

(ကိုယ်တွေ့ အဖြစ်အပျက်များပြောပြခဲ့သည့် ရွှေပြည်သာမြို့နယ်၊ သာခုကန်ရွာမှ သာမုဆံတော်ရှင်ဘုရား ဂေါပကဥက္ကဋ္ဌ ဦးသောင်းနှင့် အဖွဲ့ဝင်ဦးမြဟန်၊ ဦးအောင်ဝင်းတို့အား ကျေးဇူးအထူးတင်ရှိပါသည်)



# ကြေးနောင်ကုန်းက ကျိန်စာဆိုး

"ငါ့ယောက်ျားကို သတ်တဲ့အကောင်
ငါတို့နေတဲ့နေရာကို ဖျက်ဆီးပစ်တဲ့ကောင်
သေပါစေ၊ အသေဆိုးနဲ့သေပါစေ"
အိပ်မက်ထဲမှာ အသဲအသန် ငိုကြွေးနေတဲ့
မိန်းမတစ်ယောက်က လှထွန်းကို
လက်ညှိုးထောက်ထောက်ထိုးပြီး ကျိန်စာတိုက်နေတယ်။
ကျိန်စာတိုက်နေတဲ့ မိန်းမကြီး
သူ့ကိုကြည့်နေတဲ့ပုံက
ကမ္ဘာအဆက်ဆက်က မုန်းတီးခဲ့တဲ့အတိုင်းပဲ။
ရင်ထဲ အသဲထဲကို နာနာကြည်းကြည်း
ဆဲဆိုရေရွတ် ကျိန်စာတိုက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ကြောက်စရာကောင်းတဲ့ ကြေးနောင်ကုန်း

"ကျောက်ကုန်းမြေ"

ကျောက်၊ တစ္ဆေ သရဲတွေ၊ ဥစ္စာစောင့်၊ နာနာဘာဝတွေ နေတဲ့မြေ။

ကျောက်ကုန်းမြေထဲရောက်တာနဲ့ ဘယ်သူမှ မခန့်လေးစား လုပ်လို့မရဘူး။

မခန့်လေးစား၊ အမှားအယွင်းတစ်ခုခု လုပ်မိတာနဲ့ နာနာဘာဝတွေရဲ့ ဒဏ်ခတ်တာကို ခံရမှာ မလွဲမသွေပဲ။

အပြစ် အကြီးအသေးအလိုက် ဖျားမယ်၊ နာမယ်၊ ဒဏ်ရာရမယ်။

အဲ့ဒီလိုဖြစ်တာနဲ့ အမြန်သာ သွားတောင်းပန်ပေတော့။

တောင်းပန်တာနှောင့်နှေးနေလို့ကတော့ အသက်ကိုပါ နှုတ်ယူသွားလိမ့်မယ်။

ဒါကြောင့်လည်း ကျောက်ကုန်းမြေမှာ လယ်လုပ်တဲ့ လယ်သမားတိုင်း ကျောက်တွေကို လယ်ဝင်တစ်ခါ၊ လယ်ထွက်တစ်ခါ တင်ရ မြှောက်ရတယ်။

လယ်ပိုင်ရှင်၊ သူရင်းငှားကအစ ကျွဲ နွားအဆုံး ဘေးအန္တရာယ်မဖြစ်အောင် စောင့်ရှောက်ပေးဖို့။





အမှားအယွင်း ရှိခဲ့ရင်လည်း သည်းခံခွင့်လွှတ်ပေးဖို့ တောင်းပန်တိုးလျှိုးကြရတယ်။

ဒီလို တင်မြှောက်ပသတိုင်း ကျောက်ကုန်းမြေမှာ ရှိရှိသမျှ နာနာဘာဝအားလုံးကို ကြေးမောင်းလေး တနောင်နောင်တီးပြီး ဖိတ်ရ ပင့်ရတယ်။

ဒါကြောင့် ကျောက်ကုန်းမြေ နာမည်ပျောက်ပြီး ကြေးနောင်ကုန်းဖြစ်လာတာ။

ဒီလို ထိတ်လန့်စရာ၊ ကြောက်စရာ ကောင်းလွန်းလို့လည်း ကြေးနောင်ကုန်းမှာ ဘယ်သူမှ အမှားအယွင်းမလုပ်ရဲဘူး။

စော်ကားမော်ကား မပြုရဲဘူး။

လှထွန်းလည်း ဒီအကြောင်းကိုသိတယ်။

သိပေမယ့် အယုံအကြည်တော့ သိပ်မရှိလှဘူး။

ဒါကြောင့်လည်း လှထွန်း၊ မလုပ်သင့်တာလုပ်လိုက်တယ်။

ကြေးနောင်ကုန်းထဲက မအူပင်ကြီးတစ်ပင်ဝယ်ပြီး လှဲဖို့လုပ်တယ်။ ပျဉ်ခွဲဖို့ကြံတယ်။

မအူပင်လှဲပြီး ပျဉ်ခွဲမယ့်လှထွန်းရဲ့အကြံကို လူတော်တော်များများ ဝိုင်းတားကြသေးတယ်။

ဒါပေမယ့် လှထွန်း ဘယ်သူ့စကားမှ နားမဝင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

မအူပင်ကြီးကို ခုတ်တယ်။

နေ့တစ်ဝက်လောက်ခုတ်တော့မှ မအူပင်ကြီး လဲကျသွားတယ်။

လဲကျသွားတဲ့အချိန်မှာ သစ်ဘီးလူးတစ်စ လွင့်လာပြီး လှထွန်းပေါင်ကို လာစိုက်တယ်။

သစ်ဘီလူးဆိုတာက သစ်ခုတ်သမားတိုင်း ကြောက်ရတဲ့အရာ။

သစ်ပင်ကြီးလဲပြိုကျတဲ့အခါ အရှိန်ပြင်းပြင်း လွင့်စင်ပဲ့ထွက်သွားတဲ့ သစ်အပိုင်းအစတစ်ခုပါ။

အဲ့ဒီ သစ်ဘီလူးအစက လှထွန်းရဲ့ပေါင်ကို ထုတ်ချင်းပေါက်သွားတယ်။

**ဖိတ်လန့်ခရာကျိန်စာ**

"ငါ့ယောက်ျားကို သတ်တဲ့အကောင်
ငါတို့နေတဲ့နေရာကို ဖျက်ဆီးပစ်တဲ့ကောင်
သေပါစေ ... အသေဆိုးနဲ့သေပါစေ"

အိပ်မက်ထဲမှာ အသည်းအသည် ငိုကြွေးနေတဲ့ မိန်းမတစ်ယောက်က လှထွန်းကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ကျိန်စာတိုက်နေတယ်။





ကျိန်စာတိုက်နေတဲ့မိန်းမကြီး သူ့ကိုကြည့်နေတဲ့ပုံက ကမ္ဘာအဆက်ဆက်က မုန်းတီးခဲ့တဲ့အတိုင်းပဲ။

ရင်ထဲအသဲထဲကကို နာနာကြည်းကြည်း ဆဲဆိုရေရွတ်ကျိန်စာတိုက်နေတယ်။

ဘယ်လိုက ဘယ်လို ရောက်သွားတာလဲ မသိဘူး။

ကြောက်စရာအိပ်မက်ဆိုးတွေကို တစ်ကွက်ပြီး တစ်ကွက်မြင်မက်နေတယ်။

မိန်းမကြီးရဲ့မျက်နှာက သရဲတစ်ကောင်ရဲ့ မျက်နှာလိုဖြစ်သွားတယ်။

ရှုပ်ပျက်ဆင်းပျက်မျက်နှာကြီး၊ သွေးတွေကလည်း အလိမ်းလိမ်းနဲ့။

လှထွန်း ကြောက်လန့်တကြား အော်ဟစ်လိုက်တယ်။

အသံနက်ကြီးနဲ့ သူ့ရဲ့အော်သံက ဆေးရုံတစ်ခုလုံး ပုံးသွားတယ်။

တာဝန်ကျဆရာမအချို့နဲ့ လူနာစောင့်အချို့ သူ့ကုတင်ဆီပြေးလာကြတယ်။

မျက်လုံးပြူးကြီးနဲ့၊ ချွေးတွေ ရွဲနစ်နေတဲ့ လှထွန်းကိုတွေ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



လှထွန်းရဲ့အကြည့်တွေက ကြောင်တောင်တောင် ဖြစ်နေတယ်။

သာမန်လူတစ်ယောက်ရဲ့ ပုံမှန်အကြည့်မျိုး မဟုတ်ဘူး။

တစ်စုံတစ်ယောက်ကို အလွန်အမင်း ကြောက်ရွံ့နေတဲ့ပုံပဲ။

ခဏနေတော့မှ လှထွန်း စိတ်တွေပြန်ငြိမ်သွားတယ်။

ဒီတော့မှ အိပ်မက်ဆိုးကြောင့် လန့်အော်တယ်ဆိုတာ သိကြရတယ်။

လှထွန်း တစ်ညလုံးအိပ်လို့မရတော့ဘူး။

အိပ်မက်ထဲက မိန်းမကြီးရဲ့ဒေါသအမုန်းတွေနဲ့ ကျိန်စာတိုက်သံတွေ။

သွေးတွေ အလိမ်းလိမ်းပေကျံနေတဲ့ ကြောက်စရာမျက်နှာကြီးကိုပဲ ဖျောက်ဖျက်မရအောင် မျက်လုံးထဲမှာ စွဲထင်နေတယ်။

ဒါပေမယ့် အိပ်မက်ဆိုးအကြောင်း သူ ဘယ်သူ့ကိုမှ မပြောပြဘူး။

နောက်တစ်နေ့ညနေ နေဝင်ရီတရောအချိန်မှာ သူ့မိန်းမ မစန်း အူယားဖားရားနဲ့ ဆေးရုံကိုရောက်လာတယ်။

ညနေက အိမ်မှာဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကို မစန်းက ပြောပြတယ်။





ညနေစောစောက မစန်းနဲ့ အိမ်နီးချင်းမိန်းမတွေ လှထွန်း သစ်ဘီလူးမှန်တဲ့ကိစ္စ ထိုင်ပြောနေကြတုန်း မိန်းမတစ်ယောက် မိုင်းခနဲ လဲကျသွားတယ်။

ခြေမချိုးသူချိုး၊ နှာနှပ်သူနှပ်၊ ယပ်ခတ်သူခတ်လုပ်မှ ပြန်သတိရလာတယ်။

ဒါပေမယ့် အဲဒီမိန်းမရဲ့ အကြည့်တွေက တစ်မျိုးကြီး။

အသံကလည်း သေးသေးစူးစူးနဲ့၊ ပင်ကိုယ်အသံ မဟုတ်တော့ဘူး။

"ငါတို့နေတဲ့သစ်ပင်ကို မခုတ်လှဲပို့ ငါ့ ငါ့ယောကျ်ားက အမျိုးမျိုး တောင်းပန်တယ်။

တောင်းပန်တဲ့ကြားက အတင်းခုတ်လို့ ငါ့ယောကျ်ားကိုပါ ခုတ်မိသွားတယ်။

ငါ့ယောကျ်ား အသေဆိုးနဲ့သေသလို နင်လည်း အသေဆိုးနဲ့ သေရမယ်တဲ့"လို့ ကြုံးဝါးတယ်တဲ့။

'တော်မအူပင်ကို ခုတ်လိုက်တာ မအူပင်မှာနေတဲ့ကျတ်တွေကို ထိခိုက်သွားတယ်နဲ့တူတယ်။

ဒါကြောင့် တော့်ကိုလည်း ဘေးဖြစ်အောင် လုပ်တာနဲ့ တူတယ်'



www.burmeseclassic.com

www.burmeseclassic.com



လှထွန်း ငိုင်ကျသွားတယ်။

ညက သူမက်တဲ့ အိပ်မက်ဆိုး၊ အိမ်နီးချင်းမိန်းမကို ကျတ်ဝင်ပူးတယ်ဆိုတဲ့ကိစ္စ။

အမှန်တကယ်လား။ တိုက်ဆိုင်မှုလား။

သူအမျိုးမျိုး စဉ်းစားပေမယ့် ဝေခွဲလို့မရဖြစ်နေတယ်။

နောက်ဆုံး ကျတ်ကုန်းမြေဆိုတာကို မယုံကြည်တာ။

ကြေးနောင်ကုန်းကို အလေးအနက်မထားတဲ့စိတ်တွေက သူ့ကို အနိုင်ယူသွားတယ်။

အိပ်မက်ထဲက မိန်းမကြီးရဲ့ ကျိန်စာတွေဟာ ကြေးနောင်ကုန်းက ကျိန်စာဖြစ်ခဲ့ရင်တောင် အသက်နဲ့အဝေးကြီးလို့ သူတွေးလိုက်တယ်။

ဒါကြောင့်လည်း "တောကျွေးရအောင်" ဆိုတဲ့ မစန်းရဲ့ စကားကို ခါးခါးသီးသီး ငြင်းလိုက်တယ်။

"တောကျွေးမယ့် ကြက်ဖိုကြက်မ ဝီချက်ကျွေး၊ တော အရက်လည်း ဝီပဲတိုက်၊

သူတို့ ဘယ်လိုလုပ်လုပ် ဒီအဏ်ရာလောက်နဲ့တော့ ဖီမသေ နိုင်ဘူး" လို့ ပြောလိုက်တယ်။





အသက်ပြင်းတဲ့ လှထွန်း

လှထွန်းက အသက်သိပ်ပြင်းတယ်။

တစ်ခါတုန်းက မြန်မာ့ကြိမ်တွေ နိုင်ငံခြားကိုအိပ်စ်ပို့ လုပ်ကြတယ်တဲ့။

ပဲခူးရိုးမနဲ့နီးတဲ့ ကညွတ်ကွင်းကို ကြိမ်အဝယ်ဒိုင်တွေ ရောက်လာတယ်။

ဈေးကောင်းပေးပြီး ကြိမ်တွေဝယ်တယ်။

လှထွန်းလည်း ကြိမ်ခုတ်ဖို့ အပေါ်အပေါင်းတွေနဲ့ တောင်ပေါ်တက်ခဲ့တယ်။

ကြိမ်ဆိုတာက တောင်ခါးပန်းတွေမှာ အပေါက်အရောက် များတယ်။

တောင်မြင့်လေ၊ ချောက်နက်လေ၊ ကြိမ်ကောင်းရလေပဲ။ လှထွန်းက တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်လူစားမျိုး။

တောင်ဘယ်လောက်မြင့်မြင့်၊ ချောက်ဘယ်လောက်နက်နက် တက်တယ်၊ ဆင်းတယ်၊ ကူးတယ်။

"ယောကျ်ားဆိုတာ လုပ်စရာရှိတာ ရဲရဲဝံ့ဝံ့လုပ်ရမယ်၊ အန္တရာယ်ကိုတွေးပြီး ကြောက်နေဖို့မလိုဘူး" လို့ သူ့စိတ်ထဲမှာ ခံယူထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြောင့်လည်း သူတောင်ပေါ်က ပြုတ်ကျခဲ့တာဖြစ်မယ်။

တစ်ရက်မှာ တောင်ထိပ်ကနေ ချောက်ထဲဆင်းသွားတဲ့ ကြိမ်နွယ်ကိုဖြတ်ရမှာ နှမြောတာနဲ့ အစအဆုံးရအောင် ချောက်ထဲထိ ဆင်းသွားလိုက်တယ်။

အဲ့ဒီမှာ ခြေချော်ပြီး ပြုတ်ကျတာပဲ။

"ရုပ်ရှင်အနှေးကွက်ပြနေသလိုပဲ လှုထွန်း တောင်ပေါ်က ပြုတ်ကျသွားတာကို မြင်နေကြရတယ်။

ဖောက်ထိုးမိုးမျှော်၊ ဒလိမ့်ခေါက်ကွေး ပြုတ်ကျနေတာ၊ သွားပြီ လှုထွန်းတော့ အရိုးအသားရှာမရတော့ဘူးလို့ ထင်မိကြတယ်။

ဒီနဲ့ ပြေးသွားကြတယ်။

ဟိုရောက်တော့ လှုထွန်းက ဖုတ်ဖုက်ခါပြီး ထလာတယ်။

"တော်သေးတယ်၊ ငါ့ဘာမှမဖြစ်ဘူး" လို့လည်း ပြောသေးတယ်။

တောင်ပေါ်က ကျကျချင်းသေ၊ သူသေတာနဲ့ မကောင်းဆိုးဝါးဖုတ်ကတာန်းဝင်၊

ဒီလိုဖုတ်ဝင်ပြီး ထလာတာလို့တောင် သူနဲ့အတူသွားသူတွေက ထင်ကြတယ်။





ပြီးတော့ ကြိမ်ဆူးခြစ်တာလား၊ သစ်ငုတ်ထိုးတာလား သိဘူး။

ကျောပြင်မှာ တစ်ထွာလောက် ကွဲပြဲနေတဲ့ဒဏ်ရာကြီး နှစ်ခုက သွေးတွေရွဲနေတယ်။

အဆီတွေ၊ အသားတွေအောက်မှာ အရိုးတွေတောင် မြင်နေရတယ်။

ဒါကို "ငါဘာမှမဖြစ်ဘူး" တဲ့လေ။

သူ့နေရာမှာ တစ်ခြားလူသာဆို တောင်ပေါ်က ပြုတ်ကျလို့မသေတောင်၊ စောင်ပုခက်နဲ့ထမ်းပြီး မြို့ပြန်သယ်ရမှာ။

လှုထွန်းကတော့ ဒဏ်ရာကိုလည်း အမှုမထားဘူး။

သူ့ကြိမ်စည်း သူထမ်းပြီး ကညွှတ်ကွင်းအရောက် သမ်းလျှောက်ပြန်တယ်။

သူက အဲ့ဒီလို ပေတဲ့တေတဲ့၊ ခံနိုင်ရည်ရှိတဲ့လူ၊ အသက်ပြင်းတဲ့လူ ...။

နောက်တစ်ကြိမ်ကျတော့လည်း တကယ့်သေပေါက်။

ပဲခူးရိုးမပေါ်မှာ သစ်ခုတ်ရင်း သစ်ပင်ကလည်ပြီး သူ့အပေါ်ပိတာ။

အရှောင်ကောင်းလို့ ခေါင်းကိုပဲ အဖျားခတ်မိသွားတယ်။

www.burmeseclassic.com



ခေါင်းခွံအက်သွားတယ်၊ ဦးနှောက်ထဲ သွေးရောက်သွားတယ်။ ရန်ကုန်ဆေးရုံကြီးမှာ အကြီးစားခွဲစိတ်မှုလုပ်ရတယ်။

ကညွတ်ကွင်းဆေးရုံက မနိုင်လို့၊ ဖြူးဆေးရုံကို လွှဲတယ်။

ဖြူးက တောင်ငူကိုလွှဲတယ်။

တောင်ငူကထပ်ပြီး ရန်ကုန်ဆေးရုံကြီးကို လွှဲပြန်တယ်။

သတိမေ့နေတာလည်း နှစ်ရက်သုံးရက်၊

လူတိုင်းက လှထွန်းသေမှာပဲ ထင်ကြတယ်။

လှထွန်းအခြေအနေကလည်း ဆိုးသထက်ဆိုးလာတယ်။

နေ့ သမလား၊ ညသေမလားတွေးပြီး စောင့်နေကြရတယ်။

ဒီလိုနဲ့ အရက်နှစ်ဆယ်ကျော်ကျော်ကြာတော့ လှထွန်း ကညွတ်ကွင်း ပြန်ရောက်လာတယ်။

ခေါင်းကဒဏ်ရာလည်း လုံးဝပျောက်သွားပြီ။

သူ့အလောင်းကို ဘယ်နေ့ပြန်သယ်လာမလဲလို့ နေ့စဉ်နေ့တိုင်း တွေးနေတဲ့ရပ်ကွက်ထဲကလူတွေအားလုံး အံ့အားသင့်ကုန်ကြတာပေါ့။

သူ့ကိုလည်း ဖိုးသက်ပြင်းဘွဲ့ ပေးလိုက်ကြတယ်။

ဒီလို ကျိန်းသေပေါက်သေမယ့် ဘေးဆိုးတွေကနေ လွတ်





လာတဲ့လှထွန်း။

ခုလည်း ပေါင်ကို ထုတ်ချင်းပေါက် သစ်ဘီလူးမှန်ပြန်ပြီ။

ကြေးနောင်ကုန်းက မကောင်းဆိုးဝါးကောင် ဘယ်လိုပြောပြော လှထွန်း ဂရုမစိုက်ဘူး။

သူ့ကို ဘယ်လောက်သေအောင် သတ်ချင်သတ်ချင် လှထွန်း သေမှာမဟုတ်ဘူး။

အားလုံးက ဒီလိုပဲ ယုံကြည်ခဲ့ကြတယ်။

သူတို့ယုံကြည်တဲ့အတိုင်းပဲ လှထွန်းပေါင်ဒဏ်ရာကလည်း တဖြည်းဖြည်း သက်သာလာတယ်။

နှစ်ပါတ်လောက်ကြာတော့ လှထွန်း ခြေထောက်ထောက်နိုင်လာတယ်၊ ဒါကြောင့် ဆေးရုံက ဆင်းလိုက်တယ်။

အနာကတော့ ရှင်းရှင်းမပျောက်သေးဘူး။

ဒီလို အနာပျောက်ဖို့ခဲယဉ်းနေတာ၊ ရောဂါ တာရှည်နေတာ၊ ကြေးနောင်ကုန်းက ကျွတ်တွေကို မတောင်းပန်လို့ပဲဖြစ်မယ်။

လှထွန်းမိန်းမ မစန်းက အဲဒီလိုတွေးတယ်။

ဒါကြောင့် ကြေးနောင်ကုန်းမှာ အကျွေးအမွေးနဲ့ တောင်းပန်ဖို့ လှထွန်းကိုပြောတယ်။

ဒီတစ်ခါတော့ လှထွန်းခွင့်ပြုလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ မတောင်းပန်ဘူး။ နင် တောင်းပန်ချင် တောင်းပန်" လို့ မစန်းကိုပြောတယ်။

ဘာပဲဖြစ်ဖြစ် ဒီလောက်ခွင့်ပြုရင်ပဲမဆိုးဘူး။

မစန်း ကြက်ဖိုကြက်မ အမြန်ရှာတယ်၊ ချက်အရက်တစ်လုံး ဝယ်တယ်၊ ထမင်း၊ ဟင်းချက်တယ်။

ပြီးတာနဲ့ တောင်းထဲထည့် ဌက်ပျောရွက်ဖုံးပြီး ဦးမောင်တင့်လက် အပ်လိုက်တယ်။

ဦးမောင်တင့်ဆိုတာက ကြေးနောင်ကုန်းနဲ့မတ်သက်ပြီး သိကျွမ်းနားလည်သူ။

ကျတ်တွေ၊ နာနာဘာဝတွေကို ပူဇော်ပသတဲ့အခါ တောင်းပန်တိုလှုံးတဲ့အခါတွေမှာ ဦးမောင်တင့်ကို အားထားရတယ်။

သူ့အတွက် သောက်ဖို့စားဖို့ နည်းနည်းပါးပါးပေးရင် ရတယ်။

ဦးမောင်တင့် ကျတ်ကျွေးဖို့ ထမင်းဟင်းတွေထည့်ထားတဲ့ တောင်းကိုထမ်းပြီး ကြေးနောင်ကုန်းဘက်ထွက်သွားတယ်။

ဒီတော့မှပဲ မစန်းလည်း သက်ပြင်းကို ဟင်းခနဲချပြီး စိတ်ဖြောင့်လက်ဖြောင့် ရှိသွားတော့တယ်။





ခုနှ်းပေါက်သွားတဲ့ တောကျွေးပွဲ

တောကျွေးမယ့်တောင်းကိုထမ်းပြီး ဦးမောင်တင့်သွားတယ်။

ခါးမှာလည်း ဓားမတစ်ချောင်း ထိုးထားတယ်။

ဓားမက တောကျွေးမယ့်နေရာက မြက်ပင်၊ ပေါင်းပင် တွေကိုရှင်းဖို့။

ဦးမောင်တင့် ရွာလယ်လမ်းမကြီးကနေ အနောက်ဘက် လမ်းသွယ်လေးတစ်ခုထဲ ချိုးကွေ့ဝင်တယ်။ အဲ့ဒီကမှ ကန်သင်း ရိုးတွေအတိုင်း ကြေးနောင်ကုန်းဘက်ကိုသွားတယ်။

ဦးမောင်တင့် တောင်းတစ်လုံးထမ်း၊ ဓားမတစ်ချောင်း ခါးထိုးသွားတာမြင်ရင် တောကျွေးတော့မယ်ဆိုတာ အားလုံးသိတယ်။

တောကျွေးရင် အနည်းဆုံးဆန်တစ်ပြည်ချက်၊ ကြက်ဖို၊ ကြက်မ ငါးဆယ်သားကောင်နှစ်ကောင်နဲ့ အရက်တွေပါရတယ်။

တောကျွေးတာက နည်းနည်းပိုတာကို လာတဲ့လူတိုင်း စားလို့ရတယ်။

ဒါကြောင့် ဦးမောင်တင့်သွားတဲ့နောက်က လူလေးငါးယောက် လောက် တန်းစီပြီး လိုက်သွားကြတယ်။

ထုံးစံက ဦးမောင်တင့်ကဖြစ်ဖြစ်၊ တစ်ခြားတစ်ယောက် ကပဲဖြစ်ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတယ်။

အဲဒါကတော့ တောကျွေးတဲ့နေရာကို လှထွန်းရောက်လာခြင်းပဲ။

ဒီလို မဖြစ်ကောင်းဘူး။

ကာယကံရှင်ကိုယ်တိုင် တောကျွေးတဲ့နေရာကို မလိုက်ရဘူး။

ဒါက ရပ်ဓလေ့၊ ရွာဓလေ့။

ဒီဓလေ့ထုံးစံကိုဖျက်ရင် ဘေးအန္တရာယ်တစ်ခုခု ဖြစ်တတ်တယ်လို့လည်း အစွဲရှိကြတယ်။

လှထွန်း ဘာကြောင့်လိုက်လာရလဲ ဦးမောင်တင့်သိတယ်။

နာနာဘာဝတွေ ကျတ်တွေကို လှထွန်းမယုံကြည်လို့ပဲ။

ကာယကံရှင်မလိုက်ရတဲ့နေရာကို လှထွန်းလိုက်လာလို့စည်းကတော့ ပေါက်သွားပြီ။ ဘာမှမတတ်နိုင်တော့ဘူး။

ဒီကြားထဲ အလယ်ကျင်းမှာပုံထားတဲ့ ကြက်အသဲအမြစ်တင်းတွေ သူ့အလိုလို မြေကြီးပေါ်ရောက်အောင် လိမ့်ကျသွားတယ်။

ဘယ်သူနဲ့မှ မထိဘဲ အရက်ပုလင်း လဲကျသွားတယ်။

မကောင်းတဲ့အတိတ်နိမိတ်တွေဆိုတာ ဦးမောင်တင့်ရောကျန်တဲ့သူတွေရော သိလိုက်တယ်။





"လာလိုက်ခဲ့ကြတော့"လို့ ခေါ်ခွင့်မရှိဘူး။ သိတဲ့သူစားချင်တဲ့သူ တိတ်တိတ်လေး နောက်ကလိုက်ခဲ့ပဲ။

ဦးမောင်တင့်က လှထွန်း မအူပင်ခုတ်တဲ့လယ်ကွက်ထဲမှာ တောကျွေးဖို့ ပြင်ဆင်တယ်။

ပါလာတဲ့ဓားမနဲ့ နေရာထိုင်ခင်း ရှင်းတယ်။

ကျင်းငယ် ခြောက်ကျင်း စားကောဝိုင်းပုံ တူးတယ်။ အလယ်တည့်တည့်ကို တစ်ကျင်းထပ်တူးတယ်။

ကျင်းခုနစ်ကျင်းအပေါ်မှာ ငှက်ပျောဖက်တွေ ခင်းတယ်။

ငှက်ပျောဖက်တွေပေါ်မှာ ထမင်းတွေ၊ ဟင်းတွေပုံတယ်။

ဟင်းပုံရင် အလယ်ကျင်းက အထွတ်အမြတ်၊ အသဲအမြစ်ဟင်းပဲ ထည့်ရတယ်။

ကြက်မွေးတွေ၊ ခြေသည်းတွေနဲ့ ကလီစာတွေထည့်ပေးထားတဲ့ အစိမ်းထုပ်ကို ကျင်းတွေရဲ့ဘေးမှာ ချပေးရတယ်။

ပြီးတာနဲ့ အရက်ပုလင်းဖွင့်ပြီး ထောင်ပေးထား ကြေးမောင်းလေးကို တနောင်နောင်မြည်အောင်တီးပြီး ကြေးနောင်ကုန်းမှာ နေထိုင်တဲ့ နာနာဘာဝအားလုံးကို လာပြီးစားသောက်ဖို့ ဖိတ်ခေါ်ရတယ်။

အဲဒီအချိန်မှာပဲ ဦးမောင်တင့် မထင်မှတ်တဲ့အရာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဒီ ကျွေးမွေးတာကို မစားဘူး။

တောင်းပန်တာကို မကျေအေးဘူးဆိုတဲ့သဘောပဲ။

ဦးမောင်တင့် လှထွန်းအတွက် အရမ်းစိတ်ပူသွားတယ်။

ဒီပေမယ့် လှထွန်းကတော့ ဘာအစွဲမှမရှိဘူး။ ကြောက်လည်း မကြောက်ဘူး။

"ထမင်းတွေ၊ ဟင်းတွေကပူနေလို့ မင်းတို့ကျွတ်တွေ စားနိုင်မှာ မဟုတ်ဘူး၊ ဒီပဲစားလိုက်တော့မယ်" လို့ ပြောလိုက်တယ်။

ပြီးတော့ တောကျွေးထားတဲ့ ထမင်းတွေ၊ ဟင်းတွေပါ ယူပြီး စားလိုက်ပြန်တယ်။

အမိုက်မဲလေးမို့ ခွင့်လွှတ်ပါ။

သားအန္တရာယ် မကျရောက်အောင် စောင့်ရှောက်ကာကွယ်ပေးပါ။

တဖွဖွ ရေရွတ်ရင်း ...

တတွတ်တွတ် ဆုတောင်းရင်း ...

လေးလံတဲ့စိတ်တွေနဲ့ ဦးမောင်တင့်ရွာထဲပြန်ဝင်ခဲ့ပါတော့တယ်။

**ကြေးနောင်ကျွန်း ကျိန်စာလေလား**

အဲဒီညမှာ လှထွန်း အိပ်မက်ဆိုးတွေ့ ထပ်မက်ပြန်တယ်။





ထုံးစံအတိုင်း ဆံပင်ဖားလျားချထားတဲ့၊ ရုပ်ဖျက်ဆင်းဖျက် မျက်နှာကြီးနဲ့ မိန်းမကြီး မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆဲဆိုနေတယ်။

သေချင်းဆိုးနဲ့ သေပါစေ။

ပြင်းထန်တဲ့ အမုန်းကျိန်စာတွေကိုလည်း တတွတ်တွတ် ရွတ်ဆိုကျိန်ဆဲနေတယ်။

လှထွန်း ကြောက်လန့်တကြားနဲ့ အိပ်ရာကနိုးသွားတယ်။

ချောက်ချားလန့်ထိတ်နေတဲ့ မူမမှန်အကြည့်တွေနဲ့ အိပ်ခန်းထဲကို ကြည့်လိုက်တယ်။

သူ့နံဘေးမှာ အိပ်မောကျနေတဲ့ မစန်းကလွဲပြီး ဘယ်သူမှ မရှိဘူး။

ညက ကြောက်စရာကောင်းအောင်ကို တိတ်ဆိတ်လွန်းနေသလို သူခံစားနေရတယ်။

အိပ်မက်ထဲက အမုန်းကျိန်စာတွေနဲ့ မိန်းမကြီးကို ပြန်မြင်ယောင်ပြီး သူ့တစ်ကိုယ်လုံး အေးစက်သွားတယ်။

ကုတင်ပေါ်ကဆင်းပြီး အိပ်ရှေ့ခန်းမှာထားတဲ့ သောက်ရေအိုးဆီ သူသွားတယ်။

ရေတစ်ခွက်ခပ်ပြီး အငမ်းမရသောက်ချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေထဲမှာ ခြံထဲခဏဆင်းပြီး လေညှင်းခံချင်သလို ဖြစ်လာတယ်။

သူ့ခြေထောက်တွေက လှေကားထိပ်ကို အလိုလိုရောက်သွားတယ်။

အဲဒီအချိန်မှာ သစ်ကီလူးမှန်ထားတဲ့ ခြေတစ်ဘက် မျက်ခနဲ ဖြစ်သွားတယ်။

ဟန်ချက်ပျက်ပြီး သူ့ခန္ဓာကိုယ် ယိမ်းယိုင်သွားတယ်။

တစ်စုံတစ်ယောက်က တွန်းချလိုက်သလို ခံစားလိုက်ရပြီး လှေကားထစ်တွေအတိုင်း ဒလိမ့်ကောက်ကွေး ကျသွားတယ်။

လိမ့်ကျနေတဲ့တဒင်္ဂအချိန်ကာလလေးမှာ အိပ်မက်ထဲက မိန်းမကြီးရဲ့ တတွတ်တွတ်ကျိန်စာတိုက်သံတွေကို ဆူညံအောင် ကြားနေရတယ်။

အဲဒီနောက်မှာတော့ လှေကားအဆုံး အုတ်ခုံပေါ်က သွေးအိုင်ထဲမှာ သူငြိမ်သက်သွားတယ်။

သေနေ့စေ့ခြင်း ...

သေခြင်း ...

ဆိုတာတွေက ကံအကြောင်းတရားတွေပါ။

သတ္တဝါတစ်စုံတစ်ယောက် ပြုခဲ့တဲ့ကုသိုလ်ကံ၊ အကုသိုလ်ကံ





အကြောင်းတရားတွေရဲ့အကျိုးဆက်ပါ။

သူပြုခဲ့တဲ့ ကံအကြောင်းတရားအတိုင်း အကျိုးခံစားရစမြဲပါ။

သူ့ရဲ့ကံကို အခြားသူက ဝင်ခံလို့မရဘူး။ လွှဲဖယ်လို့ မရဘူး။

လှထွန်း သေဆုံးတာနဲ့ပတ်သက်ပြီး ကြေးနောင်ကုန်းက နာနာဘာဝတွေရဲ့ တုန့်ပြန်ကလဲ့စားချေမှု ဟုတ် မဟုတ်။

နာနာဘာဝတွေကို တောင်းပန်နောက်ကျသွားတာ၊ တောလွန်တာ ဟုတ် မဟုတ်။

အတိအကျသိဖို့ ခက်ခဲပါလိမ့်မယ်။

ဟုတ်တယ်ဆိုလျှင်တောင်မှ ဒါဟာ အတိတ်ကံအကြောင်းတရားတစ်ခုခုနဲ့ ဆက်နွယ်နေတဲ့ အကျိုးတရားသာဖြစ်ပါလိမ့်မယ်။

ဘယ်လိုပင်ဖြစ်စေ ...

ရပ်ကွက်ထဲမှာ လူအများ ယနေ့တိုင် ပြောနေကြတာကတော့ ...။

ကြေးနောင်ကုန်းက ကြောက်မက်ဖွယ်ကျိန်စာဆိုးကြောင့် လှထွန်း သေဆုံးရတယ်ဆိုတဲ့အကြောင်းပဲ ဖြစ်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဖုတ်ဝင်တဲ့သူ

- ဖုတ်တစ္ဆေ ထွက်သွားတာနဲ့
- ချက်ချင်း လူသေကောင်ပုပ်နံ့ကြီး မခံနိုင်အောင် နံစော်လာတယ် ...
- ခန္ဓာကိုယ်အပုပ်ကောင်ကြီးကလည်း ရုပ်ရှင်အနေး ပြသလိုပဲ ...
- လတ်လတ်ဆတ်ဆတ်ကြီးကနေ တမဟုတ်ချင်း ယောင်ကိုင်း ပုတ်ပွ ရိရွဲလာပြီး ...
- ခုနစ်ရက် တစ်ပါတ်လောက်ထားတဲ့ မသာပုပ်ကောင်လို ဖြစ်သွားတယ် ...
- အဲဒီနဲ့ပဲ ချက်ချင်းဖျာလိပ်နဲ့ပတ်၊ သုသာန်ထုတ်၊ မီးသဂြိုလ်လိုက်ရတယ် ...





ယခုတင်ပြမယ့် ဖုတ်ဝင်တဲ့သူ ဖြစ်ရပ်မှန်ဇာတ်လမ်းဟာ ၂၀၁၀ ပြည့်နှစ်၊ မေလဆန်းပိုင်းက အမှန်တကယ် ဖြစ်ပွားထင်ရှားခဲ့တဲ့ အဖြစ်အပျက်တစ်ခုဖြစ်ပါတယ်။

ဖြစ်ပွားရာဒေသမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (န)ရပ်ကွက်တွင်ဖြစ်ပြီး ...။

ဖုတ်ဝင်သူ၏သမီး ဒေါ်နွယ်နွယ်ကို စာရေးသူကိုယ်တိုင်တွေ့ဆုံမေးမြန်း ရေးသားတင်ပြထားခြင်းဖြစ်ပါကြောင်း ...။

**ထန်းတောထဲက ဖုတ်တစ္ဆေ**

ညနေခင်း နေဝင်ရီတရော အချိန်လောက်မှာ ...

ထန်းတက်သမားတစ်ဦး ထန်းပင်ပေါ်က ပြုတ်ကျသွားတယ်။

ဒီလိုပြုတ်ကျသွားတာကို အခြားသောထန်းတက်သူအချို့က တွေ့လိုက်ရတယ်။

အဲဒီကြောင့် ထန်းပင်ပေါ်က အမြန်ဆင်းပြီး ပြေးကြည့်ကြတယ်။

ထန်းပင်အောက် သွေးအိုင်ထဲမှာ ပြုတ်ကျသူ ခွေခွေလေးလဲနေတာကို တွေ့ရတယ်။

ထန်းပင်ပေါ်က ပြုတ်ကျ၊ ပွဲချင်းပြီး သေသွားပြီလို့ထင်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် အပြေးသွားသူတွေ မလှမ်းမကမ်း အရောက်မှာပဲ သွေးအိုင်ထဲကလူ ကုန်းထလာတယ်။

အားလုံး အံ့အားသင့်သွားကြတယ်။

သူ့ကြည့်တော့လည်း ဘာမှမဖြစ်သလိုပဲ။

မိတ်ဆွေအပေါင်းအသင်းတွေက သူ့ကို အိမ်ပြန်ပို့လိုက်ကြတယ်။

ဒီအဖြစ်အပျက်ကို စာရေးသူ ငယ်စဉ် ချင်းတွင်းမြစ်ကမ်း မြို့မှာ ကြားခဲ့ရတဲ့အဖြစ်အပျက်တစ်ခုပါ။

မြို့ရဲ့အရှေ့ဘက်မှာ နေရောင်မခတဲ့ ထန်းတောကြီးတွေ ရှိပါတယ်။

အဲ့ဒီထန်းတောကြီးထဲက ထန်းလုပ်သားတစ်ယောက်ရဲ့ အကြောင်းပဲဖြစ်ပါတယ်။

ထန်းပင်ပေါ်က ပြုတ်ကျသူဟာ မြေပြင်ပေါ်ကျကျချင်း သေဆုံးသွားခဲ့ပါတယ်။

ဒါပေမယ့် သွေးအိုင်ထဲက ရုပ်ချည်းပြန်ထလာခဲ့တယ်။

အကြောင်းကတော့ သူသေသေချင်းအနီးမှာရှိတဲ့ ဖုတ်တစ္ဆေက သူ့ခန္ဓာကိုယ်ထဲ ဝင်ရောက်ပူးကပ်သွားလို့ပါပဲ။

ဖုတ်တစ္ဆေဟာ ထန်းသမားရဲ့ ခန္ဓာကိုယ်ထဲဝင်ပြီး





မကောင်းဆိုးဝါးအမူအကျင့်တွေကို လုပ်နေခဲ့တယ်။

နေ့ခင်းဘက်မှာ အိပ်ရာထဲက မထနိုင်တဲ့ လူမမာ ဟန် ဆောင်နေပြီး ညဘက် လူခြေတိတ်ချိန်ကျမှ တိတ်တိတ်လေး မီးဖိုချောင်ထဲသွား၊ ထမင်းတွေ ဟင်းတွေခိုးစားတယ်။

တစ်ချို့ညတွေကျ အိမ်အောက်တိတ်တိတ်လေး ဆင်းသွားတယ်။

အိပ်တန်းတက်နေတဲ့ ကြက်တွေဖမ်း၊ လည်လိမ်သတ်ပြီး အစိမ်းကိုက်စားတယ်။

စားပြီးဝမှ အိပ်ရာထဲအသာပြန်ဝင်ပြီး လူမမာဟန်ဆောင် နေပြန်တယ်။

ရက်ကြာလာတော့ ဒီအကြောင်းကို မိသားစုဝင်တွေ သိသွားကြတယ်။

တစ်ဆင့်စကားတစ်ဆင့်နားနဲ့ တစ်ရပ်ကွက်လုံးလိုလို သိ သွားကြတယ်။

နားလည်တက်ကျွမ်းတဲ့ဆရာခေါ်ပြီး ဖုတ်ထုတ်လိုက်ရ တယ်။

ဖုတ်တစ္ဆေထွက်သွားတာနဲ့ ချက်ချင်း ထန်းသမားရဲ့ခန္ဓာ ကိုယ်က လူသေကောင်ပုပ်နံ့ကြီး မခံနိုင်အောင် နံဟောင်လာတယ်။


www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်အပုပ်ကောင်ကြီးကလည်း ရုပ်ရှင်အနေနဲ့ပြသလိုပဲ။

လတ်လတ်ဆတ်ဆတ်ကြီးကနေ တမဟုတ်ချင်း ယောင်ကိုင်း ပုပ်ပွရိရွဲလာပြီး ...

ခုနစ်ရက်တစ်ပတ်လောက် ထားတဲ့မသာပုပ်ကောင်လို ဖြစ်သွားတယ်။

အဲ့ဒါနဲ့ပဲ ချက်ချင်းဖျာလိပ်နဲ့ပတ် သုသာန်ထုပ်ပြီး မီးသင်္ဂြိုဟ်လိုက်ရတယ်။

ဖုတ်တစ္ဆေတွေဟာ အာရုဏ်တက်လင်းအားကြီးချိန် နေဝင်ရီတရောအချိန်၊ နွားရိုင်းသွင်းချိန်၊ ညနက်သန်းခေါင်အချိန်တွေမှာ ကျက်စားသွားလာတတ်ကြတယ်။

နာတာရှည်ရောဂါသည်တွေနဲ့၊ ရုတ်တရက် သေလွန်တဲ့ အစိမ်းသေတွေကိုလည်း ပူးကပ်ဝင်ရောက်နိုင်တယ်။

ဖုတ်တစ္ဆေတွေဟာ ညအခါ လူသူတိတ်ဆိတ်ချိန်မှာ ခိုးစားတတ်တယ်၊ အစားမက်မောတယ်၊ အစားကြီးတယ်၊ သားငါးတွေကို ကြိုက်နှစ်သက်တယ်။

တချို့ဖုတ်တစ္ဆေများမှာ နှစ်အတန်ကြာတဲ့ထိ ပူးကပ်နေထိုင်စားသောက်ကြောင်း တွေ့ကြုံဖူးသူတွေရဲ့ပြောစကားအရ သိရပါတယ်။





## ဖုတ်ဝင်တဲ့သူ

၂၀၁၀ ပြည့်နှစ် မေလဆန်းလောက်ကဆိုပါတယ်။

"အသက် ၉၀ကျော် အဖွားအိုတစ်ယောက် ဖုတ်ဝင်နေလို့တဲ့"

"ညအိပ်ချိန်မှာ သူ့ကိုပြုစုနေတဲ့ သမီးဆီက သွေးကိုစုပ်တယ်တဲ့"

"ဒါကြောင့် နာတာရှည်လူမမာက တဖြည်းဖြည်း ဝဖြိုးနေပြီး သူ့သမီးက တစ်စတစ်စ နာတာရှည်လူမမာနဲ့ တူလာတယ်။

ဖုတ်ဝင်နေတဲ့ အဖွားအိုနဲ့ မိသားစုအားလုံးကို တစ်အိမ်စီခွဲထားကြရတယ်။

နောက်ဆုံးကျမှ ဆရာနဲ့ ဖုတ်ထုတ်လိုက်ရတယ်။

ဖုတ်တစ္ဆေလည်း ထွက်သွားရော အလောင်းက ချက်ချင်း အသုဘကမ္မဋ္ဌာန်းပုံ ပေါက်သွားတယ်။

လူသေကောင်ပုပ်နံ့ကြီးကလည်း ထောင်းခနဲ ထွက်လာတယ်။

ဒါကြောင့် အလောင်းကို ချက်ချင်းသင်္ဂြိုဟ်လိုက်ရတယ်တဲ့"

တစ်ချိန်က (န)ရပ်ကွက်ထဲမှာ အုတ်အုတ်ကျက်ကျက် ဖြစ်ခဲ့တဲ့ စကားတွေလို့ သိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားတွေထဲမှာ မယုံနိုင်စရာထူးထူးဆန်းဆန်း အချက်အလက်တွေလည်းပါနေတယ်။

စာရေးသူအနေနဲ့ကတော့ ထူးခြားဖြစ်ရပ်တွေနဲ့ ပြည့်နှက်နေတဲ့ ပရလောကနဲ့ပတ်သက်ပြီး ခွဲခြမ်းစိတ်ဖြာဖို့ မဝံ့ရဲပါဘူး။

ဒါပေမယ့် နာနာဘာဝတွေရဲ့နယ်ပယ်ကဆန်းကြယ်တဲ့ ဖြစ်စဉ်တွေနဲ့။

နာနာဘာဝတွေအကြောင်း သိချင်သူ၊ စူးစမ်းလေ့လာသူလူတွေအတွက်...။

ကာယကံရှင် ဒေါ်နွယ်နွယ်ကိုသွားရောက်တွေ့ဆုံမေးမြန်းပြီးတင်ပြလိုက်ခြင်းဖြစ်ပါတယ်။

စာရေးသူ ။ ။ "ပုတ်တစ္ဆေဝင်ပူးခံရတယ်ဆိုတဲ့ အဖွားသန်းနဲ့ ဘယ်လိုတော်စပ်ပါသလဲ"

ဒေါ်နွယ်နွယ်။ ။ "ကျွန်မရဲ့အမေပါ"

စာရေးသူ ။ ။ "အဖွားသန်းက ကွယ်လွန်သွားတော့ အသက်ဘယ်လောက်ရှိပြီလဲ"

ဒေါ်နွယ်နွယ်။ ။ အမေ့အသက် (၉၂)မှာ ဆုံးသွားခဲ့ပါတယ်။

စာရေးသူ ။ ။ "အဖွားသန်းနဲ့ တစ်အိမ်ထဲနေခဲ့တာကြာပြီလား"

ဒေါ်နွယ်နွယ်။ ။ "မကြာသေးပါဘူး။





အမေက မသေမီ သုံးလလောက်ကမှ အိမ်ရောက်လာတာပါ။ အရင်က သာမုကန်ရွာမှာ နေတာပါ"

စာရေးသူ။ ။ "ရောက်လာတဲ့အကြောင်း ရှင်းပြပေးပါဦး"

ဒေါ်နွယ်နွယ်။ ။ ကျွန်မတို့က သာမုကန်ရွာဇာတိပါ။ ကျွန်မ အိမ်ထောင်ကျပြီး ရွှေပြည်သာ(န)ရပ်ကွက်ကို ပြောင်းလာရပေမယ့် အမေက သူ့အိမ်မှာပဲ ကျန်တဲ့ သားသမီးတွေနဲ့အတူနေပါတယ်။

အမေက ဆေးလိပ်ကြိုက်တယ်၊ အရမ်းသောက်တယ်။ (၁၄)နှစ်သမီးကတည်းက ဆေးလိပ်သောက်တယ်လို့ပြောတယ်။ အဲဒီဆေးလိပ် အရမ်းသောက်တဲ့အကျိုးတွေကို သေတဲ့အချိန်ထိ အမေ အလူးအလဲ ခံစားခဲ့ရတယ်။ အမေ့မှာ သွေးကြောပိတ်ရောဂါစွဲကပ်လာတယ်။ ခြေသန်းဖျားလေးက စပြီး ညိုမည်းလာတယ်။ ကိုက်တဲ့ခဲတဲ့ ဝေဒနာကြောင့် အမေအော်ဟစ်နေရတယ်။ တစ်နေ့လုံးကြားနေရတဲ့ ညည်းညူသံတွေကြောင့် အားလုံးစိတ်မချမ်းမသာဖြစ်ကြရတယ်။ သွေးကြောပိတ်



www.burmeseclassic.com

www.burmeseclassic.com



ရောဂါက တစ်နေ့တစ်ခြား ပိုဆိုးလာတယ်။ ခြေသန်းကနေ တစ်ခြားခြေချောင်းတွေပါ ကူးစက်သွားတယ်။ အမေ့ရဲ့ညည်းညူအော်တစ်သံတွေက ပိုဆိုးလာတယ်။ အမေ ဒီလိုဝေဒနာခံစားနေရချိန်မှာ အိမ်မှာကလည်း အလှူလုပ်ဖို့ အစစအရာရာ စီစဉ်ပြီးဖြစ်နေတယ်။ အလှူရက် နီးလာလေ အလုပ်တွေ ပိုရှုပ်လာလေလေ၊ တစ်ချိန်တည်းမှာပဲ အမေ့ရောဂါဝေဒနာကလည်း ပိုဆိုးလာ လေလေ ဖြစ်နေတယ်။ အဲဒါကြောင့် အမေ့ကို အလှူလုပ်မယ် သာခုကန်ရွာအိမ်ကနေ (န)ရပ်ကွက်က ကျွန်မတို့အိမ်ကို ပို့လိုက်တယ်။ မှတ်မှတ်ရရ အမေ ရောက်လာတာ မတ်လ(၁၆)ရက်နေ့ပါ"

စာရေးသူ။ ။ "ဒေါ်နွယ်နွယ်တို့အိမ် ရောက်ပြီးနောက်ပိုင်း ဘယ်လိုတွေ ဆက်ဖြစ်တာလဲ"

ဒေါ်နွယ်နွယ်။ ။ "ထုံးစံအတိုင်းပါပဲ အမေ့ရောဂါက ပိုဆိုးလာတယ်။ ခြေဖမိုးတွေပါ ဖေါယောင် ညိုပုပ် လာတယ်။ အမေ့ရဲ့အော်တစ်ညည်းညူသံကလည်း ပိုပြီး ပိုပြီး ဆိုးလာတယ်"





စာရေးသူ။ ။ "ဆေးရုံ ဘာလို့ မပြတာလဲ"

ဒေါ်နွယ်နွယ်။ ။ "အမေက အသက်လည်း အရမ်းကြီးနေပြီ ဆေးရုံပို့ရင်လည်း ခြေထောက်တွေ ဖြတ်မှာလို့ သိရတယ်။ အဲ့ဒါကြောင့် မပို့တော့တာပါ။

စာရေးသူ။ ။ "ဆက်ပြောပါဦး"

ဒေါ်နွယ်နွယ်။ ။ "ရောဂါဝေဒနာသည်းလွန်းတော့ စားတာသောက်တာရော အအိပ်အနေပါ ချို့ယွင်းလာတယ်။ တဖြည်းဖြည်းနဲ့ အရည်ရောအဖက်ရော မဝင်တော့ဘူး။ လူကလည်း မျက်တွင်းဟောက်ပက် အရိုးပေါ် အရေတင် ခြောက်တပ်ပိန်လှီလာတယ်။ ဒီလိုနဲ့ အမေ့ရဲ့နောက်ဆုံးအချိန်ကို ရောက်လာတယ်။ အဲဒီနေ့က ကျွန်မတို့အိမ်ကို ညီအစ်ကို မောင်နှမအားလုံးရော ဆွေမျိုးတွေရော စုံစုံညီညီ ရောက်လာကြတယ်။ အမေ သေလွန်မယ့်အချိန်ကို စောင့်ပြီး ကြည့်နေရတယ်။ အမေက အိပ်ရာအထက်မှာ ပက်လက်ကလေး ရှိနေတယ်။ အမေက ဘာစကားမှ မပြောနိုင်တော့ဘူး။ မေးတဆတ်ဆတ်ထိုးပြီး အသက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်နေတယ်။ အမေလူ့ဘဝက ထွက်ခွာတော့မယ်။ စက္ကန့်ပိုင်းလောက်ပဲ လိုတော့တယ်ဆိုတာ ကျွန်မတို့အားလုံးသိနေကြတယ်။ ခဏနေတော့ မေးတစ်ချက်နှစ်ချက်ထိုးပြီး အမေငြိမ်သက်သွားတယ်။ ဦးလေးတစ်ယောက်က အမေ့လက်ကောက်ဝတ်ကိုကိုင်ပြီး သွေးခုန်နှုန်း စမ်းကြည့်တယ်။ ပြီးတော့ "အသက်မရှိတော့ဘူး" လို့ပြောတယ်။ အဲ့ဒီအချိန်မှာပဲ သေသွားပြီဆိုတဲ့ အမေ့ခန္ဓာကိုယ်ဟာ ဝုန်းခနဲ ထိုင်လျက်သား ဖြစ်သွားတယ်။ ခင်းထားတဲ့ဖျာအနားတွေကို လက်နှစ်ဖက်နှင့် ဆုတ်ကိုင်ထားတာကြောင့် ဖျာကြီးပါကပ်ပါလာတယ်။ ခေါင်းအုန်းကြီးကလည်း အမေ့ခေါင်းမှာကပ်လို့ အမေမသေသေးဘူးဆိုပြီး ကျွန်မတို့အားလုံး ပျော်သွားကြတယ်။ အမေက ရေတစ်ခွက်တောင်းသောက်ပြီး "ငါ့ကို ထမင်းကျွေး" လို့ပြောတယ်။

အမေထမင်းမစားနိုင်တာ လနဲ့ချီနေပြီ ရေတောင်မှ ဂွမ်းနဲ့တို့ပြီး အစက်ချတိုက်နေရတာ။ အမေ





ထမင်းစားမယ်ဆိုတော့ ကျွန်မလည်း ဝမ်းသာအားရ ထမင်းခူးပေးတယ်။ ဟင်းတွေလည်း ပုံတယ်။ ဇွန်းနဲ့ခွံ့ပေးမယ်ဆိုတော့ အမေက "ငါ့ဘာသာစားနိုင်တယ်" တဲ့ ထမင်းပန်းကန်ဆွဲယူပြီး အားရပါးရစားတော့တာပဲ။ ကျွန်မတို့အားလုံး အမေစားနိုင်တာကိုကြည့်ပြီး အံ့ဩသွားကြတယ်။ အမှန်တကယ်တော့ အဲ့ဒီနေ့က အမေသေလွန်ပြီးပါပြီ။ အဲဒီညတစ်ညလုံး အမေ့ရဲ့ ဝိညာဉ်ဟာ သာမုတန်ရွာက သူ့အိမ်ကို ရောက်သွားတယ်။ တစ်ညလုံး အိမ်ပေါ်မှာ ခြေသံတစ်ရှပ်ရှပ်နဲ့ လျှောက်သွားနေတယ်။ မီးဖိုချောင်ထဲဝင်ပြီး အိုးတွေခွက်တွေလှန်၊ ဖြောင်းဆန်ခက်အောင် ခြောက်လှန့်နေတယ် ခွေးတွေကလည်း ညလုံးပေါက် အူလိုက် ဟောင်လိုက် ဆူညံနေတာပဲတဲ့။သာမုကန်နေအိမ်မှာ ဒီလို ဖြစ်ပျက်နေတာတွေကို ရက်အနည်းငယ်ကြာမှ ကျွန်မတို့ ကြားသိကြတယ်။ အဲ့ဒီအချိန်မှာ ကျွန်မတို့ ကတော့ အမေမသေဘူးဆိုပြီး ပျော်နေကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အမေစားချင်တာတွေကိုလည်း ရှာဖွေချက်ပြုတ် ကျွေးတယ်။ အမေက ကြွက်သားစားချင်တယ်တဲ့။ ဟိုတုန်းက အမေ ကြွက်ကိုရွံတယ် မစားဘူး။ ဖားတို့ ငါးချဉ်တို့လည်း မစားဘူး။ အရင်ကမစားတဲ့ သားငါးတွေကို စားချင်တယ်လို့ပြောတယ်။ ဒီလို ထူးခြားချက်တွေရှိပေမယ့် ကျွန်မတို့မရိပ်မိခဲ့ဘူး။ နောက်တစ်ခုထူးခြားတာ ရှိသေးတယ်။ အဲဒီအချိန်မှာ အမေ့ရောဂါကအရမ်းဆိုးဝါးသွားပြီ။ ခြေမျက်စိအောက် အရိုးအစစ်အားလုံး ပြုတ်ကြွေသွားပြီ။ ညှိုပုပ်နေတဲ့ ခြေတောက်အရေပြားအိတ်ထဲမှာ "ဂလောက်ဂလောက်"မြည်နေတယ်။

ရောဂါစဖြစ်တုန်းက နေ့ရောညပါ ညည်းညူအော်ဟစ်နေတဲ့အမေဟာ ဒီလိုဖြစ်နေတဲ့အချိန်ကျတစ်ချက်ကလေး မညည်းညူတော့ဘူး။ ရောဂါပြီးတောင် မအော်တော့ဘူး။ ကျွန်မတို့ အံ့ဩလို့မဆုံးဘူး။

ဒါပေမယ့် ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာ





တော့ ကျွန်မတို့မစဉ်းစားမိကြဘူး။

စာရေးသူ။ ။ "အမှားသန်းကို ဖုတ်တစ္ဆေဝင်ပူးနေတယ်လို့ ဘာကြောင့်ပြောတာလဲ"

ဒေါ်နွယ်နွယ်။ ။ စောစောကပြောခဲ့သလိုပဲ တသက်လုံးမစားခဲ့တဲ့အသားတွေကို စားချင်တယ်လို့ပြောလာတယ်။ နေ့တိုင်းလည်း အသားဟင်းတွေပဲ တောင်းတယ်။ ပြီးတော့ ခြေထောက်အခြေအနေ ဆိုးဆိုးရွားရွားဖြစ်သွားတာတောင် မညည်းညူတော့ဘူး။ နောက်ပြီး သာဓုကန်အိမ်မှာ အမေ့ရဲ့ဗီဒီယိုရောက်သွားတဲ့အချက်။ အဲဒါတွေကြောင့် အမေ့ကိုဖုတ်ဝင်ပူးနေတယ်ဆိုတာသိရတာပါ။နောက်ပြီးတော့ ရှိသေးတယ်။ အသည်းအသန် လူမမာအမေက ဝဖြိုးဖြိုးဖြစ်လာပြီး အမေနဲ့ အတူအိပ်တဲ့ကျွန်မက တစ်နေ့တစ်ခြား ပိန်ခြုံးလာတယ်။ လူမမာရုပ် ပေါက်လာတယ်။ ကျွန်မကိုယ်တိုင်လည်း အားပျက်သလို ခံစားနေရတယ်။ အဲဒါကိုမြင်ပြီး လူတွေက အမေ့ကို ဖုတ်ဝင်နေတယ်လို့ သံသယဖြစ်လာကြတာ ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com

လည်း တိုးတိုးတိတ်တိတ်ကြ သတိပေးကြတယ်။

စာရေးသူ။ ။ "အံ့သြထူးခြားတဲ့အဖြစ်အပျက်၊ ဖုတ်ဝင်တယ်လို့ မသက်သေစရာကောင်းတဲ့ အဖြစ်အပျက်မျိုး ရှိသေးလား"

ဒေါ်နွယ်နွယ်။ ။ ရှိတာပေါ့။

ကျွန်မတို့ အိမ်ရှေ့ဘုရားခန်းမှာ အိပ်ကြတယ်။ အမေ့ကိုအလယ်ကထားပြီး ကျွန်မနဲ့အမ အမေ ဘေးတစ်ဖက်တစ်ချက်စီကနေ အိပ်ကြတယ်။ အမေက ဘုရားစင်အောက်တည့်တည့်မှာ အိပ်တာ။ ညတရေးနိုး ကျွန်မထကြည့်တော့ အမေက အမြီတမ်း ခြေရင်းဘက်ရောက်နေတယ်။ ခေါင်းရင်းဘက်ကို ခြေထောက်ထိုးပြီး ပြောင်းပြန်အိပ်နေတာ ညတိုင်းလိုပဲ။ ထူးခြားတာက တရေးနိုးလို့ ကြည့်လိုက်တိုင်း အမေ့လက်တစ်ဖက်က ကျွန်မကိုယ်ပေါ်ကို အမြဲတမ်းတင်ထားလေ့ရှိတယ်။ အမေ့လက်က ရေခဲတုံးကြီးလိုပဲ။ ဒီအကြောင်း ဆွေမျိုးတွေကို ပြောပြမိတယ်။ သူတို့အားလုံးကလည်း အမေ့ကို ဖုတ်ဝင်နေတယ်လို့ပဲ ယူကြည်





နေကြတယ်။ ဒါနဲ့ပဲ ညဘက်မှာ အမေ့ကို သတိထား စောင့်ကြည့်ဖို့ တိုင်ပင်ကြတယ်။ အဲဒီအချိန်က (နှ)ရပ်ကွက်ဘာ လျှပ်စစ်မီးမရသေးဘူး။ မီးစက်နဲ့ပေးတဲ့ ပုဂ္ဂလိက မီးပဲရှိတယ်။ အဲဒီမီးက ည(၁၀)နာရီထိပဲရတယ်။ (၁၀)နာရီ မီးပိတ်တာနဲ့ မီးခွက်ထွန်းကြရတယ်။ အမေ့ကိုစောင့်ကြည့်မယ်လို့ တိုင်ပင်တဲ့နေ့ကစပြီး (၁၀)နာရီထိုးတာနဲ့ မီးခွက်မထွန်းတော့ဘူး။ အမှောင်ထဲမှာပဲ နေလိုက်ကြတယ်။ အမေ့ကိုတစ်ယောက်တည်း ဘုရားစင်အောက်မှာသိပ်ပြီး ကျွန်မနှင့် အစ်မက ခြေရင်းမှာပဲ အိပ်တော့တယ်။ မောင်လေးတွေကလည်း အမေ့ကိုစောင့်ကြည့်ဖို့ လာအိပ်ပေးကြတယ်။ ညသန်းခေါင်ကျော်ချိန်လောက်မှာ တအောက်အောက် အသံ ကြားရတယ်။ ဒီအသံက အမေခြေထောက်ထဲက ကြွေကျနေတဲ့ အရိုးစတွေနဲ့ အိပ်ကြမ်းပြင် ထိခတ်မိတဲ့အသံ၊ ကျွန်မတို့ ယုန်နိုးသွားကြတယ်၊ ဒါပေမယ့် ဘယ်သူမှမလှုပ်ကြဘူး။ အမှောင်ထဲက နေပဲ အမေ့ကို ကြည့်နေကြတယ်။ အမေဟာ


www.burmeseclassic.com

www.burmeseclassic.com

အမှောင်ထဲမှာပဲ ဖင်တရွတ်ဆွဲပြီး ကျွန်မတို့ဘက်ကို လာနေတယ်။ အမေခြေထောက်လှုပ်တိုင်း တဒေါက်ဒေါက်အသံက မြည်နေတယ်။ တဖြည်းဖြည်းနဲ့ အမေ ကျွန်မအနီးရောက်လာတယ်။ အဲ့ဒီအချိန်မှာ မောင်လေးတွေက အမေ့ဆီကို လက်နှိပ်ဓာတ်မီးနဲ့ ပြိုင်တူထိုးလိုက်ကြတယ်။ ကျွန်မ အရမ်းလန့်သွားတယ်။ လက်နှိပ်ဓာတ်မီးရောင်တွေ စုပြုံဝင်လာတော့ အမေက ဘယ်လက်ကိုပင့်ပြီး မျက်နှာကိုကွယ်လိုက်တယ်။ အဲ့ဒီအခိုက်အတန့်လေးမှာ ကျွန်မမြင်လိုက်ရတာ အမေ့မျက်နှာက မျက်လုံးတွေမရှိ၊ နှာခေါင်းမရှိ၊ ပါးစပ်ပေါက်လည်းမရှိတဲ့ မျက်နှာကြီး။ ကျွန်မ အသည်းတွေ၊ အတွေ့တုန်သွားမတတ်ခံစားလိုက်ရတယ်။

ဒါပေမယ့် ချက်ချင်းဆိုသလိုပဲ အမေ့မျက်နှာက အရင်လိုပဲ ပုံမှန်ဖြစ်သွားတယ်။ အမေက ကျွန်မဘေးမှာထိုင်ပြီး ကျွန်မမျက်နှာကို စိမ်းစိမ်းဝါးဝါးစိုက်ကြည့်နေတယ်။ အမေဘာလုပ်မလို့လဲ၊ ကျွန်မ





ကို တစ်ခုခုများ လုပ်မလို့လား။ ကျွန်မတို့ သံသယဖြစ်နေကြသလို တကယ်ပဲ ဖုတ်ဝင်နေတာလား။ မောင်လေးတွေက အမေ့ကိုချော့မော့ပြီး သူ့အိပ်ရာကို ပြန်ပို့ပေးလိုက်ကြတယ်။ အဲ့ဒီညက မိုးလင်းတဲ့အထိ အမေမအိပ်တော့ဘူး။ ဘာစကားမှ မပြောပေမယ့် မျက်လုံးကြောင်ကြီးနဲ့ အပေါ်ကိုပဲ စိုက်ကြည့်နေတယ်။ တစ်ခုခုလုပ်ဖို့ အကြံထုတ်နေသလိုပဲလို့ ကျွန်မတွေးမိတယ်။ တစ်ခါတုန်းကလည်း အမေက ငါးချက်ကျွေးပြောလို့ ကျွန်မဈေးကိုသွားတယ်။ ဈေးကပြန်လာတော့ အားအင်ကုန်ခမ်းပြီး ကျွန်မမောလာတယ်။ မီးဖိုဘက်တောင် မသွားနိုင်ဘူး။ အိမ်ရှေ့ခန်းခြေရင်းဘက်မှာပဲ ဈေးခြင်းတောင်းချပြီး အမောဖြေရင်း ခဏလှဲလိုက်တယ်။ လှဲရာကနေ အိပ်ပျော် သွားတယ်။ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားလဲမသိဘူး။ ဆူးဆူးဝါးဝါးအော်ပြီး နိုးနေတဲ့ အသံကြောင့် ကျွန်မ လန့်နိုးလာတယ်။ နိုးနိုးချင်း မြင်လိုက်ရတာက ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



အပေါ်က မိုးပြီးကြည့်နေတဲ့ အမေ့ရဲ့မျက်နှာကြီးပါ။ နောက်မှ သိရတာက ကျွန်မ အိပ်ပျော်သွားချိန်မှာ အမေသူ့အိပ်ရာကနေ ဖင်တရွတ်ဆွဲပြီး ကျွန်မ ရှိရာကိုသွားနေတယ်။ ဒီလို သွားနေတာကို အိမ်နီးချင်းအမျိုးသမီးတစ်ယောက်က ဖွင့်ထားတဲ့ ပြတင်းပေါက်ကနေ လှမ်းမြင်လိုက်တယ်။ ဖတ်ခန်းကျင်လူတွေအားလုံးကလည်း အမေ့ကို ဖုတ်ဝင်နေတယ်လို့ ယုံကြည်ကြတာကြောင့် စောင့်ကြည့်နေကြတယ်၊ အိပ်နေတဲ့ကျွန်မဆီကို အမေသွားနေတာမြင်တော့ အိမ်နီးချင်းက စိတ်ပူသွားတယ်။ အဲ့ဒါကြောင့် ကျွန်မရဲ့သမီးငယ်ကို အမြန်သွားပြောတယ်။ သမီးငယ်ကစိတ်ပူပြီး "အမေထ၊ အမေထ ဖွားဖွားကြီး လာနေပြီ မြန်မြန်ထတော့လို့ အော်ပြီး ကျွန်မကိုအတင်းလာနှိုးတယ်။ အမေကျွန်မကိုကြည့်နေပုံက တစ်မျိုးကြီး တကယ်ဖုတ်ဝင်နေတာကြောင့်လား ဖုတ်ဝင်နေတယ်လို့ ကျွန်မတို့ပဲ ထင်နေလို့လားမသိဘူး။ မပြောကောင်းပေမယ့်၊ အဲ့ဒီအချိန်တွေက





အမေ့ကို ကြောက်တဲ့ရှုတဲ့စိတ်က ပိုပြီး လွှမ်းမိုးနေတယ်။ ဖုတ်တွေက သွေးစုတ်နိုင်တယ်။ လူကောင်းရဲ့ခန္ဓာကိုယ်နဲ့ ထိရုံနဲ့ သွေးစုပ်လို့ရတယ်။ အဲ့ဒီအခါ လူကောင်းက သွေးသားခြောက်ခမ်းလာမယ်။ အားအင်ကုန်ခမ်းမယ် ဆိုတဲ့ စကားကိုလည်း ယုံတယ်။ အမေနဲ့ ကျွန်မကလည်း အဲ့ဒီလိုဖြစ်နေတော့ အမေ့ကို ဖုတ်ဝင်နေတယ်လို့ပဲထင်ထားတယ်။ ဒါကြောင့်လည်း မောင်နှမတွေဆွေမျိုးတွေတိုင်ပင်ပြီး နားလည် တတ်ကျွမ်းတဲ့ ဆရာနဲ့ ဖုတ်ထုတ်ခဲ့ကြတယ်။

စာရေးသူ။ ။ "ဖုတ်ထုတ်ပုံထုတ်နည်းတွေကိုလည်း မှတ်မိသလောက်ပြောပြပါဦး"

ဒေါ်နွယ်နွယ်။ ။ ဖုတ်ထုတ်မယ်ဆိုတော့ အမေ့ကို အိမ်မှာ တစ်ယောက်တည်းထားရပါတယ်။ ကျွန်မတို့မိသားစုအားလုံးက အနီးနားအိမ်တွေမှာ ပြောင်းနေကြရတယ်။ အိမ်ပေါ်ကို ပယောဂဆရာပဲတက်ပြီး ဖုတ်ထုတ်တဲ့အစီရင်တွေလုပ်တယ်။ ကျွန်မ မှတ်မိသလောက်တော့ အမေ့အိပ်ရာအောက်မှာ အမေ



www.burmeseclassic.com

www.burmeseclassic.com

မသိအောင် ဩဇာရှက်ခင်းတယ်။ ဖိနပ်ထားတယ်။ အိမ်တွင်းအုန်းပေါ် ဖယောင်းတိုင်ထွန်းတယ်။ နောက်ဆုံး ရှာတော့ရင် နတ်နန်းသွားပြီး အမေ့ခန္ဓာကိုယ်မှာ ပူးဝင်နေတဲ့ ဖုတ်တစ္ဆေကို နှင်ထုတ်ပေးဖို့ တောင်းပန်တယ်။ ဖယောင်းတိုင် ဇောက်ထိုးစိုက်ပြီး မီးထွန်းတယ်။ နောက်တစ်နေ့မနက်(၈)နာရီခွဲလောက်မှာ နာနာဘာဝဖုတ်တစ္ဆေ အမေ့ကိုယ်ထဲကနေထွက်သွားတယ်။ ဖုတ်ထွက်မယ့် မနက်ပိုင်းအထိ အမေ့ခန္ဓာကိုယ်က ဝဝဖြိုးဖြိုးပဲ။ အသံလည်း မာထန်နေသေးတယ်။ ဖုတ်ဝင်နေသူသာ မဟုတ်ရင်ဘယ်လိုနည်းနဲ့မှ မသေနိုင်သေးဘူး။ ဖုတ်ဝင်နေလို့သာ ဖုတ်ထွက်သွားတာနဲ့ ချက်ချင်းသေသွားရတာပါ။

စာရေးသူ။ ။ "ဖုတ်ထွက်သွားပြီးတော့ ဘယ်လိုထူးခြားတာတွေ တွေ့ရသေးလဲ"

ဒေါ်နွယ်နွယ်။ ။ ထူးခြားတယ်လို့ပြောရမှာပဲ။ ဖုတ်ထွက်သွားတာနဲ့ စောစောက ဝဖြိုးနေတဲ့ အမေ့ရဲ့ခန္ဓာကိုယ်ဟာ ယူပစ်လိုက်သလို ချုံးချုံးကျသွားတယ်။





ပြီးတော့ လူသေကောင် ပုပ်နံ့ကြီး ချက်ချင်းနံပေါင်လာတယ်။ ရောဂါဖြစ်နေတဲ့ ခြေထောက်က အရေပြားတွင် ရိကျပေါက်ပြသွားပြီး အရိုးအစစ်တွေ အောက်ကိုပြုတ်ကျ သွားတယ်။ အပုပ်နံ့ကလည်း ပတ်ဝန်းကျင်တစ်ခုလုံး မခံမရပ်နိုင်အောင်နံနေတယ်။ ဒါနဲ့ပဲ ချက်ချင်း သင်္ဂြိုဟ်လိုက်ရပါတယ်။ ကျွန်မတို့အိမ်ကို အမေရောက်လာတာက(၁၉.၃.၂၀၁၀)ဖြစ်ပြီး ဖုတ်တစ္ဆေထွက်သွားတဲ့နေ့က (၁၉.၆.၂၀၁၀)ဖြစ်လို့ (၃)လတိတိ အိမ်မှာနေသွားပါတယ်။ ဖုတ်တစ္ဆေဝင်ပူးတဲ့ကာလက တစ်လလောက်ရှိပြီ။ ပယောဂဆရာက (၁၀)ရက်လောက်ကြာအောင် ဖုတ်ထုတ်ရပါတယ်။ဖုတ်ဝင်တဲ့သူ ဖြစ်ရပ်မှန် အဖြစ်အပျက်နဲ့ပတ်သက်ပြီး စာရေးသူရဲ့ တွေ့ဆုံမေးမြန်းမှုက ဤမျှသာပဲဖြစ်ပါတယ်။ ဒီ တွေ့ဆုံမေးမြန်းမှုမှာ ဖုတ်ဝင်တဲ့သူလို့ အများက ယူဆပြောဆိုခြင်းခံရသည့် အဖွားသန်း၏ သမီးအရင်း ဒေါ်နွယ်နွယ်ကို မေးမြန်းခဲ့တာတွေ ဖြစ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

ထူးခြားဖြစ်စဉ်တစ်ခုအနေနဲ့ စာရေးသူ ရှာဖွေ
တင်ပြလိုက် ခြင်းသာဖြစ်ပါတယ်။
ဖြစ်နိုင်/မဖြစ်နိုင်
သဘာဝယုတ္တိရှိ/မရှိကိုတော့ စာဖတ်သူ ကိုယ်တိုင်
ဆင်ခြင်ဆုံးဖြတ်စေလိုပါတယ်။



# သရဲနဲ့တွေ့တဲ့ ကိုအေးထွန်း

ထူးခြားတာက သူတို့သုံးယောက်စလုံး
သွေးအောင်ထုံးတွေနဲ့ချည်းပဲ။
အကျႌကျွတ်၊ ပုဆိုးခါးတောင်းကျိုက်ထားပြီး
သုံးယောက်စလုံး ထိုးကွင်းမင်ကြောင်တွေနဲ့ချည်းပဲဗျ။
တင့်ဆွေကလည်း ညှိုးငယ်တဲ့မျက်နှာထားနဲ့
ကြည့်နေ ရင်းကနေ
လမ်းမကြီးအတိုင်း မြောက်ဘက်ကို ထွက်သွားတာ
တွေ့ရတယ်။
ခဏနေတော့ မြောက်ပိုင်းတစ်ပိုင်းလုံး
ခွေးအူသံ၊ ခွေးဟောင်သံတွေ
ဆူညံအောင်ကြားရတော့တာပဲ...။


www.burmeseclassic.com

www.burmeseclassic.com



ကန်စောင့်သရဲနှင့်တွေ့ခြင်း

မိုးညက မှောင်မည်းပြီး ချောက်ချားစရာကောင်းနေတယ်။

ကျက်ကုန်းမြေတစ်ခွင်တစ်ပြင်လုံး ဖားမျိုးပေါင်းများစွာရဲ့ အော်သံတွေနဲ့ ဆူညံနေတယ်။

မိုးလေးကလည်း တဖွဲဖွဲရွာနေတယ်။

တစ်ချက်တစ်ချက် လင်းလက်သွားတဲ့ လျှပ်စီးကြောင်းရဲ့ အလင်းရောင်အောက်မှာ လူလိုလို၊ အရိပ်လိုလိုအရာတွေကို မြင်နေရသလိုပဲ။

ဒါက ကျက်ကုန်းမြေထဲရောက်လာတဲ့လူတိုင်း မြင်တတ်၊ ထင်တတ်တဲ့အရာပါ။

တကယ်မြင်ရတာလား၊ ကျက်ကုန်းမြေဆိုတဲ့အစွဲကြောင့် စိတ်ထဲက ထင့်တာလားဆိုတာတော့ ဘယ်သူမှမသိနိုင်ပါဘူး။

ဘာပဲဖြစ်ဖြစ် ကိုအေးထွန်းကတော့ ငါးကိုင်းထောက် ကိရိယာတွေတစ်ဖက်၊ ဓာတ်မီးတစ်ဖက်နဲ့ ကျက်ကုန်းမြေထဲ ဝင်လာခဲ့ပါပြီ။

သူ ဘာကိုမှ မကြောက်တတ်၊ မလန့်တတ်သူလို့ ပြောရင်ရတယ်။

လယ်မှဲ့၊ ယာမှဲ့၊ ကျဘမ်းလုပ်ကိုင် စားသူဖြစ်တဲ့အတွက်





ကြောက်စိတ် လန့်စိတ်မရှိတာလည်း ဖြစ်နိုင်တယ်။

ဦးညိုကန်ပေါင်ပေါ်ရောက်တော့ ကိုအေးထွန်းရပ်လိုက်တယ်။

ကိုင်းတန်တွေကို ပြင်ဆင်တယ်။

တီဘူးထဲက တီတွေကိုထုတ်ပြီး ငါးမျှားချိတ်မှာတပ်တယ်။

ပြီးတော့ ကန်စပ်မှာ နေရာအနှံ့လိုက်ပြီး ထိုးစိုက်တယ်။

ငါးမျှားချိတ်မမြင်ဘဲ ငါးစာသာမြင်တဲ့ကောင်တွေ ခဏနေရင် အစလာဟပ်လိမ့်မယ်။ အဲဒီတော့မှ သူက အသာဆင်းဖြုတ်ရုံပဲ။

ပါလာတဲ့ကိုင်းထောက်တံတွေ အားလုံးကုန်အောင် ထိုးစိုက်ပြီးတော့ ကိုအေးထွန်း နည်းနည်းမောသွားပြီ။

ကန်ပေါင်ပေါ်က သရက်ပင်အောက်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။

မိုးမစိုအောင် ဂရုတစိုက် ထုပ်လာတဲ့ဆေးလိပ်နဲ့ ဂတ်မီးခြစ်ကိုထုတ် မီးညှိဖွာရှိုက်နေတယ်။

သူကသာ အကြောက်မရှိ အလန့်မရှိ အေးအေးဆေးဆေး ငါးကိုင်းထောက်နေတာ။

ဦးညိုကန်ဆိုတာကလည်း သရဲခြောက်တယ်လို့ နာမည်ကြီးတဲ့ကန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးကြာတော့ အမောပြေသွားတယ်။

သူကန်စပ်ဆင်းပြီး ထောင်ထားတဲ့ငါးကိုင်းတွေကို ကြည့်တယ်။

မိနေတဲ့ကိုင်းက ငါးတွေကိုဖြုတ်ပြီး ငါးစာအသစ်တပ်တယ်။

အဲဒီအချိန်မှာပဲ ဗွမ်းခနဲ၊ ဗွမ်းခနဲ ငါးပွက်တဲ့အသံလိုလို ကြားရတယ်။

ရုတ်တရက်တော့ "နှစ်ချို့ငါးရံ့ကြီးများလား" လို့ သူထင်လိုက်သေးတယ်။

အသံကြားတဲ့ဘက်ကို ဓာတ်မီးနဲ့ လှမ်းထိုးကြည့်တယ်။ ဒါပေမယ့် ဘာမှမတွေ့ရဘူး။

သူကျောထဲက စိမ့်သွားတယ်။

"သရဲများ ခြောက်တာလား"

အဲဒီအတွေးကြောင့် ကြက်သီးမွေးညင်းတွေပါ ထသွားတယ်။

ခဏနေတော့ စောစောကလို ငါးပွက်တဲ့အသံမျိုး ထပ်ကြားရပြန်တယ်။

သူဓာတ်မီးနဲ့ လှမ်းထိုးကြည့်ပြန်တယ်။

ဒီတစ်ခါတော့ သူတစ်စုံတစ်ယောက်ကို တွေ့လိုက်တယ်။





အဲဒီတစ်စုံတစ်ယောက်က နူးလောက်အနက်ရှိတဲ့ရေစပ်မှာ မတ်တတ်ရပ်ပြီး သူ့ဘက်လှည့်နေတယ်။

ကိုအေးထွန်းက အဲဒီလူကိုပဲ ဓာတ်မီးနဲ့မလွတ်တမ်း ထိုးနေမိတယ်။

ဓာတ်မီးရောင်အောက်မှာ သျှောင်ထုံးကြီးနဲ့ အသက် ၆၀ လောက် လူကြီးတစ်ယောက်ကို တွေ့နေရတယ်။

လူကြီးက သူ့ထက်အရပ်နည်းနည်းပဲ မြင့်လိမ့်မယ်။ ကိုယ်လုံးကိုယ်ထည်ကလည်း ပိန်ပိန်သွယ်သွယ်နဲ့၊ အင်္ကျီဝတ်မထားဘူး၊ ပုဆိုးကို ခါးတောင်းကျိုက်ထားတယ်။

သူ့ပေါင်နှစ်ဖက်စလုံးက ထိုးကွင်းတွေကို မြင်နေရတယ်။

အဲဒီလူကြီးက ခါးနှစ်ဖက်ကို လက်ထောက်ပြီး စိမ်းစိမ်းဝါးဝါးကြီးကြည့်လို့ ...။

ပြီးတော့ ကိုအေးထွန်းကို လှမ်းအော်လိုက်တယ်။

"*တိတ်ကောင်*"

အဲဒီအချိန်မှာ တဖွဲဖွဲရွာနေတဲ့မိုးက တိခနဲရပ်သွားတယ်။

ကိုအေးထွန်း ဘာမှ ပြန်မပြောမိဘူး။

လူကြီးကို ကြည့်နေမိတယ်။

လူကြီး ဒေါသထွက်သွားပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



**"တိတ်ကောင်သူခိုး"**လို့ ထပ်အော်တယ်။

ဒီတော့မှ ကိုအေးထွန်း လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။

**"ဘာသူခိုးလဲဗျ"**

"ကျုပ် ဘယ်သူ့ပစ္စည်းမှ မခိုးဘူး"

လူကြီးကလည်း ပြန်အော်တယ်။

"ဒီကန်က ဖို့ကန်ကွ၊ ဒီငါးတွေကို ငါပိုင်တယ်" ‹

"အိုးညိုကန်ဗျ၊ ခင်ဗျားကန်မဟုတ်ဘူး"

"တိတ်ကောင် လာခဲ့စမ်း၊ မင်းလာခဲ့စမ်း"

လူကြီးပုံစံက ဒေါသအမျက်ချောင်းချောင်းထွက်သွားတဲ့ပုံစံ။

ကိုအေးထွန်း ဝုန်းခနဲ ထလိုက်တယ်။

လူကြီး ရပ်နေတဲ့မြေစပ်ကို ပြေးဆင်းတယ်။

လူကြီးကလည်း သူ့ကိုရန်လုပ်ဖို့ အသင့်စောင့်နေတယ်။

အနီးရောက်တာနဲ့ ကိုအေးထွန်း လူကြီးလည်ပင်းကို ဖက်ပြီး လှဲချလိုက်တယ်။

လူကြီးကလည်း သူ့လည်ပင်းကိုအမိအရဖက်ပြီး ပြန်လှဲတယ်။

နှစ်ယောက်စလုံး ရေထဲလဲကျသွားတယ်။

တစ်ယောက်ကိုတစ်ယောက် အနိုင်ရအောင် သက်ပုတ်ရင်း ရေထဲမှာ လုံးထွေးနေကြတယ်။





သတ်ပုတ်ရင်း ကိုအေးထွန်းလူကြီးရဲ့လည်မျိုကို လက်နှစ်ဖက်နဲ့ညှစ်မိသွားတယ်။

လူကြီးကလည်း ကိုအေးထွန်းရဲ့လည်ပင်းကို အတင်းဖျစ်ထားတယ်။

အဲဒီအချိန်မှာပဲ လူကြီးဆီက အသံထွက်လာတယ်။

"တိတ်ကောင် တော်တော့ကွာ၊ ငါမောနေပြီ"

ကိုအေးထွန်း သူ့လက်တွေကို ဖြည်လိုက်တယ်။

လူကြီးကလည်း ကိုအေးထွန်းလည်ပင်းကို ဖျစ်ထားတဲ့ သူ့လက်တွေကို ဖယ်လိုက်တယ်။

ကိုအေးထွန်း လူကြီးကိုဘာမှမပြောဘဲ ကန်ပေါင်ပေါ် ပြန်တက်လာတယ်။

စောစောက သရက်ပင်အောက်မှာထိုင်တယ်။

ခဏနေတော့ လူကြီးလိုက်လာတယ်။ ကိုအေးထွန်း ဘေးမှာ ဝင်ထိုင်တယ်။

"မင်းတော်တော်အားကောင်းတာပဲ

နောင်လည်းလာချင်လာခဲ့။

ဒီနေ့လည်းငါးတွေ အများကြီးပေးလိုက်မယ်။

ကဲ ငါလည်းပြန်တော့မယ်ဟေ့"လို့ပြောပြီး ကိုအေးထွန်း



www.burmeseclassic.com

www.burmeseclassic.com



သောကနေ ထသွားတယ်။

လေးငါးလှမ်းပဲလှမ်းရသေးတယ် ကိုအေးထွန်း မျက်စိရှေ့မှာပဲ ဖျတ်ခနဲပျောက်သွားတယ်။

အခြေအနေကို ရိပ်စားမိတဲ့ ကိုအေးထွန်းလည်း ငါးထောင်ထားတဲ့ကိုင်းတွေကို အမြန်လိုက်နှုတ်ပြီး အိမ်ပြန်ပြေးခဲ့ရတယ်။

ငါးမျှားချိတ်မှာ မိတဲ့ငါးတွေကိုတောင် အိမ်ရောက်မှ ဖြုတ်ရတယ်။

ငါးတွေအများကြီး ပေးလိုက်မယ်ဆိုတဲ့ လူကြီးပြောသလိုပဲ အံ့သြလောက်အောင် ငါးတွေရတယ်။

ပုံမှန် ငါးရံ့၊ ငါးခူ၊ ငါးဇင်ရိုင်း အကောင်သေးတွေ ၂၀ သား၊ ၂၅ ကျပ်သားလောက်ပဲ ရတဲ့နေရာက နှစ်ချို့ငါးရံ့ကြီးတွေ၊ ငါးခူကြီးတွေ ၂ ပိဿာ ၅၀၊ ၃ ပိဿာလောက်ရတယ်လို့ ကိုအေးထွန်းက ပြောပြပါတယ်။

အဲဒီလို ဦးညိုကန်ဆိုတာ မိုလ်တဲရပ်ကွ ရဲ့အနောက်ဘက် မလှမ်းမကမ်းမှာရှိပါတယ်။ သရဲ၊ တစ္ဆေခြောက်တယ်လို့လဲ နာမည်ကြီးပါတယ်။

စာရေးသူ ကိုအေးထွန်းကို မေးကြည့်မိ သေး။

အဲဒီလူကြီးက အနီးအပါးရပ်ကွက်တွေ၊ ရွာ ွက ရ





တစ်ယောက်များ ဖြစ်နေမလား။

"မဟုတ်ဘူး ဆရာရဲ့၊ ကျွန်တော် ဒီမှာနေလာတာ အနှစ် ၂၀ လောက်ရှိပြီ။

သူ့လို လူမျိုးမပြောနဲ့၊ ဆျောင်ထုံးပါတဲ့လူ၊ ထိုးကွင်းရှိတဲ့လူတောင် တစ်ယောက်မှ မတွေ့ဖူးဘူး"

"ဒါဆိုရင် အဲဒီလူကြီးနဲ့ နပန်းလုံးရတာနဲ့ လူတစ်ယောက်နဲ့နပန်းလုံးရတာ ကွာခြားမှုရှိလား"

"ဟုတ်တယ်ဗျ၊ သူများတွေပြောတာကြားဖူးတယ်။ သရဲနဲ့ နပန်းလုံးရင် ရာဘာရုပ်ကြီးနဲ့နပန်းလုံးရသလိုပဲ။

လက်သီးနဲ့ထိုးရင်လည်း ဖွဲအိတ်ကြီးကို ထိုးရသလိုပဲတဲ့။

ကျွန်တော်တွေ့တဲ့လူကြီးကတော့၊ နာနာဘာဝက လူအသွင်ယူထားတာကြောင့် ပကတိလူတစ်ယောက်အတိုင်းပါပဲ။

ပြန်သွားတော့လည်း ကျွန်တော့်မျက်စိရှေ့မှာတင် ဖျတ်ခနဲပျောက်သွားတာ။

သရဲမှ သရဲအစစ်ပါ"

"နောက်ရော အဲဒီလူကြီးနှင့် ထပ်တွေ့သေးလား"

"သုံးခါလောက်ထပ်တွေ့သေးတယ်။ တွေ့တိုင်းလည်း ဆျောင်ထုံးနဲ့၊ အကျီကျွတ်၊ ပုဆိုးခါးတောင်းကျိုက်နဲ့ ထိုးကွင်း



www.burmeseclassic.com

www.burmeseclassic.com

မှင်ကြောင်တွေနဲ့ပဲ။

ကျွန်တော့်ကိုမြင်ပေမယ့် ဘာစကားမှမပြောဘူး၊ သူ့လမ်း သူဆက်သွားတယ်။

နောက်ဆုံးအကြိမ်တွေ့တုန်းကတော့ သူတစ်ယောက်တည်း မဟုတ်ဘူးဗျ၊ အဖော်နှစ်ယောက်ပါ ပါတယ်။

ထူးခြားတာက သူတို့သုံးယောက်စလုံး ခွေချင်ထုံးတွေနဲ့ ချည်းပဲ။

အကျီကျွတ်၊ ပုဆိုးခါးတောင်းကျိုက်ထားတယ်။

ပြီးတော့ သုံးယောက်စလုံး ထိုးကွင်းမင်ကြောင်တွေနဲ့ ချည်းပဲဗျ။

အဲဒီနောက်ပိုင်း ကျွန်တော်ကျတ်ကုန်းမြေထဲ မသွားလို့ ဒီလူကြီးတွေနဲ့ ထပ်မတွေ့ရတော့ဘူး”

ကိုအေးထွန်းက ကျတ်ကုန်းမြေမှာ သူဆုံတွေ့ခဲ့တဲ့နာနာ ဘာဝလူကြီးအကြောင်း အဆုံးသတ်လိုက်ပါတယ်။

ဒီကျတ်ကုန်းမြေမှာ တစ္ဆေသရဲ၊ ပြိတ္တာတွေ ကျတ်တွေ အများအပြား နေထိုင်ကြတဲ့အကြောင်း စာရေးသူကြားဖူးပါတယ်။

ကျတ်ကုန်းမြေထဲဝင်လာသူတွေကို နည်းအမျိုးမျိုးနဲ့ ခြောက်လှန့်တာ၊ အကောင်အထည်ပြတာတွေ လုပ်တတ်တယ်လို့





သိရပါတယ်။

ထူးခြားတာတစ်ခုကတော့ နာနာဘာဝ ဘွက လူနဲ့နပန်း လုံးတဲ့အချက်ပါ။

စာရေးသူ ရေးသားထုတ်ဝေခဲ့တဲ့ ဆွဲကြိုးချကုန်းကတစ္ဆေ စာအုပ်မှာလည်း ကိုယ်တွေ့ကြုံသူတစ်ဦး ပြောပြလို့ အလားတူ အကြောင်းအရာမျိုး ရေးသားတင်ပြခဲ့ပါတယ်။

စာမူရဲ့ခေါင်းစဉ်က “နပန်းသရဲ”ပါ။

ကျတ်ကုန်းမြေလယ်ထဲမှာ လူငှားသွားလုပ်သူတစ်ဦး နာနာဘာဝကောင်ရဲ့ နှောင့်ယှက်တာကိုခံရတဲ့အဖြစ်အပျက်ပါ။

ညမှောင်တာနဲ့ နာနာဘာဝကောင်ရောက်လာပြီး စိန်ခေါ် တယ်။

လူနဲ့နပန်းလုံးတယ်။

မောမှရပ်တယ်။

နေ့စဉ်နေ့တိုင်း ရောက်လာပြီး နပန်းလုံးတဲ့နာနာဘာဝ ကောင်ကို လူကစိတ်မရှည်တော့ဘူး။

တစ်ညမှာ လူက နာနာဘာဝကောင်ကို ဓားနဲ့လိုက် ခုတ်တယ်။

ဒီတော့မှ နပန်းလုံးတဲ့ကိစ္စ နိဂုံးချုပ်သွားတယ်လို့ ကိုး


www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြုံသူက ပြောပါတယ်။

တစ်ခါ "သိုက်ဆက်သော်သော်လွင်စာအုပ်ထဲမှာလည်း သရဲတစ္ဆေက နပန်းလုံးတဲ့အကြောင်းရေးသားခဲ့ပါတယ်။

၂၆ နှစ်ကြာမှ နာနာဘာဝဘဝက လွတ်မြောက်သူ" စာမူထဲမှာပါ။

ကိုယ်တွေ့ကြုံသူ ၃ ဦး ပြောပြတဲ့အဖြစ်အပျက်သုံးခုကို စာရေးသူ နှိုင်းယှဉ်ဝေဖန်မိပါတယ်။

တစ္ဆေသရဲတွေရဲ့ ပြုကျင့်လေ့ရှိတဲ့ သဘာဝထဲမှာ အပုပ်နံ့ပေးတာ၊ အကောင်အထည်ပြတာအပြင် လူနဲ့နပန်းလုံးတတ်တဲ့ အမူအကျင့်တစ်ခုလည်း ရှိလိမ့်မယ်လို့ ထင်မိပါတယ်။

ဒီတစ်ခါ ကြုံရတဲ့အဖြစ်က သရဲခြောက်တယ်လို့ ပြောရမလား။

သေသူရဲ့ဝိညာဉ်၊ ကိုယ်ထင်ပြတယ်လို့ပြောရမလား၊ တစ်ခုခုတော့ တစ်ခုခုပဲ။

ဖြစ်ပုံက ဒီလိုပါ။

ကျွန်တော်တို့ရပ်ကွက်ထဲမှာ တင့်ဆွေဆိုတဲ့ လူတစ်ယောက် ရှိတယ်။

တစ်နေ့ ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပြီး တင့်ဆွေသေသွားတယ်။





ရပ်ရွာထုံးစံအတိုင်း တင့်ဆွေအလောင်းမြေကျဖို့ အားလုံးဝိုင်းလုပ်ကြရတယ်။ အဲဒီအထဲမှာ ကျွန်တော်လည်း ရှေ့ဆုံးကပေါ့။

ရဲမှုခင်းနဲ့ဆိုင်တဲ့ ကိစ္စဆိုတော့ အလောင်းဆေးရုံပို့တာ၊ ဆေးရုံကနေ အိမ်ကိုပြန်သယ်တာ၊ ရေလုံတိုက်တယ်ခေါ်တဲ့ အလောင်းကို ရေချိုးပေးတာ၊ အလောင်းစပ်ပြင်တာအားလုံး ကျွန်တော်ဦးဆောင်ပြီးလုပ်တယ်။

နာရေးမဏ္ဍပ်နဲ့ စားပွဲကုလားထိုင်ကိစ္စကိုတော့ ဦးဖွေးမောင်တို့၊ ဦးတင်သန်းတို့ သာရေးနာရေးအသင်းက တာဝန်ယူတယ်။

ပြောရဦးမယ် ရုတ်တရက်သေတဲ့ အစိမ်းသေမို့လား မသိဘူး။ တင့်ဆွေကလည်း ခြောက်လိုက်တာ ပြောင်းဆန်နေတာပဲ တစ်ရပ်ကွက်လုံးကို မအိပ်ရဘူး။

ညညဆို ခွေးတစ်စီစီနဲ့ ရပ်ကွက်နံ့အောင် လျှောက်သွားနေတယ်။

ညဘက်လျှောက်သွားနေတဲ့သူ၊ အသုဘအိမ်ကို သွားတဲ့လာတဲ့သူမှန်သမျှ တင့်ဆွေခြောက်တာခံရတယ်။

ညဘက်အမှောင်ကြီးထဲမှာ နောက်ကနေ ပုခုံးပုတ်ခံရတဲ့သူခံရ၊ ကျောပုတ်ခံရတဲ့သူခံရ။

တစ်ချို့ကျတော့လည်း ရေနဲ့ပတ်တာခံရတယ်။


www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ရင်းနှီးသူတွေရဲ့အိမ် ညီအစ်ကိုမောင်နှမအိမ်သွားပြီး အိမ်ထရံကို တဘုံးဘုံးပုတ်တယ်။ အိမ်ကို သိမ့်ခနဲ သိမ့်ခနဲ ခါရမ်းသွားအောင် လှုပ်တယ်။

မနက်လင်းတာနဲ့ ညကတင့်ဆွေလာပြီး အိုးတွေခွက်တွေ လှန်တယ်၊ ဇောင်တွေလာဆွဲတယ်၊ အိမ်ထရံကိုပုတ်တယ်။ လာလှုပ်တယ်နဲ့ ပြောကြဆိုကြတဲ့ စကားတွေ တစ်ရပ်ကွက်လုံး ညံနေတယ်။

ကျွန်တော်လည်း ဝေယာဝစ္စ ဝိုင်းကူလုပ်ရင်း အိမ်တောင် မပြန်ဖြစ်ဘူး။

နေ့ရောညရော အသုဘအိမ်မှာပဲ အချိန်ကုန်နေတယ်။

တစ်ရပ်ကွက်လုံး ခြောင်းဆန်အောင် တင့်ဆွေခြောက်နေပေမယ့် ကျွန်တော့်ကိုတော့ တစ်ခါပဲခြောက်တယ်။

တစ်ညမှာ

အိမ်ပေါ်က ရှိုးဝိုင်းကို အကောက် ကောတ်ပေးနေရင်း အပေါ့သွားချင်လို့ အိမ်အောက်ဆင်းခဲ့တယ်။

ခြေရင်းဘက်ကပတ်ပြီး အမှောင်ရိပ်ကျတဲ့ အုန်းပင်ခြေရင်းမှာ ထိုင်လိုက်တယ်။

မှန်တာပြောရရင် သရဲအရမ်းကြောက်တယ်၊ လူပြောများလွန်းလို့ ထင်ပါရဲ့ ကြောက်စိတ်တွေ ကျွန်တော်တစ်ကိုယ်လုံး ဖုံးလွှမ်းနေတယ်။

မနေအောင့်နိုင်တော့လို့သာ အိမ်အောက်ဆင်းရတာ၊ ဘယ်အချိန် ဘယ်လိုခြောက်လိမ့်မလဲဆိုတာ တွေးရင်းလန့်နေတယ်။

ကြောက်ကြောက်နဲ့ အပေါ့ထိုင်သွားတယ်။ မြန်မြန်သွားပြီး မြန်မြန်ထတယ်။

အိမ်ပေါ်အမြန်တက်ပြေးဖို့ ဟန်ပြင်နေတုန်းမှာပဲ ကျွန်တော် ပခုံးကို ဖန်းခနဲရိုက်တာ ခံလိုက်ရတယ်။

ကျွန်တော်တစ်ကိုယ်လုံး တုန်လှုပ်သွားတယ်။ ကြောက်လွန်းလို့ ခေါင်းနပန်းတွေတောင် ကြီးသွားတယ်။

ကျွန်တော် လှည့်တောင်မကြည့်မိဘူး။ လှေကားကနေ တဒုန်းဒုန်းမြည်အောင် အိမ်ပေါ်ပြေးတက်သွားခဲ့တယ်။

အဲ့ဒီအဖြစ်က တင့်ဆွေရဲ့အလောင်းကို မသင်္ဂြိုဟ်မီညက ကြုံခဲ့တဲ့အဖြစ်ပါ။

ဒီလိုနဲ့ အသုဘ သုနစ်ရက်လည်တဲ့နေ့ကိုရောက်လာတယ်။

ကျွန်တော်တို့ ကညွတ်ကွင်းမြို့မှာ ထုံးစံတစ်ခုရှိတယ်။

သေတာ ငါးရက်ပြည့်ရင် ရက်လည်ဆွမ်းသွတ်လေ့ရှိတဲ့ ထုံးစံပဲ။




မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



တင့်ဆွေအသုဘမှာလည်း ငါးရက်ပြည့်တဲ့နေ့မှာ ရက်လည်ဆွမ်းသွပ်ပြီးပြီ၊ နာရေးမဏ္ဍပ်လည်း ဖျက်ပြီးပြီ၊ စားပွဲတွေကုလားထိုင်တွေလည်း ပြန်ပို့ပြီးပြီ။

ဆိုရရင် အိမ်ရှေ့မှာ ရှင်းလင်းနေပြီ။

အိမ်အပေါ်မှာပဲ အသုဘအိမ်စောင့် ပိုကာဝိုင်းလေးတစ်ဝိုင်းပဲ ရှိနေတယ်။

ကျွန်တော်ကတော့ အိမ်ကိုမပြန်ရသေးဘူး။ အသုဘအိမ်မှာပဲ ရှိနေသေးတယ်။

ည(၁၁)နာရီလောက်မှာ ပိုကာဝိုင်းထဲက တစ်ယောက်က ဘီယာသွားဝယ်ပေးဖို့ အကူအညီတောင်းတယ်။

ဘီယာဖိုးပိုက်ဆံယူပြီး ကျွန်တော်အောက်ဆင်းလာခဲ့တယ်။ အဲဒီမှာ ကျွန်တော်တင့်ဆွေကိုတွေ့လိုက်ရတာပဲ။

အိမ်ရှေ့ခြံအပြင်ဘက် မန်ကျည်းပင်ကိုမှီပြီး တင့်ဆွေရပ်နေတာကို တွေ့ရတယ်။

လူ့ဘဝက သေလွန်ပြီး ဘဝသစ်ကို ကူးပြောင်းသွားတဲ့သူ ...။

ဘယ်လိုလုပ်ပြီး ဘဝဟောင်းက လူပုံသဏ္ဍာန်အတိုင်း အကောင်အထည် ပြနိုင်ရတာလဲ။





ကျွန်တော် ဉာဏ်တစ်ထွာတစ်မိုက်နဲ့ ဘယ်လိုမှ စဉ်းစားလို့မရဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်မြင်နေရတာကတော့ တင့်ဆွေမှ တင့်ဆွေအစစ်ပါ။

အရပ်ရှည်ရှည် ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်းနဲ့။

အကျႌမဝတ်ဘဲ၊ ဒူးဖုံးရုံဘောင်းဘီတိုနဲ့ ...။

သူမသေခင်တုန်းက မြင်နေကျ တွေ့နေကျအတိုင်းပဲ။

တင့်ဆွေဟာ အိမ်ပေါ်ကိုငေးကြည့်နေတယ်။

နာနာဘာဝတစ်ယောက်အနေနဲ့ အိမ်ပေါ်တက်ခွင့်မရတာများလား၊ ကျွန်တော်စဉ်းစားမိတယ်။

တင့်ဆွေကိုကြည့်ပြီး ကျွန်တော်သနားလာတယ်။ ဝမ်းနည်းပြီး ဆို့နစ်လာတယ်။

"တင့်ဆွေ မင်းမသေသင့်ဘဲနဲ့ သေရတယ်ကွာ၊ ဝမ်းနည်းလို့မဆုံးဘူး"

ပြောနေရင်းက ကျွန်တော် ဘယ်လိုမှ ထိန်းလို့မရတော့ဘူး။ ရှိုက်ကြီးတငင် ငိုချလိုက်မိတယ်။

ကျွန်တော့်ငိုသံကြောင့် ဘာဖြစ်တာလဲလို့ လှမ်းမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တင့်ဆွေကိုလက်ညှိုးထိုးပြတယ်။

"ဒီမှာ တင့်ဆွေရပ်နေတယ်ကွာ၊ ငါ့သနားလို့ငိုမိတာပါ"

ကျွန်တော် အိမ်ပေါ်ပြန်တက်လာခဲ့တယ်။

တင့်ဆွေကို သူ့မိန်းမကလည်း မြင်ပုံရတယ်။

"ကိုတင့်ဆွေ ကျွန်မတို့မိသားစုကို ရက်ရက်စက်စက် ထားခဲ့ပြီးမှ ဘာကြောင့် ပြန်လာကြည့်ရတာလဲ"လို့ပြောပြီး တဟီး ဟီး အော်ငိုနေတယ်။

တင့်ဆွေလည်း ညှိုးငယ်တဲ့မျက်နှာထားနဲ့ကြည့်နေရင်းကနေ လမ်းမကြီးအတိုင်း မြောက်ဘက်ကို ထွက်သွားတာတွေ့ရတယ်။

ခဏနေတော့ မြောက်ပိုင်းတစ်ပိုင်းလုံး ခွေးအူသံ၊ ခွေးဟောင်သံတွေ ဆူညံအောင်ကြားရတော့တာပဲ။

ဒီဖြစ်စဉ်မှာ ဝိညာဉ်ဘဝရောက်သွားတဲ့ တင့်ဆွေရဲ့ရုပ်သွင်ကို ကျွန်တော်မြင်ရတယ်။ သူ့မိန်းမလည်း မြင်ရတယ်လို့ပြောတယ်။

ဘာကြောင့်လဲတော့မသိဘူး၊ တခြား ဘယ်သူ တစ်စုံတစ်ယောက်မှ မမြင်ရဘူးလို့ ပြောကြပါတယ်။

တင့်ဆွေရဲ့ဇနီးဖြစ်သူ အမှန်တစ်ကယ်မြင်တာ၊ တွေ့တာ ဟုတ် မဟုတ် ကျွန်တော်မသိနိုင်ပေမယ့်။





သေလွန်ပြီးတဲ့ တင့်ဆွေရဲ့ဘဝသစ်ကဝိညာဉ်ကို ကျွန်တော် အမှန်တကယ်မြင်လိုက်၊ တွေ့လိုက်ရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

စာရေးသူ ယခုတင်ပြခဲ့တဲ့ဖြစ်ရပ်တွေက ...

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ဗိုလ်တဲရပ်၊ ကွက်သစ်ပိုင်းမှာနေထိုင်တဲ့ ကိုအေးထွန်း (အမည်ရင်း)ကြုံတွေ့ခဲ့တဲ့ ဖြစ်ရပ်တွေပါ။

လက်ခံယုံကြည်ရန် ခက်ခဲသူဖြစ်စေ ...

စာရေးသူ တင်ပြတာထက်ပိုပြီး အသေးစိတ်သိရှိလိုသူ ဖြစ်စေ။

ကိုအေးထွန်းနဲ့ ကိုယ်တိုင်တွေ့ဆုံမေးမြန်းနိုင်ပါကြောင်း။

*စာဖတ်သူများအား ထာဝရချစ်ခင်လေးစားလျက်*

*မောင်မှိုင်းညို့(ချောင်းဦး)*

*၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၆)ရက်*



www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းကုန်းဟောင်းက နာနာဘာဝ

တားတော့ဝါးတော့မည့်အလား
အမျက်ချောင်းချောင်း ထွက်နေသော
မျက်လုံးများနှင့်ကြည့်တာ
မင်း အခုထက်ထိ ဇာ်ပတ္တမြားကို
မြန်မပို့သေးဘူး၊
မနက်ဖြန်ညနေ မိုးချုပ်လို့မှ လာမပို့ရင်
မင်းတို့တစ်မိသားစုလုံး သေချင်းဆိုးနဲ့သေစေရမယ်။





ကိုမိုးထွန်းမှာ သားငယ်လာပို့သော ထွန်နားစာ ထမင်းကြမ်းကြော်နှင့် စိမ်းစားငါးပိဖုတ်ကို မြိန်ယှက်စွာ စားသောက်နေရင်းမှ သူထိုင်နေရာ ရှေ့တည့်တည့် လေးငါးတောင်ခန့် အကွာတွင် တည်ရှိနေသော လူသုံးလေးယောက်ဖက်လောက်မျှရှိသော သစ်ယာပင်ကြီးဆီ အကြည့်ရောက်သည်။ ပင်ခြေမှ အဖျားထိတိုင် ဖြောင့်စင်းစွာရှိနေသော သစ်ယာပင်ကြီးကို ကြည့်နေရင်းမှ ...

"အင်း အခုနေ ဒီအပင်ကြီးကိုလှဲပြီး သစ်ခွဲလိုက်ရရင်တော့ ဒီခေတ်ဈေးနဲ့ တော်တော် တွက်ချေကိုက်မှာပဲ" ဟု စဉ်းစားမိလေသည်။ ထိုသို့စဉ်းစားမိစဉ်မှာပင် သူ့အဖေကြီး မသေဆုံးမီက မှာကြားခဲ့သော စကားအချို့ကို နားထဲပြန်ကြားယောင်လာသည်။

"ဇာ်သား၊ မင်းက အဖေပိုင်တဲ့ ဒီလယ်မြေတွေကို ဆက်ခံပြီး လုပ်မယ့်ကောင်ဆိုတော့ အဖေမှာခဲ့မယ်။ မင်း သေသေချာချာ နားထောင်၊ ဟောဒီ ကျောင်းကုန်းတစ်ခုလုံးဟာ မြေဧရိယာအတိုင်း အတာအရဆိုရင် တစ်ဧကနဲ့ ဒဿမနှစ်ဆယ် သူတို့အခေါ် တစ် ဒဿမ နှစ်ဧကပေါ့ကွာ။ အဲဒီလောက်ရှိမယ်။ ဒီမြေဧရိယာအားလုံးဟာ အဖေရဲ့ဦးပိုင်ထဲမှာ ပါနေတော့ အဖေ့လယ်မြေစာရင်းပေါက်ဆယ်ဧကထဲမှာ ဒီကျောင်းကုန်းကြီးပါ ပါနေတာ။ ဒီနေရာဟာ ရှေးတုန်းက ဘုန်းကြီးကျောင်းနေရာ ဖြစ်ခဲ့လေတော့ သားမြင့်

www.burmeseclassic.com

အတိုင်းပဲ နှစ်ရှည်အပင်ကြီးတွေနဲ့ ခြုံနွယ်ပိတ်ပေါင်းတွေနဲ့ တောအုပ်တစ်ခုလို ဖြစ်နေတာ။ အဖေတို့ ဘာမှ စိုက်လို့ မရဘူး။ ဒီတော့ နှစ်နာတာပေါ့။ ဒါပေမယ့် အဲဒီလို နှစ်နာတယ်ဆိုတဲ့ အတွေးနဲ့ ဒီမြေကို တိုးချဲ့ပြီး လယ်စိုက်လို့ရအောင် ခုတ်ထွင်ဖို့တို့ အဲဒီထဲက သစ်ပင်ကြီးတွေကို ခုတ်လှဲယူဖို့တို့ ဘယ်တော့မှ မတွေးလေနဲ့သား၊ သိပ်အန္တရာယ်ကြီးတယ်။ ဒီကျောင်းကုန်းမှာ အစောင့်တွေရှိတယ်ဆိုတာကို သားနှလုံးပိုက်ထားပေတော့"

ထိုစကားကို ပြန်လည် ကြားယောင်မိစဉ်တွင် ကိုဖိုးထွန်း တစ်ယောက် ကျောထဲ စိမ့်ခနဲ ဖြစ်သွားပြီး၊ သူ၏စိတ်တူးကို အမြန်ဆုံး ချေဖျက်လိုက်တာ စားလက်စထမင်းကို လက်စသတ်လိုက်သည်။ ထို့နောက် ရေနွေးကြမ်းတစ်ခွက် နှစ်ခွက်သောက်ပြီး လယ်ထဲ ပြန်ဆင်းမည်ပြုစဉ် သားငယ်ဘယ်ရောက်နေမှန်း မသိသောကြောင့် အော်တစ်ခေါ်လိုက်သည်။

"သားရေ ... သား၊ ဖိုးတာ တာ ဒီကောင်လေး ဘယ်များသွားနေလဲ မသိဘူး"

"လာပြီဗျို့"

အော်တစ်ထူးသံနှင့်အတူ သားငယ်က တဖုံးဖုံး ပြေးလာသည်။ မောကြီးပန်းကြီး ပြေးလာသော သားငယ်၏ လက်ထဲတွင်





လေးခွတစ်လက်ကို အဆင်သင့်ကိုင်ထားလျက် ...

"သား ... မင်း ဘယ်တွေ လျှောက်သွားနေတာလဲ"

"အဖေသားကို တစ်ခါပြထားတဲ့ ကျောင်းတိုင်အုတ်ဖိနပ် အပျက်တွေရှိတယ်ဆိုတဲ့ နေရာမှာဗျာ၊ ကြောင်ကြီးတစ်ကောင် ငုတ်တုတ်ကြီးထိုင်နေတာတွေ့တာနဲ့ သား လေးခွနဲ့ပစ်တာ နီးနီးလေးဖြစ်ပြီးတော့ မမှန်ဘူး။ ဒါနဲ့ သားက လွယ်အိတ်ထဲက လောက်စာလုံးတွေ ထပ်ယူပြီး ရှေ့တိုးပစ်မယ်လည်း လုပ်ရော အဲဒီနေရာမှာ ကြောင်ကြီးမဟုတ်တော့ဘဲ ခြေသလုံးလောက်ရှိတဲ့ မြွေကြီးတစ်ကောင် ခွေနေတာဗျာ၊ အဲဒါနဲ့ သားလန့်ပြီးထွက်ပြေးလာတာ"

"ဟုတ်ရောဟုတ်ရဲ့လား သားရာ၊ မင်းမျက်စိမှားတာရော မဖြစ်နိုင်ဘူးလား"

"ဟာ ... ဟုတ်တယ်ဗျ၊ အဖေရ မြွေကြီးခွေနေတာမှ နွားချေးပုံကြီးလောက်ကိုရှိတယ်"

"အဲဒါဆို ပြတာနေမှာပဲ၊ မင်းကွာ အဖေပြောထားရက်နဲ့ ဒီကျောင်းကုန်းထဲ လျှောက်သွားပြီး ခြေကမြင်း လက်ကမြင်း မလုပ်နဲ့ဆို လုပ်မိအောင်ကို လုပ်သေးတယ်၊ ကဲကဲ ... ဒီထမင်းချိုင့်တွေ ရေနွေးအိုးတွေယူပြီး ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com

သူကသားယဲကို ပြောပြီးသည်နှင့် တစ်ဆက်တည်းမင် ကျောင်းကုန်းအတွင်းပိုင်းဘက်သို့လှည့်၍ ကိုယ်ကိုညွတ်ပြီး ပါးစပ်က တွတ်တွတ်လုပ်ကာ သားယဲလေးအမှားရှိရင် ခွင့်လွှတ်ပါရန် တောင်းပန်လိုက်သည်။ သားယဲပြန်သွားသောအခါ သူလည်း လယ်ထဲပြန်ဆင်းကာ ထယ်ကို ဆက်မောင်းသည်။ မကြာမီ သူ မောင်းနေသော အကွက်စပ်သွားပြီး နေကို မော့ကြည့်သောအခါ ထယ်ဖြုတ်ရန် အချိန်စောနေသေးသောကြောင့် သူက နောက်တစ်ကွက်သို့ ပြောင်းရွှေ့၍ ထိုးလေသည်။ ယခု သူထိုးရမည့်အကွက်မှာ ကျောင်းကုန်းဘေးကပ်လျက် အကွက်ဖြစ်နေသောကြောင့် ခြေကင်း လက်ကင်း ဖိုးကောင် မှားတွေ [illegible] အန္တရာယ်ကအစ အထူးသတိထားပြီး ထိုးရမည်ကို သူသိသည်။ ရှေးဦးစွာ လယ်ကို ခရုပတ်ပတ် ထိုးလာရင်း ကျောင်းကုန်းနှင့် ဆက်စပ်နေသော နှုတ်ခမ်းသို့ ရောက်လာသည်။ ကိုင်းပင်မြက်ပင်များ ရှုပ်ထွေးနေသည့်အပြင် အချို့သစ်ပင်များမှ လယ်သားထဲအထိ ထိုးဆင်းလာသော သစ်မြစ်များကြောင့် အထိုးရခက်နေလေသည်။ တစ်နေရာအရောက်တွင် အောက်မှ"ခွပ်"ဟူသောအသံနှင့်အတူ ထယ်တုံးမှာ အပေါ်သို့ ခုန်တက်လာသောကြောင့် သူကထယ်သွားလမ်းကြောင်းလွှဲ၍ နွားခြေထောက်ကို သွားမထိုးမိစေရန် ဂရုစိုက်ပြီး ဆွဲနှင်းလိုက်





ရသည်။ ထို့နောက် နွားများကို ရပ်ထားပြီး အောက်တွင်ဘာရှိသနည်းဟု သူငုံ့ကြည့်လိုက်မိသည်။ သူတွေ့လိုက်ရသည်မှာ ထယ်သွား ထိုးဖဲ့သွားရာလမ်းကြောင်းအောက် မြေသားပေါ်တွင် ပေါ်လာသော မျက်နှာပြင် ညီညာသည့် မာကျောသောအရာတစ်ခု။ အရောင်က ရွှေညိုရောင်ထနေသည်။ သူကသေချာအောင် လက်နှင့်ကိုင် စမ်းကြည့်လိုက်သည်။ အုတ်နီခဲ သို့မဟုတ် ကျောက်ပြားတစ်ပြားဟု သူ့ တွက်ဆပြီး နှုတ်ခမ်းအစကိုရှာ၍ လက်နှင့်ကုတ်ထုတ်ယူသည်။ ထိုအရာဝတ္ထုကမလှုပ်၊ ထိုအခါသူက ကန်သင်းစုံပေါ်တွင် ထားခဲ့သောပေါက်တူးကို သွားယူရတော့သည်။

သူက ပေါက်တူးကိုယူလာပြီး ထိုမာကျောသောအရာကို လှည့်ဝိုက်၍ ပေါက်ယူလိုက်သည်။ ဘေးမှ မြေသားများကို ချဲ့ယူပြီး ပေါက်ထုတ်လိုက်သောအခါ ထိုအရာမှာလည်း၍ ပါလာလေသည်။ ဒီတော့မှပင် ထိုအရာမှာ စတုရန်းကျကျရှိသော ရှေးအုတ်ပြားကြီးတစ်ချပ်ဖြစ်နေကြောင်း တွေ့ရသည်။ ထိုအုတ်ပြားကိုဖယ်ပြီးသောအခါ ထိုနေရာ၏အောက်တကည့်တည့်တွင် နောက်ထပ်အုတ်ပြားတစ်ပြား ရှိနေသည်ကို တွေ့ရပြန်သည်။ ထို့ကြောင့် သူက စိတ်မရှည်စွာနှင့်ပင် ဒုတိယအုတ်ပြားကို ဆက်လက်ပေါက်ထုတ်ရပြန်သည်။ ဒုတိယအုတ်ချပ်ကို ဖယ်ထုတ်လိုက်သောအခါ


www.burmeseclassic.com

www.burmeseclassic.com

အောက်မှ ပေါ်ထွက်လာသော အိုးနှုတ်ခမ်းဝလို အရာတစ်ခုကြောင့် သူက စိတ်ဝင်စားလာပြီး ဆက်၍ တူးဖော်လိုက်သောအခါ စဉ့်အိုး သေးသေးတစ်လုံးဖြစ်နေမှန်း သိရတော့သည်။ သူ၏စိတ်ထဲတွင် ရွှေအိုးများ ဖြစ်နေမလားဟူသော မျှော်လင့်စိတ်ကလေး ဖြစ်ပေါ်လာပြီး အိုးကို အထိအခိုက်မရှိအောင် ပတ်တူး၍ မြေကြီးထဲမှ ဖော်ယူလိုက်လေသည်။ အိုးကလေးမှာ ဆန်နှစ်ပြည်လောက်သာ ဝင်နိုင်သည့် အရွယ်လေးဖြစ်သော်လည်း အထဲတွင် ပြည့်ဝင်နေသော မြေကြီးများကြောင့် လေးလံနေသည်။ သူကအိုးကို ကန်သင်းခုံပေါ် တင်ပြီး အထဲမှ မြေကြီးများကို ဖယ်သည်။ မိုးရာသီဖြစ်သောကြောင့် အပေါ်ယံမြေတစ်ရှို့ ပျော့နေသော်လည်း အောက်ပိုင်းမှ မြေများက နှစ်ရှည်လများ ခိုင်ခဲထားဟန်တူပြီး မာကျစ်သိပ်သည်းနေလေသည်။ ထို့ကြောင့် သူက လယ်ကွက်ထဲတွင် တင်နေသောရေကို လက်ခုပ်နှင့် ခပ်ယူ၍ အိုးထဲသို့ထည့်ပြီး အိုးတွင်းမှ မြေသားများကို နွားရိုက်ကြိမ်လုံးနှင့်ထိုးဆွကာ မြေကြီးများကို တဖြည်းဖြည်း ထုတ်ယူသည်။ အိုးတစ်ဝက်ခန့် မြေကြီးများထုတ်ယူပြီးသောအခါတွင် မည်းညစ်သော ပလတ်စတစ်များ အထပ်ထပ်ထုပ်ထားသည့် အထုပ်ကလေးတစ်ခုကို တွေ့ရလေတော့သည်။ သူက အထုပ်ကလေးကို အိုးထဲမှ ဆွဲထုတ်လိုက်ပြီး တဒိန်းဒိန်းခုန်နေသော





ရင်ဘတ်နားသို့ ပွေ့ချီကပ်ထားလိုက်ကာ တန်ဖိုးရှိတဲ့ ရွှေတွေ ဖြစ်ပါစေဟု ဆုတောင်းနေသေးသည်။ ပြီးမှပင် ဒိတ်လှုပ်ရှားစွာနှင့် အထုပ်ကိုဖြေလိုက်သည်။ ပလတ်စတစ်များကို အထပ်ထပ်ခွာချလိုက်သောအခါ အထဲမှ ယွန်းဗူးလေးတစ်ဗူး ထွက်လာလေသည်။ သူက အလျင်စလို ယွန်းဗူးလေး၏ အဖုံးကို ဆွဲဖွင့်လိုက်သည်။ အဖုံးဖွင့်ထားသည်နှင့်ပင် သူ၏မျက်ဝန်းထဲတွင် ရဲခနဲ အရောင်တစ်ခု လက်သွားသည်ကို သတိထားလိုက်မိလေသည်။ အထဲမှ ထွက်လာသည်မှာက ချိုးဥလောက်နီးနီးရှိသော အနီရောင်ကျောက်တစ်လုံး။ နေရောင်တွင် တဖျတ်ဖျတ် တောက်နေသော ထိုကျောက်လေးကို ကြည့်၍ သူ၏ရင်များကလည်း တဆတ်ဆတ်တုန်ခါနေသည်။ သူ ကြားဖူးနားဝရှိခဲ့သော ဗဟုသုတများအရ ဤကျောက်မှာ ပတ္တမြား တစ်လုံးသာ ဖြစ်ရမည်ဟု သူတွေးမိသည်။ ဒီတစ်ခါတော့ ချမ်းသာ ပြီဟူသော အတွေးကလည်း သူ့ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေစေသည်။ ထိုအချိန်တွင် သူ့အဖေပြောခဲ့ဖူးသော "သိပ်အန္တရာယ်ကြီးတယ်။ ဒီကျောင်းကုန်းမှာ အစောင့်တွေရှိတယ်" ဆိုသည့် စကားများကို ပြန်လည်ကြားယောင်လာပြန်ရာ ကြက်သီးမွေးညင်းများ ထလာပြီး ရုတ်တရက် ဘာဆက်လုပ်ရမည်မသိဘဲ တွေဝေနေမိပြန်သည်။ တစ်ဖန် တစ်ဘက်မှ လိုချင်တပ်မက်စိတ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်နေပြန်သောအခါ အိုဖြစ်ချင်ရာဖြစ်ကွာ၊ ငါနဲ့ထိုက်လို့ ငါ ရတာဘဲဟုတွေးကာ စဉ့်အိုးလေးနှင့်တကွ ကျောက်နီကလေးကိုပါ ယူပြီး ထယ်ဖြုတ်ကာ အိမ်သို့ ပြန်လာခဲ့လေတော့သည်။

✦ ✦ ✦

ကိုဖိုးထွန်းမှာ အိမ်သို့ရောက်သည်နှင့် စဉ့်အိုးလေးနှင့် ပတ္တမြားလုံးကို ရေဖြင့် ဆေးကြောသန့်စင်ပြီး ဇနီးသည်အား တိုးတိုးတိတ်တိတ် ပြသည်။ သူ၏ဇနီးသည် မည္ဂန့်တင်မှာလည်း "ဒီတစ်ခါ တို့ချမ်းသာပြီ"ဟုဆိုကာ ဝမ်းသာမဆုံး ဖြစ်နေရှာတော့သည်။ ထို့နောက်တွင် ဤကိစ္စနှင့်ပတ်သက်ပြီး မည်သူ့ကိုမျှ အသိမပေးရန် လင်မယားနှစ်ယောက်တိုင်ပင်ပြီး စဉ့်အိုးကလေးကို အိမ်ဦးခန်းထောင့်တစ်နေရာတွင် ထားလိုက်ကာ ပတ္တမြားကိုမူ မူလယွန်းဗူးလေးအတွင်း ပြန်ထည့်လျက် သေတ္တာထဲတွင် ထည့်သိမ်းထားလိုက်လေသည်။

ကိုဖိုးထွန်းတို့လင်မယားနှစ်ယောက်မှာ ထုံးစံအတိုင်း တန်မပျက် အိမ်မှုကိစ္စများကို လုပ်နေကြသော်လည်း သူတို့၏ စိတ်ထဲတွင်တော့ ပတ္တမြားကြီးက နေရာယူလွှမ်းမိုးထားပြီး စိတ်ကူးလေးခပ်ယဉ်ယဉ် ဖြစ်နေတော့သည်။ ညဘက် လူခြေတိတ်ချိန်သို့ ရောက်သောအခါတွင် သူတို့နှစ်ဦးမှာ သေတ္တာထဲ ထည့်သိမ်း





ထားသော ယွန်းဗူးကလေးကိုယူ၍ အထဲမှ ပတ္တမြားကြီးကို ထုတ်ကြည့်ကြပြန်သည်။ ရေနံဆီမီးခွက်၏ အလင်းရောင်အောက်တွင် တဖျတ်ဖျတ် လင်းလက်တောက်ပနေသော ပတ္တမြားအရောင်က မျက်စိများပင် ကျိန်းစပ်ချင်စရာ ဖြစ်သည်။ ရတနာများနှင့် ပတ်သက်ပြီး ရေရေရာရာ မသိသော်လည်း ကြားဖူးနားဝ ဗဟုသုတရှိဖူးသော ကိုဖိုးထွန်းက ရေနံဆီမီးခွက်ကိုငြိမ်းလိုက်ပြီး အမှောင်ထဲတွင် ပတ္တမြားကို ထားကြည့်လိုက်သည်။ အမှောင်ထဲ၌ပင်လျှင် ပတ္တမြားလုံး၏ နှစ်လက်မလောက်ပတ်ဝန်းကျင်တွင် နီရဲလင်းလက်သော အရောင်ကလေးများဖြာထွက်နေသည်ကို တွေ့ရသောအခါ ကိုဖိုးထွန်းမှာ အကြီးအကျယ် ဝမ်းသာနေလေတော့သည်။

"မိန်းမရေ ဒီပတ္တမြားကတော့ သိန်းပေါင်းအများကြီးကို တန်မှာကွ၊ တို့ ဘယ်လို ထုခွဲရောင်းချရမယ်ဆိုတာကိုပဲ စဉ်းစားရတော့မယ်"

"လောလောဆယ်တော့ သိုသိုသိပ်သိပ်ထားပါဦးတော်၊ တော်ကြာနေ ကစ်ခြားလူတွေက စွတ်အထင်ကြီးသွားပါဦးမယ်။ နောက်ပိုင်း နွေဦးပေါက်ကျမှ နားလည်တဲ့လူနဲ့ပြပြီး ကြေးခေါ် ရောင်းရမှာပေါ့"

"ဘာဘဲဖြစ်ဖြစ် ငါကတော့ နွေကျရင် ရှင်မပြုဖူးသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အငယ်ကောင်ကို သင်္ကန်းစည်းပေးတော့မယ်တော့၊ ဝက်သားအချိန် နှစ်ရာလောက်ပြောင်ကျွေးပြီး ဆိုင်းစုံဗိုင်းစုံနဲ့ကို ခမ်းခမ်းနားနား ပြုချလိုက်တော့မယ်”

“လှူတာလည်းလှူရမှာပေါ့တော်၊ ကျန်တဲ့ပိုက်ဆံလည်း သိုသိုသိပ်သိပ်နဲ့သုံးသင့်တာသုံး၊ စုသင့်တာစုပေါ့၊ ကျုပ်တို့အပြီး မသတ်သေးတဲ့ ဒီအိမ်ကြီးကိုလည်း အပြီးသတ် အချောကိုင်ပြီး တစ်ခါတည်း ဆွပ်ပါမိုးပစ်လိုက်ရင် မကောင်းဘူးလား”

“ကောင်းတာပေါ့ကွာ လုပ်ရမှာပေါ့”

လင်မယားနှစ်ယောက်စလုံးမှာ စိတ်ကူးယဉ်ကောင်းကောင်း နှင့် ယဉ်နေခဲ့ကြပြီး ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်ခဲ့ကြသည်။

ထိုညသန်းခေါင်ယံကျော်သောအချိန်လောက်တွင် ကိုဖိုးထွန်း မှာ ထူးဆန်းသောအိပ်မက်တစ်ခု မက်လေသည်။ သူ၏အိပ်မက် ထဲတွင် သူကကျောင်းကုန်းပေါ်ရှိ သရက်ပင်ကြီးတစ်ပင်အောက်သို့ ရောက်နေပြီး သူ့ရှေ့တွင် ဖိုးသူတော်ကြီးတစ်ယောက်က လက်ပိုက်ပြီးရပ်လျက် သူ့ကိုစေ့စေ့ကြီးကြည့်နေသည်။ အထက်ဖြူ အောက်ဖြူ ဝတ်ထားသော ဖိုးသူတော်ကြီး၏ပုံစံမှာ ပုပုဝဝနှင့် ဗိုက်ရွှဲရွှဲကြီးဖြစ်ပြီး ပြောင်နေသောခေါင်းတုံးက အရောင် တစ် လက်လက် ထွက်နေသည်။ သူ၏မျက်လုံးများကလည်း စူးရ





တောက်ပြောင်နေပြီး အရောင်တလက်လက်ထွက်နေလေသည်။ ပြီးတော့ ထိုဖိုးသူတော်ကြီးက သူ့အား လက်ညှိုးငေါက်ငေါက် ထိုးလျက် “မင်း ငါ့ပစ္စည်းများကြီးကို ငါ့ခွင့်ပြုချက်မရဘဲ ယူသွား တယ်၊ အမြန်ဆုံးပြန်လာပို့ပါ”ဟုဆိုကာ သူ့ရှေ့မှ ထွက်သွားခဲ့ လေသည်။

ကိုဖိုးထွန်းမှာ မနက်မိုးလင်းသောအခါ ညကမက်ခဲ့သော သူ၏အိပ်မက်ပြန်စဉ်းစားရင်း စိတ်ထဲတွင်အနည်းငယ် ထိတ်လန့် သွားမိလေသည်။ ဇနီးသည်အား သူ့အိပ်မက်အကြောင်းပြောပြရန် စိတ်ကူးမိသော်လည်း ဇနီးသည်မှာမိန်းမသားပီပီ ကြောက်လန့်စရာ အစွဲအလန်းတစ်ခုခု ဖြစ်သွားမည်စိုးသောကြောင့် မပြောတော့ဘဲ မြိုနေလိုက်တော့သည်။ သူ့ကိုယ်သူလည်း အို ငါ့စိတ်က ဒီပစ္စည်းများ ကြီးအကြောင်း စဉ်းစားပြီး အိပ်ပျော်သွားလို့ စွဲလန်းပြီး မက်တာ ပါဟု ဖြေတွေးကာ မေ့မေ့ပျောက်ပျောက်ပင် နေလိုက်တော့သည်။

နောက်တစ်ညတွင်လည်း ကိုဖိုးထွန်းတစ်ယောက် အိပ် ပျော်လျှင်ပျော်ခြင်းပင် အိပ်မက်မက်ပြန်လေသည်။ သည်တစ်ကြိမ် တွင်သူက ကျောင်းကုန်းထဲသို့ရောက်လာခြင်းမဟုတ်ဘဲ ဖိုးသူတော် ကြီးက သူ့အိမ်သို့ရောက်လာခြင်းဖြစ်လေသည်။ ဖိုးသူတော်ကြီးက သူ့အား စားတော့ဝါးတော့မည့်အလား အမျက်ချောင်းချောင်းထွက်



www.burmeseclassic.com

www.burmeseclassic.com



နေသောမျက်လုံးများနှင့်ကြည့်ကာ "မင်းအနုထက်ထိ ငါ့ပတ္တမြားကို ပြန်မပို့သေးဘူး၊ မနက်ဖြန်ညနေမိုးချုပ်လို့မှ လာမပို့ရင်မင်းတို့ တစ်မိသားစုလုံး သေချင်းဆိုးနဲ့သေရစေမယ်" ဟုပြောကာ ကြမ်းပြင်ကို ဖနောင့်ဖြင့် ဒုန်းခနဲနေအောင်ပေါက်ပြီး အိမ်ပေါ်မှ ဆင်းသွားလေသည်။ ထိုအိပ်မက်ဆိုးကြီးကြောင့်ပင် ကိုဖိုးထွန်းမှာ အိပ်ရာမှ လန့်နိုးလာခဲ့လေသည်။ အိပ်ရာမှနိုးနိုးချင်း သူ့တစ်ကိုယ်လုံး ကြောက်စိတ်ဖြင့် တုန်ရီနေသလို ချွေးများ ထွက်နေသည်ကိုလည်း သတိထားမိလေသည်။ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သောအခါတွင် ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ် မှောင်မည်းနေသည်ကြောင့် ကြောက်စိတ်မပြေသည့်အပြင် ပို၍ အားငယ်သလို ဖြစ်လာသည်ကြောင့် သူ့ဘေးတွင် တခေါခေါဟောက်လျက် အိပ်မောကျနေသော ဇနီးသည်အား နှိုးရလေတော့သည်။

"ဟဲ့ ညွန့်တင်၊ ညွန့်တင် ထပါဦးဟ၊ နင်တို့ကလည်း အိပ်လိုက်ရင်အသေပဲဟာ"

"ကိုဖိုးထွန်း ဘာလဲတော့၊ ဘာလုပ်မလို့လဲ"

သူ့အသံကြောင့် နိုးလာသော မညွန့်တင်က အိပ်မှုန်စုံမွှားဖြင့်မေးသည်။

"ဒီမှာ ငါ့အိပ်မက်ဆိုးတွေမက်နေလို့ လန့်လိုက်တာဟာ၊





မီးခွက်ထွန်းပါဦး"

မညွန့်တင်က ကပျာကယာထပြီး မီးခြစ်ကိုစမ်းယူလျက် မီးခွက်ထွန်းလိုက်သည်။ ရေနံဆီမီးခွက်၏အလင်းရောင်အောက်တွင် ဇောချွေးများပြန်နေသော ခင်ပွန်းသည်ကိုဖိုးထွန်း၏မျက်နှာကြီးကို မြင်တွေ့လိုက်ရသောအခါ သူမမှာလည်း စိုးရိမ်စိတ်ဖြင့် ထိတ်ထိတ်ပျာပျာဖြစ်သွားရတော့သည်။

"ကိုဖိုးထွန်း တော်ဘယ်လိုဖြစ်နေတာလဲ"

"ငါ့ကို ရေတစ်ခွက်လောက် ပေးစမ်းပါဟ"

မညွန့်တင်က ရေတစ်ခွက်ပြေးခပ်ပြီး သူ့အားပေးလိုက်သည်။ ကိုဖိုးထွန်းမှာ ရေသောက်ပြီးသွားမှပင် ဟင်းခနဲသက်ပြင်းတစ်ချက်ချလိုက်ပြီး လှုပ်ရှားနေသောစိတ်များ အနည်းငယ်တည်ငြိမ်သွားပြီး အကြောက်လည်း ပြေသလိုဖြစ်သွားလေသည်။

"ပြောပါဦး တော်ဘာတွေဖြစ်နေတာလဲ"

မညွန့်တင်က သူ့အခြေအနေကို အကဲခတ်ကြည့်လိုက်ပြီးမှမေးသည်။ ဒီတော့မှပင် ကိုဖိုးထွန်းမှာလည်း ပထမညက မက်ခဲ့သည့်အိပ်မက်ရော ယခုနောက်ညဆက်မက်သည့်အိပ်မက်ရော နှစ်ခုစလုံးကို ပြောပြလိုက်တော့သည်။ သူ့စကားဆုံးသွားသောအခါ ဇနီးဖြစ်သူမညွန့်တင်မှာလည်း ဘာမှပြန်မပြောနိုင်ဘဲ ငိုင်တွေသွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ မိန်းမသားပီပီတစ်ဖက်မှ ကြောက်စိတ်က လွှမ်းမိုးနေသလို ကျန်သည့်တစ်ဖက်ကလည်း ထိုပစ္စည်းကြီးကို လက်လွှတ်ဆုံးရှုံးရမှာ နှမြောနေမိသည်။

"အဲဒါ တို့ဘယ်လိုလုပ်ကြရင်ကောင်းမလဲ"

ကိုဖိုးထွန်းက တိုင်ပင်သည့်သဘောဖြင့် မေးသည်။

"တော် စိတ်စွဲလို့မက်တာရော မဖြစ်နိုင်ဘူးလားတော်၊ ကျုပ်ကတော့ ကိုယ်နဲ့ထိုက်လို့မှ ကိုယ့်လက်ထဲရောက်လာပြီးသား ဒီပတ္တမြားကြီးကို လွယ်လွယ်နဲ့အဆုံးရှုံးမခံချင်ဘူး"

"အေးကွာ ဒါဆိုလည်း တို့နည်းနည်းစဉ်းစားကြသေးတာပေါ့၊ အစစအရာရာတော့ သတိနဲ့နေမှ ဖြစ်တော့မယ်ဟော့"

ကိုဖိုးထွန်းက စကားစဖြတ်လိုက်ကာ ပြန်အိပ်ရန် အိပ်ရာထဲဝင်သည်။ သူ့ဇနီးသည်လည်း အိပ်ရာထဲပြန်ဝင်သည်။ သို့သော် ဇနီးမောင်နှံနှစ်ဦးစလုံးမှာ အတွေးကိုယ်စီဖြင့် နှစ်မျောနေကြပြီး အိပ်၍ မပျော်နိုင်ကြပေ။ သန်းခေါင်ယံကျော်ပြီး နာရီပြန်(၂)ချက်ထိုးလောက်သို့ရောက်သောအခါတွင် ပြဿနာစလေတော့သည်။ ရှေးဦးစွာ သားငယ်က "ဗိုက်နာတယ်၊ ဗိုက်နာတယ်ဟုဆိုကာ လူးလှိမ့်အော်ဟစ်ပြီး ခဏကြာတော့အိမ်သာသွားသည်။ ထို့နောက်တွင် အိမ်သာတက်လိုက် ပြန်ဆင်းလာလိုက်၊ ဗိုက်နာလာပြီး





ပြန်တက်လိုက်ဖြင့် ဝမ်းများမတရားသွားလေတော့သည်။ ရွာမြောက်ပိုင်းမှ ကျေးလက်ကျန်းမာရေးမှူးကိုသွားပင့်ပြီး ဆေးထိုး ဆေးသောက် လုပ်သော်လည်း မထူးခြား၊ သားငယ်အတွက် စိတ်သောကရောက်နေကြရစဉ်မှာပင် တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို သားကြီးကလည်း "ဗိုက်ထဲမှာမနေနိုင်လောက် အောင် အောင့်နေပါတယ်ဗျ"ဟုဆိုကာ အိပ်ရာပေါ်တွင် လူးလှိမ့်နေတော့သည်။

ကိုဖိုးထွန်းနှင့် မညွန့်တင်တို့မှာ သားနှစ်ယောက်ကို စောင့်ကြည့်ပေးနေရင်းနှင့်ပင် မိုးစင်စင်လင်းခဲ့ရသည်။ မနက်မိုးလင်းသောအခါ မညွန့်တင်ကပါ ဝမ်းသွားလိုက်အော့အန်လိုက်ဖြင့် အထက်လှန် အောက်လျှောဖြစ်လာပြန်ရာ ကိုဖိုးထွန်းတစ်ယောက် ချာချာလည်ထွက်သွားပြီး အကြီးအကျယ် စိတ်နောက်လာတော့သည်။ သားအမိ သုံးယောက်စလုံး အကောင်းသား နေထိုင်နေရင်းမှ ယခုကဲ့သို့ တောက်ကာင်ေကာ တစ်ချိန်တည်း တစ်ပြိုင်တည်း ရောဂါများဖြစ်လာခြင်းအတွက်လည်း သွေးရိုးသားရိုး မဟုတ်နိုင်တော့ဟု သူ့စိတ်ထဲတွင်သံသယ ဖြစ်လာလေတော့သည်။

"မင်း အခုထက်ထိ ငါ့ပတ္တမြားကို ပြန်မပို့သေးဘူး၊ မနက်ဖြန်ညနေ မိုးချုပ်လို့မှ လာမပို့ရင် မင်းတို့တစ်မိသားစုလုံး သေချင်းဆိုးနဲ့ သေစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲတွင် ဖိုးသူတော်ကြီး ကြိမ်းဝါးသွားသော စကားများကို ပြန်လည်ကြားယောင်လာသောအခါ အကြီးအကျယ် စိုးရိမ်ချောက်ချားလာလေတော့သည်။ ထို့ကြောင့် သူနှင့် အိမ်နီးနားချင်းလည်းဖြစ်၊ အစစအရာရာ တွေးခေါ်ဆင်ခြင်တတ်ပြီး အားကိုးအားထားပြုရသော ခေါင်းရင်းခြံတွင်နေသည့် ကိုဘအေးကိုခေါ်ကာ အကျိုးအကြောင်း ဖြစ်စဉ်တစ်ရပ်လုံးကိုပြောပြပြီး တိုင်ပင်ရလေတော့သည်။ ကိုဘအေးက စဉ်းစာချင့်ချိန်ပြီး ပစ္စည်းများကြီးကို ပြန်ပို့ပြီး သူ့နေရာသူထားပေးရန် အကြံပြုလေသည်။ မူလက လောဘဇောကြောင့် ကြောက်ရကောင်းမှန်းမသိခဲ့သော ကိုဖိုးထွန်းမှာ ယခုမှပင် အကြောက်ကြီး ကြောက်နေတော့ကာ ပစ္စည်းပြန်ပို့ရန်ပင် တစ်ယောက်ထဲ မသွားရဲသလိုဖြစ်နေလေသည်။ ထို့ကြောင့် ကိုဘအေးကိုပင် အဖော်အဖြစ်ခေါ်ကာ ပစ္စည်းများ၊ ယွန်းဗူးနှင့် စဥ့်အိုးကလေးတို့ကိုယူဆောင်၍ ကျောင်းကုန်းရှိ သူရခဲ့သော နေရာလေးတွင် မူလပုံစံအတိုင်း ခြေရာလက်ရာမပျက် ပြန်ထားပေးလိုက်လေတော့သည်။ ထူးခြားသည်မှာ ကိုဖိုးထွန်းတို့ ထိုပစ္စည်းများသွားပြန်ထားပြီး ပြန်လာ၍ နာရီဝက်ခန့် ကြာသော အချိန်မှစပြီး သားငယ်၊ သားကြီးနှင့် ဇနီးဖြစ်သူမညွန့်တင်တို့မှာ ရောဂါများ စတင်သက်သာလာပြီး နေ လယ်ပိုင်းသို့ရောက်ချိန်တွင်





အားလုံး အကောင်းပကတိ ဖြစ်သွားခဲ့ခြင်းပင်။ ထိုည အိပ်သော အခါတွင်လည်း ကိုဖိုးထွန်းတစ်ယောက် မည်သည့်အိပ်မက်ကိုမျှ မက်ခြင်းမရှိတော့ပေ။

ကိုဖိုးထွန်းတို့ကျောင်းကုန်းမှ ပစ္စည်းကိုပြန်ပို့ပြီး သုံးရက် မြောက်ကြာသောနေ့တွင်ဖြစ်သည်။ ညဘက်ကိုးနာရီခန့်လောက်တွင် ကိုဘအေးတစ်ယောက် အသံနက်ကြီးဖြင့် အော်ဟစ်ပြီး ရွာထဲ၌နှံ့စွာ ပြေးဝင်လာသည်ကြောင့် ရွာသူရွာသားအချို့နှင့် သူ၏အိမ်နီးနားချင်းသို့ များအားလုံးလည်း ထိတ်လန့်တကြား ဖြစ်ကုန်ကြလေရာ။ကြီး အချို့က ကိုဘအေးဘာဖြစ်လာသည်ကို သိချင်ကြသော်ငြားများ ကိုယ်တိုင်သွား ရောက်စုံစမ်းခြင်းမရှိကြ။ ဝေးမှနေ၍ အခြေအနေကိုလျှက် စောင့်ကြည့်နေကြလေသည်။ ကိုဖိုးထွန်းမှာ မိမိ၏အိမ်နီးချင်းကောင်း တစ်ဦးဖြစ်သလို မိမိအတွက် တိုင်ပင်ဖော်တိုင်ပင်ဖက် ရဲဘော်ရဲဘက် လိုဖြစ်နေသော ကိုဘအေး၏ အသံကိုကြားသည်နှင့် ဘာများဖြစ်လာ ပါလိမ့်ဟူသောအတွေးနှင့် လိုလိုမယ်မယ် အခန်းထောင့်တွင် ထောင် ထားသောလှံကိုဆွဲလျက် လက်တစ်ဘက်က လက်နှိပ်ဓါတ်မီးကို မီးထိုးပြီး ကိုဘအေးတို့ ခြံဘက်ကူးခဲ့သည်။ နှုတ်မှလည်း "ကိုဘအေး ဘာဖြစ်တာလဲဗျ၊ ဘာဖြစ်တာလဲ" ဟု မေးလေသည်။

သူက အော်ဟစ်မေးစမ်းရင်း ဝင်သွားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုဘအေးက ကြားတန်မတူ၊ "အပယ်လေးဗျ လုပ်ကြပါဦး၊ ကယ်ကြပါဦး" ဟုဆိုကာ အိမ်ပေါ်ကို အတင်းပြေးတက်လာလေသည်။

"ကိုဘအေး တော် ... ဘယ်လိုဖြစ်လာတာတုန်း၊ ၊ ကိုဘအေးရဲ့ တော့်ကိုယ်မှာလည်း သွေးတွေနဲ့ပါလား၊ ကိုဖိုးထွန်း
အား ဘပါအုံး"

အကျိုး ကိုဘအေး၏ ဇနီးသည်မလှ၏ အသံကိုကြားရသည်။
တော့သ ခန်းမှာလည်း အိမ်ပေါ်သို့ တက်လိုက်သွားခဲ့သည်။ သူအိမ်
ပြန်ပို့ပြ ရောက်သွားချိန်တွင် ကိုဘအေးမှာ ကြမ်းပြင်ပေါ်တွင်
လောဘ ပက်ကြီးလဲကျနေပြီး ခြေကားယား လက်ကားယားလုပ်ကာ
ယခု းစပ်မှ ဂူးဂူးဝါးဝါးနှင့် အော်ဟစ်နေလေသည်။

"ကိုဘအေး၊ သတိထားဦးလေဗျာ၊ ခင်ဗျားဘာဖြစ်လာသလဲ ပြောဦး၊ အဲဒါမှ ကျုပ်က ကူညီတတ်မှာ"

ကိုဖိုးထွန်း၏အသံကြားမှ ကိုဘအေးမှာ အနည်းငယ်ငြိမ်သက်သွားပြီး ကြောင်စီစီဖြင့် ကိုဖိုးထွန်းကိုမော့ကြည့်လေသည်။

"ပြောပါဗျ ကိုဘအေးရ၊ ခင်ဗျားဘယ်သူနဲ့ ဘာဖြစ်လာသလဲ၊ ခင်ဗျားကိုယ်ပေါ်က သွေးစတွေ ဒဏ်ရာတွေက ဘာဖြစ်တာလဲ၊ ခင်ဗျားတို့ထိရင် ကျုပ်က လက်မိုက်ကြည့်နေမှာ





မဟုတ်ဘူး"

"မဟုတ်ပါဘူး ကိုဖိုးထွန်းရာ၊ ဒါဘယ်သူနဲ့မှ ဘာမှမဖြစ်ပါဘူး၊ လောလောဆယ် ဒီ့ကိုပရိတ်ရေလေးတစ်ခွက်လောက် တိုက်ပါကွာ"

"မလှ ပရိတ်ရေတဲ့ ရှိလား"

ကိုဖိုးထွန်းက လှည့်ပြောလိုက်တော့ စိုးရိမ်ထိတ်လန့်စွာ ရပ်ကြည့်နေသောမလှက "ရှိတယ်၊-ရှိတယ်" ဟုဆိုကာ ဘုရားစင်သို့ ပြေး၍ ဦးချပြီး တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ မြို့မြို့သို့လာရောက်ဟောကြားစဉ်က ပွားများယူထားသော ပရိတ်တော်ရေကို ဇန်ခွက်ထဲသို့ ထည့်ယူလာလျှက် ကိုဘအေးကို တိုက်လေသည်။

ကိုဘအေး ပရိတ်ရေသောက်နေစဉ် ကိုဖိုးထွန်းက ကိုဘအေး၏မျက်နှာနှင့် လည်ပင်းလက်မောင်းစသည်တို့တွင် သွေးထွက်နေသောဒဏ်ရာများကို ဓါတ်မီးနှင့်ထိုးပြီး သေသေချာချာ ကြည့်လေသည်။ ဒဏ်ရာများမှာ သွေးထွက်နေသော်လည်း ကြီးကြီးမားမား ထိခိုက်ဒဏ်ရာများမဟုတ် တစ်ဦးဦးက လက်သည်းနှင့် ကုတ်ခြစ်ထားခြင်း သို့မဟုတ် ချွန်ထက်သည့် အရာတစ်ခုခုနှင့်



www.burmeseclassic.com

www.burmeseclassic.com

တိုက်မိ ခြစ်မိခြင်းကြောင့် ရထားသည့်ဒဏ်ရာမျိုးများသာ ဖြစ်လေသည်။ ကိုဘအေးမှာ ပရိတ်ရေကို သောက်ပြီးချိန်တွင် အတော်အတန် စိတ်သက်သာရာရသွားပုံနှင့် တည်တည်ငြိမ်ငြိမ် ဖြစ်သွားလေသည်။ ဒီတော့မှပင် ကိုဖိုးထွန်းကလည်း သူသိလိုသည့်အရာကို ဆက်မေးရတော့သည်။

"ကဲပြောပါဦး၊ ကိုဘအေးရာ ဘာတွေဖြစ်လာတာလဲ"

"ငါ မင်းကိုပြောရမှာတောင် ရှက်ပါတယ်ကွာ၊ ဒါပေမယ့် ငါမင်းကိုတော့ အမှန်အတိုင်းပြောပါ့မယ်ကွာ"

"ဟုတ်ကဲ့ပြောပါ"

"မင်းနဲ့ငါနဲ့ မင်းရထားတဲ့ပတ္တမြားကို ပြန်ပို့ပြီးတဲ့ နောက်မှာ လောဘဦးစီးလာတဲ့ ငါ့စိတ်တွေက ဖေါက်ပြန်လာတယ်ကွာ၊ ငါ့ရဲ့လောဘတွေဟာ မတော်လောဘတွေဆိုပြီး ငါ့စိတ်ကို ငါထိန်းခဲ့ပါသေးတယ်၊ ဒီလိုနဲ့ဆင်ခြင်တုံတရားကို လောဘစိတ်က အနိုင်ယူလာတော့ ဒီနေ့ညရှစ်နာရီခွဲလောက်မှာ လက်နှိပ်ဓါတ်မီး အားကောင်းကောင်းကိုယူ၊ ပေါက်တူးတစ်လက်ထမ်းပြီး ငါ တစ်ယောက်ထဲ ကျောင်းကုန်းကိုသွား မင်းနဲ့ငါနဲ့ ပြန်မြှုပ်ခဲ့တဲ့ ပစ္စည်းအိုးကို ငါတူးတော့တာပေါ့၊ အပေါ်က အုတ်ခဲနှစ်ချပ်ဖေါ်ပြီးတဲ့ အချိန်အထိတော့ ဘာမှမဖြစ်သေးဘူးကွာ၊ အုတ်တွေဖေါ်ပြီးရင်





စဉ့်အိုးနှုတ်ခမ်းပေါ်လာတော့မှာပဲဆိုပြီး ငါဆက်တူးလိုက်တဲ့အချိန်မှာ ခွပ်ခနဲအသံကြားလို့ စဉ့်အိုးသားကို ပေါက်တူးထိသွားပြီ အထင်နဲ့ ထိုးကြည့်လိုက်တယ်။ အဲဒီမှာ မီးရောင်နဲ့ ငါမြင်လိုက်ရတာက စဉ့်အိုးနှုတ်ခမ်းမဟုတ်ဘဲ လူသေအရိုးခေါင်းကြီး၊ ငါလည်း လန့်သွားပြီး ရုတ်တရက် နောက်ကိုဆုတ်လိုက်မိတယ်၊ အဲဒီအချိန်မှာပဲ ကျောင်းကုန်းထဲက ခွီးခွီး၊ ခွီးခွီးနဲ့အသံတွေကြားလို့ ငါဓါတ်မီးနဲ့ ထိုးကြည့်လိုက်တော့ တောကြောင်ကြီး လေးငါးကောင် ငါ့ဆီ အတင်းပြေးလာပြီး ဝိုင်းကုတ်တော့တာပဲ၊ ငါလည်း လက်ထဲက ပေါက်တူးနဲ့လှမ်းထုပြီး ကာကွယ်တာပေါ့၊ ဒါပေမယ့် မရဘူး၊ ဘယ်က ရောက်လာမှန်းမသိတဲ့ကြောင်တွေက တဖြည်းဖြည်း များလာတော့ ငါလည်း အတင်းထွက်ပြေးရတော့တာပေါ့၊ ဓါတ်မီးတွေ ပေါက်ဘူးတွေလည်းကျန်ခဲ့ပြီ"

"ဖြစ်မှဖြစ်ရလေ ကိုဘအေးရာ"

ကိုဖိုးထွန်းက ပြောလိုက်သည်။

"မသေကောင်း မပျောက်ကောင်း ကိုဘအေးရယ်၊ ကော်မို့ ကြံကြီးကြံရာတွေ လျှောက်လုပ်တယ်"

မူလက ဘာမျှသိခဲ့ဟန်မတူသော မလှကလည်း ရင်ဘတ်ကို လက်ကလေးနှင့်ဖိပြီး ဝင်ပြောလေသည်။



www.burmeseclassic.com

 www.burmeseclassic.com

ထို့နောက်တွင် ကိုဖိုးထွန်းကိုယ်တိုင်ပင် ကျန်းမာရေးမှူးအား သွားရောက်ပင့်ခေါ်ဆောင်ခဲ့ပြီး ကိုဘအေးဖေါ်ဖေါ်ရာများကို ဆေးထည့်ပေးခဲ့သည်။ ကြောက်စိတ် မပြေသေးသော ကိုဘအေးမှာ ထိုညက ဖျားခဲ့ပြီး တစ်ညလုံး ကယောင်ကတမ်းဖြင့် အော်တစ်နေခဲ့သည်။ သုံးရက်ခန့်ကြာမှ အဖျားပျောက်သွားပြီး လူလည်း ပုံမှန်အတိုင်း ပြန်ဖြစ်လာခဲ့လေသည်။ နောင်သောအခါတွင်၊ ကိုဖိုးထွန်းနှင့် ကိုဘအေးမှာ ကျောင်းကုန်းဟောင်းမှ ပတ္တမြားကြီးနှင့် ပတ်သက်သော ဤအကြောင်းအရာများကို မည်သူ့ကိုမျှ မပြောဖြစ်အောင် ထိန်းသိမ်းခဲ့ကြလေသည်။ သို့ရာတွင် တစ်ဆင့်စကား တစ်ဆင့်နားနှင့် သတင်းပြန့်လွယ်သော ရွာ၏ဓလေ့ထုံးစံအတိုင်း ငါးခေါင်းအင်းရွာသူရွာသားများမှာ ဤအကြောင်းများကို သိရှိခဲ့ပြီး ဖြစ်လေသည်။ ငါးခေါင်းအင်းကျေးရွာနှင့် ကရင်ရွာကြားရှိ လယ်ကွင်းထဲတွင် တောအုပ်ကလေး တစ်ခုသဖွယ် သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းညို့မှိုင်းနေသော ကျောင်းကုန်းဟောင်းနေရာကလေးကမူ ယနေ့တိုင် တည်ရှိနေလျက်ပင် ဖြစ်သည်။



# သရဲခြောက်တဲ့ည

ညီစိုးစိုးအနံ့မှာ ပျောက်မသွားဘဲ
နှာခေါင်းဝတွင် စွဲစွဲမြဲမြဲ နံနေရာ
လပ်းဘေးမှ မဖြစ်နိုင်တော့ဟု သူထင်သည်။
သူက နှာခေါင်းကို လက်ဖြင့်ပိတ်ကာထားရင်း
ဆိုက်ကားသမားကို ကြည့်သည်။
ထိုအချိန်တွင် အပုပ်နံ့မှာ စူးစူးဝါးဝါးကြီး
နံလာကာ ဆိုက်ကားသမားခေါ်ခန္ဓာကိုယ်မှ
နံနေသည်လားဟု ထင်ရလောက်အောင်ပင်
ထောင်းခနဲ ဖြစ်သွားသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com

ဖြူးဘူတာသို့ ရထားဆိုက်သောအခါ ညနေဘက် ငါးနာရီ ခွဲနေပြီဖြစ်သည်။ ပုံမှန်ရထားဆိုက်ရမည့်အချိန်ထက် တစ်နာရီခန့် နောက်ကျ၍ ဆိုက်ခဲ့သည်ဖြစ်ခြင်းကြောင့် ဝင်းခန့်၏မူလအစီအစဉ် များ ပျက်ရတော့သလို ဖြစ်သွားသည်။ သူ၏မူလစိတ်ကူးမှာ ဖြူး ဘူတာသို့ ရထားဆိုက်ရောက်သည်နှင့် မြင်းလှည်းဂိတ်သို့ အမြန် သွားပြီး ဈေးမြန်ဆွဲသည့် မြင်းလှည်းတစ်စီးစီးကိုရှာ၍ တံခွန်တိုင် မြင်းလှည်းဂိတ်သို့လိုက်မည်။ ထိုမှတစ်ဆင့် မိမိရွာအရောက် ခြေကျင် လျှောက်ပြန်မည်ဟူ၍ဖြစ်သည်။ သို့ရာတွင် ယခုအခါ၌ ဘူတာမှ ထွက်လိုက်ကတည်းကပင် ဆည်းဆာပျောက်ပြီး အမှောင်လုနေပြီမို့ မြင်းလှည်းဂိတ်တွင် မည်သည့်မြင်းလှည်းတစ်စီးမျှ မရှိတော့သလို ဆိုက်ကားငှားစီးရန်မှာလည်း တော်ရုံတန်ရုံနှင့် မည်သည့်ဆိုက်ကား သမားကမှ လိုက်လိမ့်မည်မဟုတ်ပေ။ မတန်တဆအော်ဒါခံပေးပြီး ငှားလျှင်တော့ လိုက်ချင်လိုက်ပေလိမ့်မည်။ သို့သော်လည်း သူ့တွင် ငွေကြေးများများ စားစားပါလာသည်မဟုတ်သောကြောင့် ဆိုက်ကား အော်ဒါငှားသွားရန်ကိစ္စမှ လုံးဝမဖြစ်နိုင်တော့ပေ။ ထို့ကြောင့် သူ့အနေဖြင့် ဘာဆက်လုပ်ရမည်မသိဘဲဖြစ်နေရာ တစ်ခုခုကိုတော့ ဆုံးဖြတ်မှဖြစ်တော့မည်ဟုတွေးရင်း ဘူတာအဆင်းရှိ မီးရထား ဝန်ထမ်းသက်သာ 'မော်ဒန်' လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ခဲ့သည်။





သူက လက်ဖက်ရည်ပေါ့ဆိမ့်တစ်ခွက်မှာသောက်ရင်း ဘာဆက်လုပ် ရမည်ကို စဉ်းစားနေသည်။

တကယ်တော့ ယခုလောက်မိုးချုပ်သွားချိန်တွင် သူ့အနေ ဖြင့် ရွာသို့ဆက်ပြန်ရန် စိတ်မကူးသင့်တော့ပေ။ ဤမြို့ပေါ်တွင် သူနှင့် ဆွေမျိုးနီးစပ်တော်စပ်သူများလည်းရှိနေရာ နေအိမ်တစ်အိမ်အိမ် တွင် သွားရောက်၍ တစ်ညတာ နားခိုအိပ်စက်ပြီး နောက်တစ်နေ့ နံနက်မိုးလင်းမှ ရွာသို့ဆက်ကူးရန်သာသင့်တော်သည်။ သို့သော် လည်း သူ၏စိတ်ထဲတွင် ရွာအရောက်ပြန်လိုသောဆန္ဒကသာ လွှမ်းမိုး မင်းမူနေတော့သည်။ ထိုကဲ့သို့ ရွာပြန်လိုစိတ်ပြင်းထန်နေရသည် မှာလည်း အကြောင်းရှိလေသည်။

ဝင်းခန့်တစ်ယောက် မွေးရပ်ဇာတိမြေဖြစ်သော ငါးခေါင်း အင်းရွာတွင် လယ်ယာမဲ့အလုပ်သမားဘဝနှင့် လုပ်ကိုင်စားသောက် နေထိုင်လာခဲ့သည်မှာ ကြာပြီဖြစ်သည်။ လွန်ခဲ့သည့်နှစ် စပါးရာသီရော မတ်ပဲရာသီမှာပါ မမျှော်လင့်ဘဲ စပါးဈေး၊ ပဲဈေးများအမှတ်မထင် ကျဆင်းသွားခဲ့ရာ ရွာနေတောင်သူလယ်သမားအများစုမှာ ဝင်ငွေနှင့် ထွက်ငွေမမျှဘဲ စီးပွားရေးကျဆင်းလာကြသည်။ ရေမြင့်လျှင် ကြာ မြင့်သည်ဆိုသည့်စကားလိုပင် လယ်သမားများဆုပြီးမှ လယ်သမား များ၏ လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြရသော အလုပ်သမားများ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ပြေလည်သည်ဖြစ်ရာ လယ်သမားများငွေကြေး လည်ပတ်မှု ကျပ်တည်းလာသည်နှင့်အမျှ အလုပ်သမားများမှာလည်း အလုပ်ရှားပြီး ဝင်ငွေနည်းလာသည်။ ထိုသို့ ငွေကြေးရှားပါးလာသည်နှင့်အမျှ ရွာနေပြည်ထိုင်ဘဝဖြင့် မိရိုးဖလာအတိုင်း လယ်လုပ် ကျွဲကိုင် လုပ်ခဲ့ကြသော အလုပ်သမားများမှာ ဟိုနေရာ သည်နေရာ ရွှေ့ရာ၍ ကောင်းနိုးနိုးဖြင့် တခြားမြို့ရွာများသို့ အလုပ်ထွက်လုပ်ကြရန် တာစူလာကြတော့သည်။ အချို့ရွာမှ လူငယ်များမှာ မိုးဦးကျရာသီမှ စပါးစိုက်ပျိုးပြီးချိန်ကာလအထိ တစ်လခွဲနှစ်လခန့် ကြာမည့် အချိန်ကလေးကိုပင် စောင့်မနေတော့ဘဲ ရွာမှလုပ်ရမည့် မိုးတွင်း လယ်သူရင်းငှားအလုပ်ကို စွန့်လွှတ်ကာ တစ်နယ်တစ်ကျေးသို့ အလုပ်လုပ်ထွက်ကြလေသည်။ ဝင်းခန့်ကတော့ အခြားလူငယ်များ ကဲ့သို့မဟုတ် ဇယားကြေသည်ဟု ဆိုရမည်ဖြစ်သည်။ မိမိ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူး၊ မနေဖူးသေးသော နယ်မြေ အသစ်တစ်ခုတွင် စမ်းတဝါးဝါးသွားရောက် လုပ်ကိုင်ရမည့်ကိစ္စကို ဦးစားမပေး။ သေချာပေါက်တွက်၍ရသည့် ရွာမှ မိုးဦးရာသီ လယ်အလုပ်ကို ဦးစွာလုပ်သည်။ သူ၏လုံ့လဝီရိယနှင့် ကြိုးစားမှု တို့အပြင် ရေ၊ မိုး၊ အဆင်ပြေမှုကြောင့် သူရင်းငှားလုပ်သော အလုပ်ရှင်အိမ်မှ လယ်ဆယ်ဧကကို နှစ်လအတွင်း အပြီးသတ် စိုက်ပျိုးလုပ်ကိုင်ပေးနိုင်ခဲ့သည်။





လယ်စိုက်ပြီးသွားသည်နှင့် လယ်သူရင်းငှားတစ်ယောက်၏တာဝန်မှာလည်း ပြီးဆုံးပြီဖြစ်ရာ ဝင်းခန့်တစ်ယောက် သူရင်းနိုင်အိမ်မှထွက်ပြီး တစ်ရပ်တစ်ကျေးသို့ အလုပ်ထွက်လုပ်ရန် စီစဉ်လေသည်။ ထိုသို့ တစ်ရပ်တစ်ကျေးသို့ အလုပ်ထွက်လုပ်ကြသည် ဆိုသော်လည်း မည်သူက မည်သည့်ဒေသတွင် မည်သည့်အလုပ်ကို သွား၍ လုပ်ကြမည်ဟု တိတိကျကျ စီစဉ်၍သွားကြသည်မဟုတ်ဘဲ ကြားဖူးနားဝ သတင်းစကားများအရ မည်သည့်ဒေသတွင် မည်ကဲ့သို့ အလုပ်အကိုင် ပေါ်သည်။ မည်သို့လုပ်ခကြေးငွေ ထိုက်ထိုက်တန်တန် ရသည်ဆိုသော စကားအရသာထွက်ကြခြင်းဖြစ်ရာ ဝင်းခန့်မှာလည်း သူနှင့် စိတ်တူ သဘောတူသူငယ်ချင်းများဖြစ်ကြသော ဖိုးဘူး၊ သာခွားတို့နှင့်အတူ တစ်တွဲတွဲ၍ထွက်ဖြစ်ခဲ့သည်။ ရွာမှထွက်သော အဖွဲ့များမှာ တချို့က မြဝတီဘက်သို့ကုန်ထမ်းရန်၊ ပြောင်းဖူးချိုးရန် ထွက်ကြသည်။ အချို့ မွန်ပြည်နယ်အတွင်းရှိ ကျေးရွာများသို့ လယ်ယာအလုပ်ကိုပင် လုပ်ကိုင်ရန်ထွက်ကြသည်။ အချို့က ပင်လယ်ဘက်သို့ ဆားအခစက် အငှားထမ်းမည်ဟုဆိုကာ ထွက်ကြသည်။ ခွန်အားဗလကိုသာ အားကိုးပြီး လုပ်ကိုင်စတ်သေး ဝင်းခန့်နှင့်အဖွဲ့မှာ လုပ်ခကြေးငွေပိုရသည်ဆိုသော တာချီလိတ်



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ ထွက်ခဲ့ကြသည်။

ဝင်းခန့်တို့သုံးဦးမှာ ထိုနယ်စပ်ဒေသသို့ ရောက်သည်နှင့် ဖြစ်သလိုနေ၊ ဖြစ်သလိုစားဘဝနှင့်ပင် ရရာအလုပ်ကြမ်းကို လုပ်ကိုင်ခဲ့ကြသည်။ ရွာမှထွက်မလာခင် ကြားဖူးနားဝရှိခဲ့သော သတင်းစကားအတိုင်းပင် အလုပ်ပေါသလို လုပ်ခကြေးငွေလည်း ထိုက်ထိုက်တန်တန်ရရှိကြလေသည်။ သို့သော် သူ့အရပ်ဒေသ၏ နေထိုင်စားသောက်မှုစရိတ်မှာ ညီမျှသလိုဖြစ်နေရာ သူတို့အတွက် ထင်သလောက် စုဆောင်း၍မရရှိခဲ့ကြပေ။ ဒီကြားထဲတွင် အလုပ်ပင်ပန်းသည့်ဒဏ်၊ နယ်မြေသစ် ရာသီဥတုဒဏ်တို့ကို ခံရကာ အပြင်းဖျားကြလေသည်။ ထိုအခါ အဖျားရောဂါကို ကုသရသော ဆေးဖိုးဝါးခနှင့် အလုပ်မလုပ်နိုင်ခင် ထိုင်စားသောစရိတ်ကြောင့် ၎င်းတို့စုဆောင်းမိထားသော ငွေကြေးကလေးမှာ ပြန်ကုန်သွားတော့သည်။

တခြားတစ်မြို့တစ်နယ်တွင်လုပ်ကိုင်၍ အဆင်ပြေနိုးနိုး ကြီးပွားချမ်းသာလာနိုးနိုးနှင့် စိတ်ကူးယဉ်ကာ မိမိဇာတိရပ်ရွာကို စွန့်ခွာ၍ ထွက်လာခဲ့သော ဝင်းခန့်မှာ တခြားမြို့ရွာ၌ လုပ်ကိုင်နေထိုင်ရင်း အဆင်မပြေမှုများနှင့်ကြုံတွေ့လာသောအခါတွင် မိမိဇာတိရွာကို ပို၍လွမ်းဆွတ်တမ်းတနေမိတော့သည်။ အထူးသဖြင့်





သားဖြစ်သူ တစ်နယ်တစ်ကျေးသို့ သွားရောက်အလုပ်လုပ်နေသဖြင့် သတိရ လွမ်းဆွတ်ခြင်းနှင့်အတူ ညစဉ်ညတိုင်း ဘုရားရှိခိုးပြီး မေတ္တာပို့နေရှာမည့် မိအို၊ ဖအိုတို့ကို ပို၍လွမ်းဆွတ်နေမိတော့သည်။ ထို့ကြောင့် သူ၏ သူငယ်ချင်းနှစ်ဦးအား သူရွာသို့ပြန်ချင်လှပြီဖြစ်ကြောင်း ပြောပြကာ ရွာပြန်ရန်ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း လက်ရှိအနေအထားအရ သူ့တွင် ရွာအရောက် ပြန်နိုင်လောက်အောင် လမ်းစရိတ်အလုံ အလောက်မရှိသဖြင့် လမ်းစရိတ်ရအောင် အလုပ်ပြန်လုပ်နေရသေးသည်။ သူ၏စိတ်ထဲတွင်မတော့ တစ်မိုးသောက်သည်မှ တစ်နေ့ဝင်သည်အထိ ရွာသို့ပြန်ရောက်မည့် အချိန်ကိုသာ ကြို၍တွက်နေလေတော့သည်။ ဤသို့ဖြင့် နောက်ထပ် အရက်နှစ်ဆယ်ခန့်ကြာသောအချိန်တွင် သူ၏လက်ထဲတွင် ရွာသို့ ပြန်နိုင်လောက်သည့် လမ်းစရိတ်နှင့်ညီသော ငွေကြေးကို စုဆောင်းမိလာသည်။ ထိုသို့လက်ထဲတွင် ငွေစုမိသည်နှင့်တစ်ပြိုင်နက် ဝင်းခန့်မှာ သူငယ်ချင်းနှစ်ယောက်အား နှုတ်ဆက်ပြီး ပြန်လာခဲ့တော့သည်။ သူငယ်ချင်းနှစ်ယောက်ဖြစ်သော ဖိုးတူးနှင့်သာခွားတို့မှာ ဆက်၍ကြိုးစားကြည့်ဦးမည်ဟုဆိုကာ ကျန်ရစ်ခဲ့ကြလေသည်။

ဝင်းခန့်မှာ လက်ဖက်ရည်ပူပူကို ခပ်မြန်မြန်သောက်နေရင်း ပြန်ရမည်လား၊ မပြန်ဘဲ ဤမြို့မြို့မှာပင် အိပ်ရမည်လား အကြိုး



www.burmeseclassic.com

www.burmeseclassic.com



အလွှား စဉ်းစားဆုံးဖြတ်နေသည်။ နောက်ဆုံးတွင် ရွာသို့သာ အရောက်ပြန်ချင်နေသောစိတ်က အနိုင်ယူသွားကာ သူဆုံးဖြတ်ချက်တစ်ခုကိုချလိုက်သည်။ ထို့ကြောင့် လက်ဖက်ရည်ဖိုးရှင်း၍ ရွှေနှင်းဆီဆေးပေါ့လိပ် လေးလိပ်ကိုယူကာ ဆိုင်ထဲမှ အမြန်ထွက်ခဲ့တော့သည်။

ဝင်းခန့်တစ်ယောက် မည်သည့်မြင်းလှည်း၊ မည်သည့်ဆိုက်ကားကိုမျှ မစဉ်းစားတော့သလို မည်သည့်အဖော်တို့မျှလည်း မရှာတော့ဘဲ ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာခဲ့သည်။ ဂုံးကျော်ကိုဖြတ်၍ အုတ်ဖြတ်လမ်းဘက်သို့ လှည့်ထွက်လိုက်ချိန်မှာပင် လမ်းဘေး ဓာတ်တိုင်များမှလျှပ်စစ်မီးများ လင်းလက်လာပြီကို သူသတိထားမိသည်။ သူ၏လက်တွင် လက်ပတ်နာရီအဟောင်းလေး ရှိနေသော်လည်း နာရီကိုကြည့်ရန် စိတ်မကူးတော့။ ရောက်သည့်အချိန်သူ့အချိန်ဖြစ်သည်ဟုသာ သဘောထားပြီး သုတ်ခြေတင်၍ လျှောက်ခဲ့တော့သည်။ သူ၏ခြေလှမ်းများ ကျဲလှသလို လျှောက်နှုန်းမှာလည်း မြန်မြန်နှင့် မှန်မှန်ဖြစ်နေသောကြောင့် မကြာမီအချိန်မှာပင် မြို့အထွက် ဘိုးဘွားရိပ်သာကို ကျော်လွန်လာသောအခါ လင်းဘေး ဓာတ်မီးတိုင်များမှ လျှပ်စစ်မီးရောင်များ မရှိတော့သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားတော့သည်။ သို့ရာတွင်





တော်သလင်းလပြည့်ကျော်လာပြီမို့ လမသာသော်လည်း ကောင်းကင်တွင် မိုးသားများကင်းစင်နေပြီး ကြယ်ရောင်များ လင်းလက်နေသောကြောင့် ပေတာရာလမ်းမဖွေးဖွေးကိုတော့ ဝိုးတဝါးမြင်တွေ့နေရသည်။ မည်သို့ပင်ဖြစ်စေ အိမ်သို့ရောက်ရန်သာ စိတ်စောနေသောကြောင့် ဝင်းခန့်မှာ မည်သည့်ပတ်ဝန်းကျင်ကိုမျှ ဂရုမစိုက်၊ ကြောက်စိတ်၊ အားငယ်စိတ်တို့လည်း မရှိဘဲ ရွှေနှင်းဆီ ဆေးပေါ့လိပ်တိုကို မီးညှိဖွာရှိုက်ရင်း တစ်ယောက်တည်း မှန်မှန်ကြီး လျှောက်လာခဲ့လေသည်။

ညောင်ပင်သာရွာထဲသို့ ရောက်သောအခါ လမ်းဘေး လျှပ်စစ်မီးများ မရှိသော်လည်း လူနေအိမ်များမှာ ရေနံဆီမီးရောင် လက်လက်ကလေးများကို လှမ်းတွေ့နေရသည်။ ညောင်ပင်သာရွာကို ကျော်ဖြတ်ပြီးချိန်တွင်တော့ လူနေအိမ်များ မရှိတော့ဘဲ ကျဲသွားပြီမို့ အလင်းရောင်လေး ပိုလက်လာသည်ဟုထင်ရသည်။ ဝင်းခန့်မှာ သူ၏အကျင့်အတိုင်း သီချင်းကလေးတအေးအေးညည်းကာ လျှောက်လှမ်းလာခဲ့ရာ လမ်းဟာစ်ရှောက်လုံးတွင် မည်သည့်ယာဉ်တစ်စီးတလေမျှ သူနှင့်တွေ့ဆုံခြင်း၊ သူ့ကိုကျော်ဖြတ်သွားခြင်း မရှိသလို မည်သည့် သက်ရှိလူသားတစ်ဦးတစ်ယောက်ကိုမျှလည်း မတွေ့ရပေ။ တစ်နေရာအရောက်တွင် လမ်းဘေးမှ တဖျောဖျော အသံများ ကြား



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် ရုတ်တရက်လန့်ဖျပ်သလိုဖြစ်သွားပြီး သေသေချာချာ ကြည့်လိုက်သောအခါ လမ်းဘေးတွင် ပေါက်ရောက်နေသည့် ဆေးရိုးပင်ကြီးတစ်ပင် မည်းမည်း မည်းမည်းနှင့် ယိမ်းထိုး လှုပ်ရှားနေသည်ကို တွေ့ရလေသည်။ ထိုဆေးရိုးပင်ကြီး လှုပ်ရှားနေသည်မှာ လေတိုက်၍ လှုပ်သည့် လှုပ်ရှားပုံမျိုးထက် ပိုနေသည်ဟု ထင်ရသော်လည်း သူက ရှည်ရှည်ဝေးဝေး တွေးမနေတော့ဘဲ ရှေ့သို့သာ ဆက်လျှောက်ခဲ့သည်။ ဤနေရာမှ ရှေ့သို့ ဆက်လျှောက်လျှင် တခြားရွာများကို ဖြတ်ကျော်စရာမရှိတော့ဘဲ တံခွန်တိုင်ကျေးရွာသို့ရောက်မည်ဖြစ်ပြီး တံခွန်တိုင်ရွာ၏ အရှေ့ဘက် မြင်းလှည်းဂိတ်မှ ဆင်းသွားလျှင် မိမိရွာသို့ များမကြာမီ ရောက်သွားမည်ဖြစ်သောကြောင့် သူ၏စိတ်ထဲတွင် တက်ကြွနေကာ ခြေလှမ်းများလည်းပို၍သွက်နေပေသည်။

လျှောက်ရင်း လျှောက်ရင်းဖြင့် တံခွန်တိုင်ကျေးရွာ၏ အနောက်ဘက်တွင်ရှိသော တံတားအနီးသို့ရောက်လာပြီဖြစ်သည်။ ထိုတံတားအနီးလမ်း၏မြောက်ဘက်တွင် တံခွန်တိုင်သင်္ချိုင်းကုန်းရှိနေသည်ကိုလည်း သူစိတ်ကသိနေလေသည်။ သို့ရာတွင် သူက သရဲ၊ တစ္ဆေများကြောက်တတ်သူမဟုတ်သောကြောင့် ကိစ္စမရှိ။ သူ့လမ်းသူသွားမြဲအတိုင်း ဆက်သွားနေခဲ့သည်။ ထိုအချိန်မှာပင်





သူ၏နားထဲ၌ သူ၏နောက်တည့်တည့်ဆီမှ တကျွီကျွီမြည်သံနှင့်အတူ စက်ဘီးလိမ့်သံလိုလို ကြားရသည်ကြောင့် သူက ရုတ်တရက် လှည့်ကြည့်လိုက်မိလေသည်။

အမှောင်ထဲမှာပင် ကြယ်ရောင်ဖြင့် သူမြင်လိုက်ရသည်မှာ ဆိုက်ကားတစ်စီးဖြစ်နေသည်။ ထို့ကြောင့် သူကဝမ်းသာသွားပြီး ဤဆိုက်ကားဖြင့် လမ်းကြုံလိုက်သွားရလျှင်ကောင်းမည်ဟုလည်း တွေးလိုက်လေသည်။ ဆိုက်ကားမှာသူ၏ဘေးနားမှဖြတ်ကျော်သွားပြီးရှေ့သို့ တကျွီကျွီနှင့် ဆက်သွားနေပြီဖြစ်သည်မို့ သူက မှောင်မှောင်မည်းမည်းထဲတွင် မသဲမကွဲမြင်တွေ့နေရသော ဆိုက်ကားဆရာအား လှမ်းပြောလိုက်သည်။

"ဗျို့ … ဆိုက်ကားဆရာ၊ ကျွန်တော်တံခွန်တိုင်မြင်းလှည်းဂိတ်အထိ လိုက်ခဲ့ချင်လို့ရမလား"

ဆိုက်ကားဆရာက သူ့အား ဘာမျှပြန်မပြောဘဲ ရပ်နေသည်။ သူကရပ်နေသော ဆိုက်ကားနားသို့ လျှောက်သွားပြီးနောက် ဆက်ပြောပြန်သည်။

"ခင်ဗျားဆိုက်ကား တံခွန်တိုင်မြင်းလှည်းဂိတ်ကို ရောက်မှာမဟုတ်လား ကျွန်တော် လိုက်ခဲ့မယ်နော်"

"အင်း … အင်း"



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကားဆရာက သူ့ကိုပြောလိုက်ပုံမှာ အဖြေပေးဖို့နှင့် မတူဘဲ လူမမာတစ်ယောက် ညည်းသံကဲ့သို့ဖြစ်နေသည်။ သူက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ရှေ့ဘက်မှပတ်၍ ဆိုက်ကား ပေါ်ရောက်သည်နှင့် ဆိုက်ကားသမားက စတင်နင်းထွက်သည်။ သူကဆိုက်ကားပေါ်လိုက်လာရင်း ခေါင်းငိုက်စိုက်ချ၍ စကားတစ်ခွန်း မျှမဆိုဘဲ တွင်တွင်နင်းနေသောဆိုက်ကားသမားကို အကဲခတ်ကြည့် သည်။ ဆိုက်ကားသမားမှာ ခမောက်ကြီးတစ်လုံးကို ဦးခေါင်းထက် တွင်ဆောင်းထားပြီး အနက်ရောင်အကျီလက်ရှည်ကို ဝတ်ဆင်ထား သည်။ ခန္ဓာကိုယ်မှာလည်း ပိန်လှီလွန်းလှသည်ဟုထင်သည်။ ဆိုက် ကားသမားက အားစိုက်ခွန်စိုက်နင်းသည်မှန်သော်လည်း ဆိုက် ကားရွေ့လျားနေပုံမှာ နှေးကွေးလွန်းလှသည်ဟု သူကထင်သည်။ သူက တစ်ခုခုကို ပြောမည်ဟုကြံစည်နေစဉ်မှာပင် နှာခေါင်းထဲသို့ ညှီစို့စို့ ...

အနံ့ဆိုးတစ်ခု ဝင်လာသည်ကြောင့် နှာခေါင်းကိုလက်ဖြင့် ပိတ်ထားလိုက်သည်။ သူ၏စိတ်ထဲတွင် လမ်းဘေးတစ်နေရာမှ တိရစ္ဆာန်အသေကောင်တစ်ခုခု၏ အပုပ်နံ့ သို့မဟုတ် ဇီးရှော်ထောင် သူများ သုံးလေ့ရှိသောပုစွန်လုံးခေါ် ငါးအန်းပုပ်များ၏အနံ့ဖြစ်မည်ဟု ထင်သည်။ သို့ရာတွင် တော်တော်ကြာသွားသည်အထိ ညှီစို့စို့အနံ့





ပျောက်မသွားဘဲ နှာခေါင်းဝတွင် စွဲစွဲမြဲမြဲနံနေရာ လမ်းဘေးမှ မဖြစ်နိုင်တော့ဟု သူကထင်သည်။ သူက နှာခေါင်းကို လက်ဖြင့် ပိတ်ကာထားရင်း ဆိုက်ကားသမားကိုကြည့်သည်။ ထိုအချိန်တွင် အပုပ်နံ့မှာ စူးစူးဝါးဝါးကြီးနံလာကာ ဆိုက်ကားသမား၏ ခန္ဓာကိုယ်မှ နံနေသည်လားဟု ထင်ရလောက်အောင်ပင် ထောင်းခနဲ ဖြစ်သွား သဖြင့် သူက အသက်မရှူဘဲ အောင့်ထားလိုက်ရသည်။ ကြာ လာသောအခါ သူက မအောင့်နိုင်တော့ဘဲ အော့အန်ချင်စိတ်များ ဖြစ်လာသဖြင့် ဆိုက်ကားသမားကိုပြောလိုက်လေသည်။

"မြန်မြန်နင်းပါ ဆိုက်ကားဆရာရယ် ... အပုပ်နံ့ကလည်း ဘယ်က နံနေတယ်မသိဘူး၊ ခင်ဗျားဆိုက်ကားကလည်း နှေးလိုက် တာ"

"ငဲ ငဲ ငဲ ငဲ"

ဆိုက်ကားသမားက ဘာမျှပြန်မပြောဘဲ ရယ်နေသည်။ သူ၏ရယ်သံမှာ ယောကျာ်းတစ်ဦး၏ ရယ်သံနှင့်မတူဘဲ မိန်းမ တစ်ဦးက ယောကျာ်းတစ်ဦးအား ကြာပစ်၍ ရယ်သံမျိုးနှင့်တူနေ လေသည်။

"ရယ်မနေနဲ့ဗျာ ... မြန်မြန်နင်း"

ဤတစ်ကြိမ် သူထပ်ပြောလိုက်သောအခါ ဆိုက်ကား


www.burmeseclassic.com

www.burmeseclassic.com

သမားမှာ မတ်တတ်ရပ်၍ အားယူကာ ဆိုက်ကားကို အမြေးနင်းနေလေတော့သည်။ ဆိုက်ကားမှာ တဖြည်းဖြည်း မြန်သည်ထက်မြန်လာပြီး ဆိုက်ကားနှင့်ပင်မတူတော့ဘဲ စက်ဘီးတစ်စီး ပြေးလွှားနေပုံမျိုးနှင့် ပြေးလွှားနေလေသည်။ ထိုအချိန်တွင် စောစောက မခံနိုင်လောက်အောင် နံဝေတင်းနေသော အပုပ်နံ့မှာလည်း ပျောက်သွားပြီဖြစ်သည်။ ဆိုက်ကားဘီးများမှာ အဆက်မပြတ် တဝှီးဝှီးလည်ပတ်နေပြီး လမ်းပေါ်မှ ချိုင့်များကိုဖြတ်သန်းပြေးလွှားနေရာ ဆိုက်ကားတစ်စီးလုံး ခုန်ပေါက်နေတော့သည်။ တစ်နေရာ အရောက်တွင် ဆိုက်ကားဘီးများမှာ ကျင်းချိုင့်ဘေးရှိ ကျောက်ခဲတစ်လုံးကို ဖြတ်ကျော် မြောက်တတ်သွားရာ ဆိုက်ကားသမားက အရှိန်ကို မထိန်းနိုင်တော့သဖြင့် တိမ်မှောက်ပြီး လမ်းဘေးချောက်ထဲသို့ ထိုးကျသွားလေသည်။

"ဟာ ... မှောက်ပြီ၊ မှောက်ပြီ ဒုက္ခပဲအား"

ဝင်းခန့်မှာ ကြောက်အားလန့်အားနှင့် အော်ရင်းလမ်းဘေးချောက်ထဲသို့ လွင့်စင်ကျသွားလေသည်။ သို့ရာတွင် သူ့ကိုယ်သူ သတိထားမိလိုက်ချိန်၌ မည်သည့်အရာဝတ္ထုနှင့်မျှ ထိခိုက်မိခြင်းမရှိဘဲ လမ်းဘေးချောက်ထဲရှိ ရေမြောင်းထဲသို့သာ ကျသွားသောကြောင့် သူ၏ခန္ဓာကိုယ်မှာ အနာတရ တစ်ခုမျှမဖြစ်ပေ။ သူက





သတိရရချင်းပင် ပခုံးထက်၌ လွယ်ထားသောသူ၏ အဝတ်အစားလွယ်အိတ်ကို စမ်းကြည့်လိုက်သည်။ အဝတ်အစားလွယ်အိတ်မှာ သူနှင့်မကွာရှိနေသဖြင့် သူကစိတ်အေးသွားသည်။ သူ့တစ်ကိုယ်လုံးရော လွယ်အိတ်ပါ ရွှံ့ရေများဖြင့် နှံ့ဒွါသွားသော်လည်း ဂရုမစိုက်အားသေးဘဲ သူက ဆိုက်ကားသမားကို ရှာလေသည်။ ဆိုက်ကားတစ်စီးလုံးလည်း သုံးမရလောက်အောင် ကျိုးပဲ့သွားလိမ့်မည်ဟု သူကထင်သည်။ သူက အရေးတကြီး လှည့်ပတ်ရှာနေသော်လည်း ဆိုက်ကားရော၊ ဆိုက်ကားသမားပါ မတွေ့သောအခါ သူက စိတ်ပူသွားပြီး ပါးစပ်မှ အော်ဟစ်၍ ခေါ်ကြည့်နေလေသည်။

"ဗျို့ ... ဆိုက်ကားဆရာ ဆိုက်ကားဆရာ"

သူက အော်ဟစ်ခေါ်နေသော်လည်း ပြန်ထူးသံကို လုံးဝမကြားရပေ။ ထို့ကြောင့် သူက ဆက်အော်နေပြန်သည်။

"ဆိုက်ကားဆရာ ဘယ်မှာလဲ ခင်ဗျားဘာဖြစ်သွားသေးလဲ"

သူကသာ အော်ဟစ်ခေါ်ကာ ရှာဖွေနေသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး ဆိတ်ငြိမ်နေကာ မည်သည့်အသံဗလံကိုမျှလည်း မကြားရ၊ မည်သည့်အရာကိုမျှလည်း မတွေ့ရသောအခါ သူ၏စိတ်ထဲတွင် သံသယဝင်လာလေသည်။ ထို့ကြောင့် အခြေအနေအရပ်ရပ်ကို အကဲခတ်ကြည့်ရန် သူကမြောင်းထဲမှ လမ်းမကြီးပေါ်သို့


www.burmeseclassic.com

www.burmeseclassic.com

ပြန်တက်လာခဲ့သည်။ ထိုအချိန်မှာပင် ဝင်းခနဲလက်လာသော လက်နှိပ်ဓာတ်မီးရောင်နှင့်အတူ ဖြူးဘက်မှလာသည့် မြင်းလှည်း တစ်စီး၏အသံကို ကြားလိုက်ရ၍ သူအတိုင်းမသိ ဝမ်းသာသွားတော့ သည်။

လက်နှိပ်ဓာတ်မီးအရောင်မှာ လမ်းမကြီးပေါ်သို့ ဖြာကျ နေပြီး မြင်းလှည်းမှာ တဖြည်းဖြည်း သူနှင့်နီးရာသို့ ရောက်လာပြီ ဖြစ်သည်။ သူက မီးရောင်အောက်တွင် ထွက်ရပ်ရင်း မြင်းလှည်းကို လက်ပြမြီး တားလိုက်သည်။

"မြင်းလှည်း ခဏရပ်ပါဦးဗျို့၊ အကူအညီတောင်းချင်လို့"

သူက အော်ပြောလိုက်ချိန်တွင် မြင်းလှည်းက သူ့အနား၌ ရပ်လိုက်သည်။

"ဘာဖြစ်တာလဲ ခင်ဗျားဘာလုပ်ချင်လို့လဲ"

မြင်းလှည်းပေါ်တွင် လူသုံးယောက်ခန့်ပါလာသည့်အနက် မြင်းလှည်းမောင်းသူ၏ဘေးတွင် ထိုင်လိုက်လာသော လက်နှိပ်ဓာတ် မီးနှင့်လူက သူ့မျက်နှာကိုဓာတ်မီးနှင့် လှမ်းထိုးရင်းမေးသည်။

"ကျွန်တော်လူကောင်းတစ်ယောက်ပါဗျာ၊ ခရီးသွားပါ။ ကျွန်တော်တို့ဆိုက်ကားနှင့်ပြန်လာရင်း ဆိုက်ကားမှောက်ပြီး ချောက်ထဲကျသွားလို့ ဆိုက်ကားဆရာနဲ့ ဆိုက်ကားကို အခုထိ





ရှာမတွေ့ဘူးဖြစ်နေတယ်။ ကူညီကြပါဦး"

သူကမျက်နှာပေါ်ကျလာသည့် စူးစူးဝါးဝါးလက်နှိပ်ဓာတ်မီး ရောင်ကို လက်ဖြင့်တာရင်း လှမ်းပြောသည်။ ထိုအခါ မြင်းလှည်း ပေါ်တွင်ပါသောမြင်းလှည်းမောင်းသူမှအပ ကျန်လူနှစ်ယောက်က ဆင်းလာသည်။

"ဆိုက်ကားရောဆိုက်ကားသမားပါ ရှာမတွေ့ဘူးဆိုတော့ ဘယ်အထိများ ကျသွားလို့လဲ။ ခင်ဗျားတို့ဘယ်နားမှာ မှောက် တာလဲ။ ခင်ဗျားကကော ဘယ်နားကနေ ပြန်ထလာတာလဲ"

ဓာတ်မီးထိုးသူက မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ မှောက်တာက ဒီနေရာပဲ။ ကျွန်တော်က ဟိုမြောင်းထဲကျသွားတာ။ အဲဒီထဲက ပြန်တက်လာတာ"

"အဲဆိုရင် ဆိုက်ကားက ဘယ်အဝေးကြီးရောက်မှာလဲ။ ဒီမြောင်းထဲပဲ နေမှာပေါ့"

ထိုသူက ပြောပြောဆိုဆို လက်နှိပ်ဓာတ်မီးကိုထိုးပြီး ရှေ့မှ ဦးဆောင်သွားသောကြောင့် သူတို့သုံးဦးမြောင်းထဲဆင်းရှာ ကြသည်။ မတွေ့သောအခါ ဘေးပတ်ဝန်းကျင်နေရာများသို့ လိုက်လံရှာဖွေကြသည်။ ထိုမှတစ်ဖန် လမ်းပေါ်ပြန်တက်လာကြပြီး တစ်နေရာရာတွင် ရှိလိမ့်နိုးနှင့် ဆိုက်ကားနှင့်ဆိုက်ကားသမားကို



www.burmeseclassic.com

www.burmeseclassic.com

ရှာကြပြန်သည်။ သို့သော် လုံးဝမတွေ့ဘဲ ပတ်ဝန်းကျင်တစ်ခုလုံး ပကတိ ငြိမ်သက်နေလေသည်။

"ခင်ဗျားဟာ ဟုတ်ရောဟုတ်ရဲ့လားဗျာ။ ဆိုက်ကား တစ်စီးလုံး ဒီနားမှာပျောက်ရင် ဒီနားမှာပဲတွေ့မှာပေါ့။ အခုတော့ ဆိုက်ကားရော ဆိုက်ကားသမားပါ လုံးဝရှာမတွေ့ဘူးဆိုတော့ ခင်ဗျားကိစ္စဟာ မရိုးသားတော့ဘူး"

လက်နှိပ်ဓာတ်မီးနှင့်လူက သူ့အား မယုံသင်္ကာအကြည့်ဖြင့် ကြည့်ရင်းပြောလာသည်။

"ကျွန်တော် မဟုတ်တာ လုပ်ကြံပြောပါ့မလားဗျာ။ ဒီမှာ ကျွန်တော့်တစ်ကိုယ်လုံးလည်း ရွှံ့တွေ ရေတွေနဲ့"

"ခင်ဗျားက ဘယ်ကိုသွားမှာလဲ"

"ကျွန်တော်က ငါးခေါင်းအင်းကိုပြန်မှာ၊ တာချီလိတ်ဘက် ပြန်လာတာ ရထားနောက်ကျလို့ မိုးချုပ်နေတာနဲ့ တစ်ယောက် တည်း ခြေကျင်လျှောက်ပြန်လာရင်း လမ်းမှာ အဲဒီဆိုက်ကားနဲ့ တွေ့လို့ တက်စီးလိုက်လာတာ"

"နေပါဦး အဲဒီဆိုက်ကားနဲ့ခင်ဗျားနဲ့ ဘယ်နားမှာတွေ့ပြီး တက်လိုက်လာတာလဲ"

"ကျွန်တော် တံခွန်တိုင်အနောက်ဘက် တံတားနား





အရောက်မှာ အဲဒီဆိုက်ကားနဲ့တွေ့လို့ တက်စီးလိုက်လာတာ"

"ဟား ... ဒုက္ခပါပဲ။ ခင်ဗျားဆိုက်ကားစီးလာတာ ဘယ်လောက်ကြာသွားပြီလဲ။ ဆိုက်ကားပေါ်ထိုင်ပြီး စီးလိုက် လာတဲ့အချိန်ကို ပြောတာနော်"

"အင်း ... အနည်းဆုံးနာရီဝက်လောက်တော့ ရှိမလား မသိဘူး"

"အမယ်လေး မလွယ်ပါလား ဟေ့၊ ကဲ ကဲ ခင်ဗျား မြင်းလှည်းပေါ်တက်၊ ကျုပ်တို့နဲ့ လိုက်ခဲ့တော့"

"ကျွန်တော်တို့ ဟိုဆိုက်ကားသမားနဲ့ ဆိုက်ကားကို ဘယ်လို"

"ထားပါတော့ဗျာ၊ အဲဒါတွေ ပြောမနေတော့နဲ့ ခင်ဗျား မြင်းလှည်းပေါ်တက်၊ ကြာရင် ဒုက္ခဖြစ်ကုန်လိမ့်မယ်"

ထိုသူက ထိုသို့ပြောပြီး မြင်းလှည်းပေါ်တက်သွားသည်။ ကျန်တစ်ယောက်ကလည်း ကက်လိုက်သွားသဖြင့် သူလည်းဘုမသိ ဘမသိမြင်းလှည်းပေါ် ◌ာက်ထိုင်လိုက်ရသည်။

"ဟောဒီမှာ လှမ်းကြည့်လိုက်ပါဦး၊ ခင်ဗျားပြောတဲ့ တံခွန် တိုင်အနောက်ဘက်က တံတားဆိုတာအဲဒါပဲ။ ဟိုဘက်မှာတံခွန်တိုင်


www.burmeseclassic.com

www.burmeseclassic.com



သချိုင်းကုန်း၊ ခင်ဗျားဆိုက်ကား စီးတယ်ဆိုတာ ဒီနေရာပဲ မဟုတ်လား"

ထိုသူကပြောရင်း လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုးပြ၍ ကြည့်လိုက်သောအခါ အမှန်ပင် သူတို့ရောက်ရှိနေသော နေရာမှာ သူဆိုက်ကား စီးခဲ့သောနေရာဖြစ်နေလေသည်။ ထိုအခါမှပင် သူ့အား ဝိညာဉ်တစ်ခုခုက လှည့်စားခံခဲ့ရပြီဆိုသည်ကို သိလိုက်တာ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထလာပြီး အမှန်ပင် ကြောက်စိတ်ဝင်လာလေတော့သည်။ ထိုအချိန်တွင်မြင်းလှည်းမှာ ထိုနေရာမှ ဆက်လက်ထွက်ခွာလာခဲ့ပြီဖြစ်သည်။

"ဟား ... ခင်ဗျားတို့နဲ့တွေ့လို့သာတော်တော့တယ်ဗျာ။ ခင်ဗျားတို့နဲ့မတွေ့ရင် ကျွန်တော်ဘယ်အချိန်ထိဆက်ပြီး ဒုက္ခရောက်နေမယ်မသိဘူး။ အခုလည်း ကျွန်တော် ရွာကိုဆက်မပြန်ရဲတော့ဘူး။ ဘယ်လိုလုပ်ရရင် ကောင်းမလဲမသိဘူး"

သူက ညည်းညည်းညူညူ ပြောလိုက်သည်။

"ဘာမှ ပူမနေနဲ့ညီလေး၊ တို့က မြို့ချောင်းက မွေးလူနာ တစ်ယောက်အရေးကြီးလို့ ဆေးရုံလိုက်ပို့ပြီးပြန်လာတာ။ ဒီတော့ မင်းလည်း အချိန်မတော်ကြီး ရွာဆက်ပြန်မနေနဲ့။ တံခွန်တိုင်





မြင်းလှည်းဂိတ်မှာလည်း ဆင်းမနေနဲ့။ တို့နဲ့အတူ မြို့ချောင်းအထိ လိုက်ခဲ့။ ဒီည ငါ့အိမ်မှာအိပ်ပြီး မနက်မှရွာဆက်ပြန်တော့"

"ဒါဆိုရင် ကျေးဇူးပါပဲဗျာ"

ထိုညက ဝင်းခန့်တစ်ယောက် ရွာအရောက် မပြန်နိုင်တော့ဘဲ မြို့ချောင်း၌ပင် အိပ်ခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# သေသူ့စီညာဉ်

တဲ ... မင်းစိန်၊
မင်းလည်း ငါ့ကို အိပ်မက်ထဲမှာ လာမနှောင့်ယှက်နဲ့တော့။
ဒီမှာ မင်းဦးထုပ်ကို ငါလာပေးပြီ၊
ပြောပြီးသည်နှင့်ဖိုးအောင်တာ ဦးထုပ်ဖြူလေးကို
မြေပုံပေါ်ပစ်ချပြီး ပြန်လှည့်ထွက်လိုက်သည်။
ထိုစဉ် သူ၏ရှေ့မြက်ဖုတ်ပေါ်တွင်
အပြန့်လိုက်တင်နေသော
နွမ်းဖတ်ဖတ် ကိုးဆယ်တန် ငွေစက္ကူတစ်ရွက်ကို
တွေ့လိုက်ရလေသည်။





ဖိုးအောင်ဟုဆိုလိုက်သည်နှင့် အရက်သမားဟုသာ တစ်ရွာလုံးက သတ်မှတ်ထားကြသည်။ ဖိုးအောင်ကိုယ်တိုင်က အရက်ပုံမှန်သောက်ပြီး ပုံမှန်မူးသည်။ အရက်မူးလာလျှင်လည်း အခြားအရက်သမားအများစုလို ပြဿနာတော့ မရှာတတ်။ ရွာရိုးလျှောက်ပြီး သီချင်းအော်ဆိုသည်၊ ကသည်။ ရယ်စရာမောစရာ ပါးစပ်ထဲတွေ့ရာတွေ ပြောသည်။ တစ်ခါတစ်ရံ အလွန်အကျွံ မူးလာလျှင်တော့ အိမ်ပြန်ပြီး သူ၏ဇနီးသည် မနှင်းမေကို အကြောင်းမဲ့ရန်ရှာပြီး အော်ဟစ် သောင်းကျန်းတတ်သည်။ ထိုအခါမျိုးတွင်လည်း လူကြီးသူမများက ဝင်ရောက်ပြောဆိုလိုက်သည်နှင့် သူက ငြိမ်သွားတတ်သည်။ ထို့ကြောင့်လည်း အရက်သမားဖြစ်ပါလျက် ရွာသူရွာသားများက သူ့ကိုခင်မင်ကြသည်။

ရွာသူရွာသားများအနေဖြင့် ဖိုးအောင်ကို ခင်မင်ကြသည့် အခြားအကြောင်းတစ်ခုကလည်း ရှိနေသေးသည်။ ရွာထဲတွင် သာရေးနာရေးကိစ္စဝိစ္စရှိပြီဆိုလျှင် ဆင်းရဲချမ်းသာ ပုဂ္ဂိုလ်မရွေး မည်သူ့ကိစ္စဖြစ်ဖြစ် ဖိုးအောင်တစ်ယောက် ရှေ့ဆုံးက ရောက်နေတတ်ပြီး ဝိုင်းလုပ် ဝိုင်းစားဖြင့် အစအဆုံးကူညီတတ်သည်။ အထူးသဖြင့် ပူတချို့ ရှောင်တတ်ကြသော အသုဘကိစ္စမျိုးဆိုလျှင် ဖိုးအောင်မှာ အသုဘအလောင်းမြေကျသည့်တိုင် သူတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



မကိုင်ချင်တာကိုင်၊ မလုပ်ချင်တာ လုပ်ပေးပြီး အစအဆုံး ကူညီပေးလေ့ရှိသည်။ ထို့အပြင် စီးပွားဖြစ် မတုတ်သော်လည်း ဖဲရိုက်ဝါသနာပါလွန်းသောဖိုးအောင်မှာ ကိုယ်တိုင်မရိုက်ရလျှင်တောင် သူများရိုက်တာ ထိုင်ကြည့်နေရမှကျေနပ်သူဖြစ်ရာ ရွာထဲတွင် အသုဘတစ်ခု ရှိပြီဆိုလျှင် နေ့ရောညပါ အိမ်မပြန်တော့ပေ။ ထို့ကြောင့်လည်း လူမှုရေးစိတ်ရှိသော ဖိုးအောင်ကို ရွာသူရွာသားများက နားလည်ခွင့်လွှတ်ကြလေသည်။

အသုဘကိစ္စများတွင် အလောင်းကိုင်ခြင်း၊ အလောင်းပြင်ခြင်း၊ အလောင်းထမ်းခြင်း၊ သုသာန်သင်္ချိုင်းတွင် မြေကျင်းတူးခြင်းစသည်ဖြင့် အကူအညီပေးလေ့ရှိသော ဖိုးအောင်တွင် ထူးခြားသောအကျင့်တစ်ခုရှိလေသည်။ ထိုအချက်မှာ တခြားမဟုတ်ဘဲ အသုဘအလောင်းများ သင်္ဂြိုဟ်ရာတွင် အခေါင်းထဲသို့ ထည့်ပေးလေ့ရှိသော သက်ပျောက်လုံချည်၊ သက်ပျောက်အင်္ကျီနှင့် အခြားအသုံးအဆောင်ပစ္စည်းများထဲမှ သူလိုချင်သောပစ္စည်းများကို အလောင်းမြှုပ်နှံချိန်တွင် ဖယ်ထားပြီး သူ့အိမ်သို့ယူသွားခြင်းပင်ဖြစ်သည်။ ဖိုးအောင်တစ်ယောက် ထိုကဲ့သို့ယူသည်ကို ကာယကံရှင်မိသားစုများနှင့် အခြားရွာသူရွာသားများက သိကြသော်လည်း ၎င်းသို့မျှ အပြစ်မမြင်ကြဘဲ 'သူစိတ်သန့်လို့ယူတာ ယူပါစေ' ဟုသာ ဆိုကြလေသည်။





ဖိုးအောင်ကလည်း 'မသာစကိုဆောင်၊ ကျောင်းစကိုရှောင်' ဟူသော စကားကို လက်ကိုင်ထားပြီး ယူမြဲယူလေသည်။ လွန်ခဲ့သည့် ငါးနှစ်ခန့်ကမူ ဖိုးအောင်အတွက် အကြီးအကျယ် တုန်လှုပ်ချောက်ချားဖွယ် အဖြစ်တစ်ခုကို ကြုံခဲ့ရလေသည်။

✦ ✦ ✦

ရွာတောင်ပိုင်းမှ ကိုမင်းစိန်ဆုံးပြီဟူသော သတင်းကို ကြားသည်နှင့် ဖိုးအောင်တစ်ယောက် သူ၏လုပ်လက်စ အလုပ်များကိုရပ်ပြီး ကိုမင်းစိန်အိမ်သို့ ထွက်ခဲ့သည်။ အရပ်ဓလေ့ ထုံးစံအတိုင်း အလောင်းကို ရေချိုးပေးခြင်း၊ ငှက်ပျောတုံးခု၊ တပ်ကျဲရက်၊ အလောင်းပြင်ခြင်း စသည့်ကိစ္စအားလုံး ဖိုးအောင်ကပင် ဦးစီးလုပ်ကိုင်ပေးသည်။ ဖိုးအောင်မှာ လက်သမားပညာကိုလည်း တတ်သူဖြစ်ရာ ကိုမင်းစိန်အလောင်းထည့်ရန် အခေါင်းကိုလည်း သူကိုယ်တိုင်ပင် စပ်ပေးလေသည်။ နေ့ခင်းဘက်လုပ်စရာရှိသည်များ လုပ်ကိုင်ပြီး ညနေမိုးချုပ်သောအခါ ဖိုးအောင်မှာ အိမ်သို့ခဏပြန်ပြီး စောင်တစ်ထည်ယူပြီး အသုဘအိမ်ပြန်လာလေသည်။ ထိုညတွင် ထုံးစံအတိုင်း အလောင်းစောင့်သူသုံးလေးဦးနှင့်အတူ ဖိုးအောင်တို့ အပျော်တမ်းဖဲ ရိုက်ကြလေသည်။ ဖိုးအောင်မှာ အရက်ကလည်း မူးနေပြီဖြစ်သောကြောင့် ဖဲရိုက်ရင်းဖြင့် 'ကဲ ... သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းစိန်ရေ၊ ငါ့ကိုတော့ ကုလားတစ်ကောင်လောက် ခိုးပေးဦးတ’ ‘ဆယ်ဖဲတစ်ချပ်လောက် နှိုက်ပေးဦးတ’စသည်ဖြင့် ပြောနေလေသည်။ ညဆယ့်တစ်နာရီ ခွဲလောက်တွင် သူတို့လူစုမှာ အိပ်ချင်လာပြီဖြစ်သောကြောင့် ဖဲဝိုင်းကိုဖျက်ပြီး အလောင်းပြင်ထားသော အိမ်ပေါ်မှာပင် အိပ်ရန်ပြင်ဆင် ကြလေသည်။ ထိုစဉ် ဖိုးအောင်မှာ အိမ်ပေါ်မှ တစ်ယောက်တည်းဆင်းလာပြီး အိမ်မြောက်ဘက်ရှိ တပ်စည်းဘေးတွင် အပေါ့သွားရန်ဟန် ပြင်သည်။ လုံချည်ကို မရုံသာရှိသေးသည်။ သူ၏နံဘေးဘက် နှစ်လံကွာလောက်တွင် လူတစ်ယောက်ရပ်နေသည်ကို မြင်သောကြောင့် လှည့်ကြည့်လိုက်မိသည်။ လရောင်အောက်တွင် သူမြင်နေရသည်မှာ လုံချည်အနက်ကွက်၊ အင်္ကျီအဖြူလက်တိုဖြင့်သူ့ကိုကျောပေးလျက် ရပ်နေသော ကိုမင်းစိန်ဖြစ်နေသည်။ ကြောက်စိတ်မဝင်တတ်သော ဖိုးအောင်မှာ သူ့ကိုယ်သူ မျက်စိမှားသည်ထင်ပြီး သေချာအောင် ထပ်ကြည့်သည်။ သူမြင်နေရသူမှာ ကိုမင်းစိန်မှ ကိုမင်းစိန်ဖြစ်နေသောအခါ ခေါင်းနားပန်းကြီးလာပြီး ကြက်သီးမွေးညင်းများထလျက် အပေါ့သွားရန် သတိမရတော့ဘဲ အိမ်ပေါ်သို့တက်ပြေးလေတော့သည်။

‘ဟိတ်ကောင် ဘာဖြစ်လာတာလဲ’

မောကြီးပန်းကြီးဖြင့် အိမ်ပေါ်ပြန်ရောက်လာသော ဖိုးအောင်





ကို အိမ်ပေါ်တွင်ထိုင်လျက်ရှိနေသေးသော ကိုထွေးက ဆီးမေးလေသည်။

‘ကိုထွေး၊ ငါ အပေါ့သွားမလို့ လိုက်ခဲ့ဦးကွာ’

‘ဟာ ... မင်း အခုသွားတာ မဟုတ်ဘူးလား’

‘ငါအောက်မှာ မင်းစိန်ကိုတွေ့လို့ ပြန်တက်ပြေးလာတာ’

‘မဖြစ်နိုင်တာကွာ၊ မင်းက သွေးကြောင်နေပြီ၊ ဒီမှာ မင်းစိန် အလောင်းကြီး’

‘မင်းစိန် အောက်မှာရပ်နေတာကို ငါ့မျက်စိနဲ့ သေသေချာချာ မြင်တာကွ’

‘အိုး ... အဓိပ္ပာယ်မရှိဘူး၊ မင်းစိန် အောက်မှာရပ်နေတယ်ဆိုရင် ဒီအိမ်ပေါ်က သူ့အလောင်းကြီးပျောက်သွားမှာပေါ့’

‘လာကွာ၊ ငါနဲ့အောက်လိုက်ခဲ့ဦး’

ဖိုးအောင်က ဇွတ်ခေါ်နေသောကြောင့် ကိုထွေးမှာ သူ၏ လက်နှိပ်ဓာတ်မီးကိုယူပြီး အိမ်အောက်သို့ လိုက်ခဲ့လေသည်။

‘ကဲ ... အဲဒီကောင် ဘယ်နားမှာရပ်နေတာလဲ။ မင်းမြင်တဲ့နေရာ ငါ့ကိုပြ’

အိမ်အောက်ရောက်သည်နှင့် ကိုထွေးက မေးလေသည်။

‘ဟိုနားမှာ’



www.burmeseclassic.com

www.burmeseclassic.com

ဖိုးအောင် ညွှန်ပြသောနေရာကို ကိုဌေးက လက်နှိပ်ဓာတ်မီးဖြင့်ထိုးလိုက်သည်။ စောစောက ဖိုးအောင်မြင်တွေ့သောနေရာတွင် မည်သည့်လူရိပ်မျှမရှိဘဲ အဝတ်တန်းတစ်တန်းရှိနေပြီး အဝတ်တန်းပေါ်တွင် လုံချည်အနက်ကွက်တစ်ထည် လှန်းထားသည်ကို တွေ့ရသည်။

'မင်းဟိုလုံချည်ကိုမြင်ပြီး မျက်စိမှားတာနေမှာပါ ဖိုးအောင်ရာ။ အဲဒါ မင်းစိန်ရဲ့ သက်ပျောက်ပုဆိုးကွ'

'ဟာ ... ဒါစောစောကမြင်တာ အဲဒီပုဆိုးနဲ့ပဲ ကွ။ အပေါ်က အကျႌအဖြူနဲ့ မတ်တတ်ရပ်နေတာ'

ကိုဖိုးအောင်က ပြောရင်းပင် တပ်စည်းဘောဆီသို့ သွားထိုင်ပြီး အပေါ့သွားသည်။

'မင်း မျက်စိမှားတာပါ ဖိုးအောင်ရာ၊ ဒါတွေဟာ စိတ်ကဖြစ်တာ'

ဖိုးအောင်မှာ သူ့ကိုယ်သူ မျက်စိမမှားမှန်း အသေအချာသိသော်လည်း ကိုဌေးကို ဘာမှပြန်မပြောတော့ဘဲ အပေါ့သွားပြီးသည်နှင့် ကိုဌေးနှင့်အတူ အိမ်ပေါ်သို့ပြန်တက်ခဲ့လေသည်။ ထိုညက ဖိုးအောင်တစ်ယောက် ကြောက်စိတ်များလွှမ်းမိုးခံနေရပြီး တော်တော်ကြာမှ အိပ်ပျော်သွားခဲ့ေ သည်။ နောက်ညတွင် အလောင်းကို





အရိပ်များဆင်ပြီး ခြံရှေ့လမ်းမပေါ်ထုတ်ထားပြီးဖြစ်ပြီး အသုဘအဝင်ညဖြစ်သောကြောင့် ဆည့်သည်များ၊ ဖဲရိုက်သူများနှင့် လူကလည်းများနေရာ ဖိုးအောင်မှာ ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ဖြစ်သွားလေသည်။

✦ ✦ ✦

ကိုမင်းစိန်၏အသုဘကို အရပ်ဓလေ့ထုံးစံအတိုင်း သုံးရက်ထားပြီး သင်္ဂြိုဟ်သည်။ အသုဘပို့ချိန်တွင် ထုံးစံအတိုင်း အရက်မူးကြောင်ကြောင်ဖြစ်နေသော ဖိုးအောင်က အလောင်းထမ်းသူများ၏နောက်နားကကပ်၍ အော်ဟစ်ငိုယိုပြီး လိုက်လေသည်။ ရွာထဲရပ်ထဲတွင် အသုဘရှိတိုင်း သူနှင့်သွေးသားတော်တော် မတော်တော်ငိုလေ့ရှိသော ကိုဖိုးအောင်မှာ သေဆုံးသူ ကိုမင်းစိန်နှင့်ငယ်သူငယ်ချင်းလည်းဖြစ်၊ ဖဲရိုက်ဘက်လည်းဖြစ်နေသောကြောင့် ရင်းနှီးမှုပိုသူဖြစ်ရာ တခြားကိစ္စများထက်ပင် ပို၍ငိုလေသည်။ ရွာအထွက်သို့ ရောက်သောအခါ ကိုဖိုးအောင်မှ အလောင်းစင်နောက်မှကပ်လိုက်ရသည်ကိုပင် အားမရတော့ဘဲ အလောင်းစင်ပေါ် ဖက်တွယ်တက်ပြီး အခေါင်းပေါ်တွင် ဝမ်းလျားမှောက်လျက် အခေါင်းကြီးကိုဖက်ပြီး ငိုရင်းလိုက်ပါလာလေသည်။ အလောင်းထမ်းသောလူငယ်များကလည်း ဖိုးအောင်အကြောင်းကိုနားလည်ပြီး သူများဖြစ်၍


www.burmeseclassic.com

www.burmeseclassic.com


ဘာမျှ မပြောကြပေ။ ဤသို့ဖြင့်ပင် သချိုင်းသုံ့ဖရောက်သောအခါ အသုဘပို့လိုက်လာသူအားလုံး ဇရပ်အတွင်းဝင်ပြီး သရဏဂုံတင် တရားနာကြသည်။ သရဏဂုံတင်ပြီးသောအခါ သံဃာတော်များ လည်းပြန်ကြွသွားပြီး အသုဘလိုက်ပို့သူများလည်း အလျှိုလျှို ပြန်ကုန်ကြသည်။ နောက်ဆုံးတွင် အလောင်းကိုမြေမြှုပ်ပေးမည့်သူ လေးငါးဆယ်ဦးနှင့် ကိုမင်းစိန်၏ရုပ်အလောင်းကိုကြည့်ရန် စောင့် နေသော မိသားစုဝင် တစ်ဦး၊ နှစ်ဦးသာကျန်ခဲ့သည်။

ဖိုးအောင်နှင့်အဖွဲ့က အလောင်းစင်ပေါ်မှ အခေါင်းကို အဆင်သင့်တူးထားသောမြေကျင်းထဲသို့ ထည့်လိုက်သည်။ ပြီးသည် နှင့် ဖိုးအောင်က အခေါင်း၏အဖုံးကိုဖွင့်လိုက်ပြီး 'ကိုမင်းစိန်မျက်နှာကို နောက်ဆုံးကြည့်ချင်တဲ့သူတွေလာကြည့်ကြ' ဟုအော်လိုက်လေသည်။ ကျန်လူများက ပုပ်ပွနေပြီဖြစ်သော ကိုမင်းစိန်၏ရုပ်အလောင်းကို ဝိုင်းကြည့်ကြသည်။ ကိုမင်းစိန်၏ကျန်ရစ်သောမိသားစုဝင်အချို့လည်း ပျက်ယွင်းစပြုနေပြီဖြစ်သော ရုပ်အလောင်းကို ခဏတာကြည့်ရှုပြီး ပြန်သွားကြလေသည်။ ထိုအခါ မြေဖို့မည့်သူများသာ ကျန်ရစ်ခဲ့ရာ ထိုအုပ်စုထဲမှ တစ်ဦးက မြေကြီးခဲတစ်ခဲကိုကောက်ယူပြီး အလောင်း ပေါ်ပစ်တင်လိုက်သည်။



'ဟိတ်ကောင်တွေ နေဦး၊ နေဦး။ ငါယူစရာရှိသေးတယ်။ ရမ်းမလုပ်ကြနဲ့'

ဖိုးအောင်က အော်ဟစ်ပြောဆိုရင်း မြေကျင်းထဲသို့ဆင်းကာ အခေါင်းထဲတွင် ထည့်ပေးထားသော ပစ္စည်းများကို လှန်လှော ရှာဖွေသည်။ ပြီးတော့ ဖြူဆွတ်သော အနားဝိုင်းနှင့် အဝတ်ဦးထုပ် တစ်လုံးကို ဆွဲထုတ်၍ သူ့ခါးကြားတွင်ထိုးလိုက်ပြီး အခေါင်းအဖုံး ကိုပြန်ဖုံးလျက် 'ကဲ... ဖို့ကြတော့' ဟု ပြောလိုက်ရာ အားလုံးက 'နောက်မလာနဲ့တော့၊ နောက်မလာနဲ့တော့' ဟုပြောရင်း မြေကြီး ဝိုင်းဖို့ကြလေသည်။ အလောင်းမြေကြီးဖို့ခြင်းကိစ္စပြီး၍ ပြန်ကြသော အခါ ဖိုးအောင်က 'ကဲ...နေခဲ့တော့ မင်းစိန်ရေ၊ မင်းမသေခင်က ငါ့ဆီက ငွေကိုးဆယ်ယူပြီး ဖဲရိုက်ထားတာ ငါကတော့ မင်းဦးထုပ်ကို အကြွေးသိမ်းခဲ့ပြီ' ဟုပြောလေသည်။ သူ့စကားကိုကြားရသော ကျန် လူများအားလုံးက ဝိုင်းရယ်ကြလေသည်။ ထိုနေ့ညတွင် ဖိုးအောင် တစ်ယောက် အသုဘအိမ်၌ မအိပ်တော့ဘဲ ကိုယ့်အိမ်ကိုယ်ပြန်အိပ် လေသည်။ ညဘက်အိပ်နေစဉ် ဖိုးအောင်မှာ ထူးခြားသောအိပ်မက် တစ်ခုမက်ခဲ့လေသည်။

အိပ်မက်ထဲတွင် ကိုမင်းစိန်တစ်ယောက် ဖိုးအောင်၏ ခြံတစ်စည်းအပြင်ဘက်မှရပ်လျက် ဖိုးအောင်ကိုအော်ခေါ်နေလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ဖိုးအောင်က 'မင်းစိန် ဘာကိစ္စရှိလို့လဲ'ဟု မေးသောအခါ ကိုမင်းစိန်က 'ငါ့ဦးထုပ်လေးပြန်ပေးပါကွာ။ ငါသွားစရာရှိရင် ခေါင်းနေပူနေပါ့မယ်'ဟုပြောပြီး ပြန်လှည့်သွားလေသည်။

ဖိုးအောင်မှာ မနက်မိုးလင်း၍ အိပ်ရာမှထသောအခါ ညက အိပ်မက်ကိုပြန်စဉ်းစားရင်း သူ၏ဧည့်ခန်းရှိ အိမ်တိုင်သံငုတ်တွင် ချိတ်ထားသောဦးထုပ်လေးမှာ ပထမနေ့က သူသင်္ချိုင်းကုန်းမှ ယူလာပြီး ချိတ်ထားရဉ်က အတည့်ဖြစ်သော်လည်း ယခုအခါ ပြောင်းပြန်လှန်ပြီး ချိတ်လျက်တွေ့ရသောကြောင့် သူ့စိတ်ထဲတွင် အံ့သြသွားမိသည်။ ထို့ကြောင့် သူ၏ဇနီးသည်အား သူယူလာသော ဦးထုပ်ကို ကိုင်သေးလားဟုမေးရာ ဇနီးဖြစ်သူကလည်း ဦးထုပ်ကို သူမကိုင်ကြောင်း ဖြေသည်။ ဖိုးအောင်မှာ ညကအိပ်မက်ထဲတွင် တွေ့ရသော ကိုမင်းစိန်၏ပုံကို ပြန်မြင်ယောင်နေသည်။ လုံချည်အနက်ကွက်၊ အင်္ကျီအဖြူလက်တိုနှင့် ကိုမင်းစိန်၏ပုံစံမှာ ကိုမင်းစိန် သေသည့်ညက သူ့အပေါ်သွားစဉ် မြင်တွေ့ခဲ့ရသောပုံစံနှင့် တစ်ထပ်တည်းဖြစ်သည်။ ဖိုးအောင် စဉ်းစားရင်း ကြက်သီးဖြန်းခနဲထသွားသော်လည်း ကြောက်စိတ်ကိုဖယ်ရှားရင်း ထိုအကြောင်းများကို ကြိုးစားပြီးမေ့ပစ်လိုက်သည်။

ဒုတိယညတွင်လည်း ဖိုးအောင်၏ အိပ်မက်ထဲသို့ ကိုမင်းစိန်





ရောက်လာပြန်သည်။ ကိုမင်းစိန်၏အဝတ်အစားများမှာ ယခင်ပုံစံအတိုင်း လုံးဝမပြောင်းလဲပေ။ သို့ရာတွင် ယခုအကြိမ်၌ ကိုမင်းစိန်မှာ ခြံအပြင်ဘက်တွင် ရပ်နေသည်မဟုတ်တော့ဘဲ ဖိုးအောင်၏ခြံထဲသို့ ဝင်လာပြီး အိမ်ရှေ့တွင်ရပ်လျက်သူ၏ဦးခေါင်းကို လက်ဖြင့်ပွတ်ပြီး 'ငါသွားရလာရတာနေပူတယ် ဖိုးအောင်ရာ၊ ငါ့ဦးထုပ်ပြန်ပေးပါ။ မင်းမအားရင်လည်း တစ်ယောက်ယောက်ကို ပို့ခိုင်းလိုက်'ဟုပြောပြီး ပြန်ထွက်သွားလေသည်။ မနက်မိုးလင်းသောအခါ ဖိုးအောင်မှာ သူ၏အိပ်မက်ကို ပြန်စဉ်းစားရင်း တိုင်တွင်ချိတ်ထားသောဦးထုပ်ကို ပြန်ကြည့်မိပြန်သည်။ ဤတစ်ကြိမ်တွင် ဖိုးအောင်မှာ အကြီးအကျယ် တုန်လှုပ်သွားရတော့သည်။ အကြောင်းမှာ သူမနေ့ကကြည့်စဉ် ပြောင်းပြန်ချိတ်လျက်ရှိနေသော ဦးထုပ်လေးမှာ ယခုအခါတွင် အတည့်ပြန်ဖြစ်ပြီး ချိတ်လျက်ရှိသောနေသောကြောင့်ပင်ဖြစ်သည်။ ထိုနေ့တစ်နေ့လုံးသူ၏ခေါင်းထဲတွင် ဦးထုပ်ကလေး၏ထူးခြားသော အပြောင်းအလဲ၊ နှစ်ညဆက်မက်နေသော အိပ်မက်ထဲမှ ဦးထုပ်ပိုင်ရှင် ကိုမင်းစိန်၏အကြောင်းစသည်ဖြင့် ဆက်စပ်စဉ်းစားစရာများ တစ်သီတစ်တန်းကြီးဖြစ်နေပြီး အလုပ်လုပ်ရသည်ပင် စိတ်မဖြောင့်အောင် ရှိနေတော့သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

'အားလုံး ကြားကြားသမျှ အမျှ ... အမျှ ယူတော်မူတော်ကြပါကုန်သော်ဝ်'

'သာဓု ... သာဓု ... သာဓု'

ဖိုးအောင်တစ်ယောက်တည်း ဘုရားစင်ရှေ့တွင် ဘုရားရှိခိုးပြီး အမျှဝေ၊ သာဓုခေါ်နေသည်ကိုကြည့်ရင်း ဇနီးဖြစ်သူ မနှင်းမေက အံ့အားတသင့်ကြည့်ရင်း ပြုံးနေလေသည်။ ယခင်က ဘုရားရှိခိုးရန် အလွန်ပျင်းသောသူ၏ ခင်ပွန်းသည်မှာ ယနေ့ညတွင်မှ ထူးထူးခြားခြား ဘုရားရှိခိုး မေတ္တာပို့ အမျှဝေလုပ်နေသောကြောင့် တစ်ခုခုတော့ ထူးနေပြီဟု စဉ်းစားမိလေသည်၊ သို့ရာတွင် စိတ်အနှောင့်အယှက် ဖြစ်သွားမည်စိုးသဖြင့် ဘာမျှမပြောတော့ဘဲ အိပ်ရာထဲသို့ ဝင်လိုက်လေသည်။

ဖိုးအောင်မှာ အိပ်ရာထဲဝင်ပြီး အိပ်ပျော်ရန်ကြိုးစားသော်လည်း တော်တော်နှင့်အိပ်မပျော်အောင်ဖြစ်နေသောကြောင့် မှတ်မိသမျှ ဘုရားစာ၊ တရားစာများကို စိတ်ထဲမှ အဆက်မပြတ် ရေရွတ်နေလေသည်။ နောက်ဆုံးတွင် သန်းခေါင်ယံကျော်ခါနီးမှ မှေးခနဲအိပ်ပျော်သွားခဲ့သည်။

"ဟိတ်ကောင် မင်းစိန်၊ မင်းအိမ်ပေါ်မတက်ခဲ့နဲ့။ မင်းဦးထုပ်ကို ငါလာပေးမယ်။ မတက်နဲ့လို့ ပြောနေတယ်နော်။ ဟိတ်ကောင်





... ဝုန်း"

ဖိုးအောင်မှာ ပါးစပ်က ဂူးဂူးဂါးဂါးအော်ဟစ်ရင်း ကြမ်းပြင်ကို ဖနောင့်နှင့်ပေါက်လိုက်သည်ကြောင့် သူ၏ဇနီးသည် မနှင်းမေမှာ အိပ်ရာမှနိုးသွားပြီး သူ့ကိုလှုပ်နှိုးလေသည်။ 'ကိုဖိုးအောင် ထ ... ထ၊ တော်ဘာဖြစ်နေတာလဲ'

မနှင်းမေက နှိုးရင်းမီးခြစ်ကိုယူပြီး မီးခွက်ထွန်းလိုက်သည်။ အိပ်ရာမှနိုးလာပြီး ပြူးကြောင်ကြောင်ဖြစ်နေသော ဖိုးအောင်၏မျက်နှာတွင် ချွေးသီးချွေးပေါက်များ ထွက်နေသည်ကို မီးခွက်အလင်းရောင်ဖြင့် မြင်နေရသည်။

'တော် ဘာဖြစ်နေတာလဲ ကိုဖိုးအောင်'

'ငါ့ကို ရေတစ်ခွက်လောက် တိုက်စမ်းပါ'

မနှင်းမေက ရေတစ်ခွက်ပြေးခပ်ပြီး ဖိုးအောင်ကို တိုက်လိုက်သည်။ ဖိုးအောင်က ရေကိုဝအောင်သောက်၍ သက်ပြင်းတစ်ချက်ချပြီးမှ ဖြည်းဖြည်းချင်းပြောသည်။

'အိပ်မက်ထဲမှာ ငါးစိန်က သူ့ဦးထုပ်လာတောင်းရင်း အိမ်ပေါ်ကို ဇွတ်တက်လာတယ်ဟာ'

'တော် စိတ်စွဲနေလို့နေမှာပါ'

'မဟုတ်ဘူး၊ ဒါရောဆို သုံးညရှိပြီ။ အရင်ညတွေက


www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မတက်ဘဲ အပြင်ကတင်ရပ်တောင်းတာ။ ညကတော့ သူ့လက်ထဲမှာလည်း ကိုးဆယ်တန်တစ်ရွက်ကိုင်လာပြီး ဟိတ်ကောင်၊ မင်းဆီက ဖဲယူရိုက်ထားတဲ့ငွေကိုးဆယ်လည်းပြန်ယူ၊ ဖိုးထုပ်လည်း ပြန်ပေးဆိုပြီး အိမ်ပေါ်ကိုဇွတ်တက်ဖို့ပြောရင်း ဖနောင့်နဲ့ ပေါက်လိုက်တာ ကြမ်းပြင်ကိုပေါက်မိပြီး လန့်နိုးသွားတယ်'

'တော်ကလည်း တော်ပဲ ဘ.ပမှမဟုတ်ဘဲ မသိုးမသန့် အသုဘပစ္စည်းတွေ အိမ်ပေါ်တင်လာတာ ကျုပ်က လုံးဝကို မသတိဘူး'

'တော်ပြီ၊ မနက်ဖြန် အဲဒီဦးထုပ်ကို သူ့မြေပုံမှာ ထားသွားလိုက်တော့မယ်'

'သွားထားလိုက်၊ ကဲ ... မိုးလင်းခါနီးပြီ၊ ပြန်အိပ်တော့'

ဇနီးဖြစ်သူကပြောပြီး ပြန်အိပ်သွားသော်လည်း ဖိုးအောင်မှာ ပြန်အိပ်၍မရတော့ဘဲ ဘုရားရှိခိုးစာများ ရွတ်ရင်းမိုးလင်းသွားခဲ့သည်။ ဖိုးအောင်မှာ မိုးလင်းလျှင်လင်းချင်းလဲလျောင်းနေရာမှထပြီး မျက်နှာသစ်သည်။ ပြီးသည်နှင့် တိုင်တွင်ချိတ်ထားသောဦးထုပ်အဖြူကလေးကိုချွတ်ပြီးသင်္ချိုင်းကုန်းသို့ထွက်ခဲ့သည်။ သင်္ချိုင်းသို့ရောက်သောအခါ လတ်လတ်ဆတ်ဆတ်ကြီးရှိနေသေးသော ကိုမင်းစိန်၏မြေပုံသို့သွားပြီးမြေပုံရှေ့တွင် မတ်တတ်ရပ်လိုက်သည်။





'ကဲ... မင်းစိန်၊ မင်းလည်း ငါ့ကိုအိပ်မက်ထဲမှာ လာမနှောင့်ယှက်နဲ့တော့။ ဒီမှာမင်းဦးထုပ်ကို ငါလာပေးပြီ'

ပြောပြီးသည်နှင့် ဖိုးအောင်က ဦးထုပ်အဖြူလေးကို မြေပုံပေါ်ပစ်ချပြီး ပြန်လှည့်ထွက်လိုက်သည်။ ထိုစဉ်သူ၏ရှေ့မြက်ဗုတ်ပေါ်တွင် အပြန့်လိုက်တင်နေသော နွမ်းဖတ်ဖတ်ကိုးဆယ်တန်ငွေစက္ကူတစ်ရွက်ကို တွေ့လိုက်ရလေသည်။ ဖိုးအောင်မှာ ကိုးဆယ်တန်ကိုကောက်ကိုင်မည်ပြုပြီးမှ ကြက်သီးမွေးညင်းများဖြန်းခနဲထလာသည်ကြောင့် မကောက်တော့ဘဲ အိမ်အရောက်သုတ်ခြေတင်၍ ပြေးခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# စိညာဉ်ညှော်သည်

သူချက်ထိုးထားသော အခန်းက
အလိုလိုပွင့်လာပြီး ...
အမျိုးသမီးတစ်ဦး အခန်းထဲသို့
လှမ်းဝင်လာသည်ကို တွေ့ရသည်။
သူစိုက်ကြည့်နေဆဲမှာပင် ...
သူမ၏ရုပ်သွင်တ ချက်ချင်းရင့်ရော်သွားပြီး
မျက်တွင်းဟောက်ပက်၊ ဆံပင်ဖားလျားကြီးနှင့်
ကြောက်စရာရုပ်သွင် ဖြစ်လာလေသည်။
သူမ၏မျက်နှာတစ်ခုလုံးတွင်လည်း
သွေးများဖြင့် ချင်းချင်းနီလျက်ရှိပြီး ....





၁၉၈၂-ခုနှစ်၊ အောက်တိုဘာလတွင်ဖြစ်သည်။

ပဲခူးဒေသကောလိပ်သို့ အနီးကပ်သင်တန်းတက်ရင်း စာမေးပွဲ လာရောက်ဖြေဆိုမည့် စာပေးစာယူကျောင်းသားများ ပဲခူးသို့ တဖွဲဖွဲရောက်ရှိလာနေကြသည်။ ထိုစဉ်က ပဲခူးကောလိပ်မှာ ယခုကောလိပ်နေရာသို့မရောက်သေးဘဲ မြို့ထဲတွင်သာရှိသေးသော အချိန်ဖြစ်သည်။ ထို့ကြောင့် နယ်မှလာကြသော ကျောင်းသားများမှာလည်း ပဲခူးမြို့အတွင်း ကျောင်းနှင့် နီးစပ်ရာအိမ်ဆောင်များ၌သာ အဆင်ပြေသလို ငှားရမ်းနေထိုင်ကြလေသည်။

တစ်ခုသောနံနက်ခင်းတွင် ဘုရားလမ်းအနီး ဘောလုံးကွင်းဘက်သို့ မျက်နှာမူထားသောအဆောင်သို့ ကျောင်းသားတစ်ယောက် ရောက်ရှိလာလေသည်။ ထိုကျောင်းသားမှာ စာပေးစာယူ ပထမနှစ် ဖြေဆိုမည့် ကျောင်းသားဖြစ်ပြီး အနီးကပ်သင်တန်းတက်ရန်အတွက် ကြိုတင်ရောက်ရှိလာသောကျောင်းသားဖြစ်သည်။ သူက တခြားသော ကျောင်းသားများကဲ့သို့ အဆောင်ကြိုတင်ငှားရမ်းထားခြင်းမရှိဘဲ ရောက်သည့်နေရာတွင် မီးစင်ကြည့်ကမြီး ဖြစ်သလိုနေမည်ဆိုသည့် အတွေးဖြင့် ရောက်လာသောကျောင်းသားတစ်ဦးသာဖြစ်သည်။ ယခု ဤအဆောင်သို့ ရောက်လာခြင်းမှာလည်း မည်သည့် ကြိုတင်မှုမျှ မရှိဘဲ ဤအိမ်ကြီးတွင် ကျောင်းသားများ အဆောင်ထားသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားသမားက လမ်းညွှန်၍ ရောက်လာခြင်းသာ ဖြစ်သည်။

သူက နှစ်ထပ်အိမ်မည်းမည်းကြီး၏ အောက်ထပ်တံခါးဝအထိ လျှောက်လာပြီး ပခုံးပေါ်တွင် လွယ်ထားသော သားရေအိတ်ကြီးကို ကြမ်းပြင်ပေါ် ဝုန်းခနဲ ပစ်ချလိုက်သည်။ ထိုအချိန်မှာပင် အိမ်အတွင်းဘက်မှ သူနှင့်ရွယ်တူ လူငယ်တစ်ဦးထွက်လာပြီး သူ့ကို စေ့စေ့ကြည့်၍ "ဘာကိစ္စလဲ"တု မေးလေသည်။ သူက အိမ်အောက်ထပ်အခန်းများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ "အဆောင်ငှားချင်လို့ပါ"တု ပြောလေသည်။ အိမ်ရှင်လူငယ်က ခေါင်းညိတ်ပြီး ဆက်မေးသည်။

"ဘာလဲ စာပေးစာယူလား"

"ဟုတ်တယ်"

"ဒါဖြင့် တစ်လလောက်ပဲပေါ့"

"အင်း တစ်လလောက်ပဲကြာမှာပါ"

"အခန်းတွေက လူပြည့်နေပြီဗျ"

"ဟာ တစ်ခန်းလောက် မရနိုင်တော့ဘူးလားဗျာ၊ ကျုပ်က အဆောင်တွေ လိုက်ရှာမနေချင်တော့ဘူး"

"တစ်ခုတော့ ရှိတယ်ဗျ၊ ဟိုဘက် နောက်ဆုံးခန်းမှာ ဒေး(Day)ကျောင်းသားတစ်ယောက်နေတဲ့ အခန်းတစ်ခန်းရှိတယ်။





သူက အခုတော့ သူ့မြို့ပြန်သွားတယ်။ ဘယ်အချိန်ပြန်လာမယ်ဆိုတာ မသိဘူး။ လောလောဆယ် ခင်ဗျားကို အဲဒီအခန်းပေးထားလို့ရတယ်။ တော်ကြာခင်ဗျားစာမေးပွဲမပြီးခင် သူပြန်လာရင် အခက်တွေ့နေမှာစိုးလို့"

"သူက ဘယ်မြို့ကလဲ"

"သူက မြူးက"

"ဟာ ကျွန်တော်လည်း မြူးသားဗျ၊ သူ့နာမည်က ဘယ်သူလဲ"

"ဝင်းထူးလေ သိမလားပဲ"

"ဟာ သိတာပေါ့၊ အဲဒီကျွန်တော့်သူငယ်ချင်းပဲ။ ဒါဆိုရင် သူပြန်လာလည်း သူနဲ့ကျွန်တော် နှစ်ယောက်နေလို့ဖြစ်တယ်ဗျာ။ အဲဒီအခန်းမှာပဲနေမယ်"

"ဒါဆိုလည်း နေပေါ့။ ခင်ဗျားနာမည်က"

"ဖုန်းမြင့်ပါ။ ပထမနှစ် စာပေးစာယူကျောင်းသား နေရပ်ကတော့ မြူးမြို့ပေါ့၊ ဒီဆို လုံလောက်တယ်မဟုတ်လား"

"ဟာ ... ရတယ်၊ လာ ... ခင်ဗျားပစ္စည်းတွေယူခဲ့"

အိမ်ရှင်လူငယ်က သူ့ကိုခေါ်သွားပြီး အခန်းတစ်ခန်းရှေ့အရောက်တွင် ခါးကြားထဲမှ သော့တွဲကြီးကိုဖြုတ်လျက် သော့ချောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းကိုရှာသည်။ ပြီးသည်နှင့် သူလိုသောသော့ချောင်း တစ်ချောင်းကို ကိုင်လျက် အခန်းတံခါးကိုဖွင့်၍ ဝင်လိုက်သည်။

"လာဗျာ အထဲဝင်ခဲ့"

အိမ်ရှင်လူငယ်က ခေါ်လိုက်သည်တွင် အခန်းဝ၌ ကျန်နေခဲ့သော ဖုန်းမြင့်ကလည်း သူ့သားရေအိတ်ကြီးကိုဆွဲလျက် အခန်းထဲသို့ဝင်လိုက်လေသည်။ အခန်းထဲတွင် ခုတင်တစ်လုံးနှင့် စာကြည့်စားပွဲတစ်လုံးရှိနေပြီး ခုတင်ပေါ်တွင် မသိမ်းဆည်းရသေးသော စောင်၊ ခေါင်းအုံး၊ ခြင်ထောင်တို့ကို တို့လို့တွဲလောင်းဖြင့် တွေ့ရသည်။ စာကြည့်စားပွဲပေါ်တွင်လည်း စာအုပ်အချို့က ပြန့်ကျဲနေလေသည်။

"ဒီကောင် ဘာတွေအရေးကြီးပြီး ပြန်သွားတယ်မသိဘူးဗျ၊ အိပ်ရာတွေ၊ စာအုပ်တွေတောင် သိမ်းမသွားဘူး။ အခန်းကတော့ နည်းနည်းရှင်းပစ်ရမှာ"

အိမ်ရှင်လူငယ်က ရှုပ်ပွနေသောအခန်းကိုကြည့်ရင်း ပြောလေသည်။

"ရတယ် ကိစ္စမရှိဘူး။ ကျွန်တော့်ဘာသာပဲ ရှင်းလိုက်ပါမယ်"

"ဒါဆိုရင်တော့ ပိုကောင်းတာပေါ့ဗျာ၊ ကျွန်တော်က ခပ်ဗျား





ကို အားနာလို့"

"ကိစ္စမရှိပါဘူးဗျာ ရပါတယ်"

"ဒါနဲ့ နေဦး၊ ကျွန်တော့်နှာခေါင်းထဲမှာ ပုတ်စော် နံနေတယ်ဗျ၊ နံတာတောင် လူသေကောင်ပုပ် အနံ့မျိုးကြီး"

အိမ်ရှင်လူငယ်၏စကားကြောင့် ဖုန်းမြင့်က နှာခေါင်းကိုဖွင့်လျက် တရှုံ့ရှုံ့ ရှုရှိုက်ကြည့်ရင်း အနံ့ခံကြည့်သည်။ မည်သည့် အနံ့ကိုမျှမရ။

"ကျွန်တော် မနံဘူးဗျ"

"အင်း အဲဒါဆိုလည်းပြီးတာပဲဗျာ၊ ဝင်းထူးဆိုတဲ့ကောင်ကလည်း တော်တော်ညစ်ပတ်တဲ့ ကောင်ပဲ။ ကျွန်တော်သွားမယ် ကိုဖုန်းမြင့် အဆောင်ခလည်း နောက်နေ့မှပေးတော့၊ လိုအပ်တာရှိလည်း ပြောပေါ့ဗျာ"

အိမ်ရှင်လူငယ် အခန်းထဲက ထွက်သွားသည်နှင့် ဖုန်းမြင့်က ခါးမှအင်္ကျီကိုချွတ်လိုက်ပြီး သားရေအိတ်ပေါ်တင်၍ ရှုပ်ပွနေသော အခန်းကို သန့်ရှင်းရေးလုပ်တော့သည်။ တစ်နာရီခန့်ကြာအောင် ရှင်းလိုက်သောအခါတွင် တစ်ခန်းလုံး သန့်သန့်ရှင်းရှင်းဖြင့် ပစ္စည်းများလည်း နေရာတကျဖြစ်သွားကာ အခန်းမှာ နေချင့်စဖွယ် ဖြစ်သွားလေတော့သည်။ ပြီးသည်နှင့်ရေချိုးအဝတ်အစားလဲပြီး



www.burmeseclassic.com

www.burmeseclassic.com


နံနက်စာစားရန် ဘုရားလမ်းသို့ ထွက် ခဲ့တော့သည်။ ဘုရားလမ်းရှိ ထမင်းဆိုင်တစ်ဆိုင်တွင် နံနက်စာ ဝင်စားရင်း အဆောင်တွင် နေသည့်ကာလအတွင်းထမင်းချိုင့်ဆွဲ ပို့ပေးရန်ပြော၍ကျသင့်ငွေကိုပါ တစ်လစာတွက်ပြီး ကြိုတင်ပေး ထားခဲ့လေသည်။ အဆောင်သို့သူပြန်ရောက်ချိန်တွင် အနည်းငယ် ပင်ပန်းနေသည့် အရှိန်၊ ထမင်းစားထားသည့်အရှိန်တို့ကြောင့် မျက်လုံးများ မှေးစင်းပြီး အိပ်ချင်လာသည်။ ထို့ကြောင့် အခန်းထဲဝင် အခန်းတံခါးကို အတွင်းမှဂျက်ထိုးပြီး ခုတင်ပေါ်ပစ်လှဲကာ တစ်ရေးတစ်မော အိပ်ပစ် လိုက်တော့သည်။

အိပ်မက်လေလား၊ တကယ်လေလားမသိ၊ အိပ်မက်ဆိုလျှင် လည်း အသိတစ်ပိုင်းတစ်စ ကပ်နေစရာ အကြောင်းမရှိ။ ယခုမူ အိပ်မက်မက်နေသလိုဖြစ်နေသည့်ကြားထဲတွင် သူ ဤအဆောင်သို့ ရောက်လာပုံနှင့် အခန်းမရှိ၍ ဝင်းထူး၏အခန်းထဲတွင် ကိုယ်တိုင် သန့်ရှင်းရေးလုပ်ပြီး နေရပုံတို့ကို ပြန်သတိရနေသည်။

မှေးခနဲ အိပ်ပျော်သွားစဉ်မှာပင် သူဂျက်ထိုးထားသော အခန်းတံခါးက အလိုလိုပွင့်လာပြီး ထဘီအနီရောင်၊ အင်္ကျီအဖြူရောင် နှင့် အမျိုးသမီးတစ်ဦး အခန်းထဲသို့ လှမ်းဝင်လာသည်ကို သူ တွေ့ရသည်။ အသားအရေကဖြူဝင်းပြီး ဆံပင်ကိုလည်း သန့်ရှင်း

သပ်ယပ်စွာ ဖြီးထားသော သူမကိုမြင်ရသည်မှာ ဆေးရုံမှ သူနာပြု ဆရာမကလေးတစ်ယောက်နှင့်ပင် တူနေတော့သည်။ သူက သူမ လှမ်းဝင်လာသည်ကို ကြည့်ကောင်းကောင်းနှင့်ကြည့်နေဆဲမှာပင် သူမက တဖြည်းဖြည်း သူ့ခုတင်နားသို့ရောက်လာပြီး သူ့ခေါင်းရင်း ဘေးတွင် လာရပ်နေသည်။ သူက စိုက်ကြည့်နေသောအခါ သူမက သူ့ကို ရှန်းရှန်းစားစား ပြုံးပြသည်။ ချစ်စရာကောင်းလှသော ထိုအပြုံးကို သူ့တစ်သက်တာတွင် တစ်ခါမျှ မတွေ့ဖူးသေးပေ။ သူက ကြည်နူးချမ်းမြေ့စွာစိုက်ကြည့်နေဆဲမှာပင် သူမ၏ရုပ်သွင်က ချက်ချင်းရင့်ရော်သွားပြီး မျက်တွင်းဟောက်ပက် ဆံပင်ဖားလျား ကြီးနှင့် ကြောက်စရာရုပ်သွင်ဖြစ်လာလေသည်။ သူမ၏ မျက်နှာ တစ်ခုလုံးတွင်လည်း သွေးများဖြင့် ချင်းချင်းနီးလျက်ရှိပြီး လက် နှစ်ဘက်က လှုပ်ရှားလာကာ ခုတင်ပေါ်မှ သူ့လည်မင်းကို လှမ်းဖက် တော့မယောင် ပြုလေသည်။

"အား၊ ဒုန်း"

သူက ကြောက်အားလန့်အားနှင့်အော်ရင်း ဖနောင့်ဖြင့် ပေါက်လိုက်ရာ ခုတင်ကိုပေါက်မိပြီး အိပ်နေရာမှ လန့်နိုးသွား လေသည်။ သူ့ကိုယ်သူ ပြန်သတိထားမိချိန်တွင် တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များကျနေပြီး ရင်ထဲတွင် တုန်လှုပ်ကာ မော

တိုက်နေလေသည်။

"ကိုဖုန်းမြင့် ဘာတွေပြုတ်ကျတာလဲဗျ၊ ဝုန်းခနဲ ကြားလိုက်တယ်"

အခန်းအပြင်ဘက်မှ လှမ်းမေးသောအသံတစ်သံကို သူကြားလိုက်ရသည်။ ဒီတော့မှ သူကဂျက်ထိုးထားသောအခန်းတံခါးကို ပြေးဖွင့်လိုက်သည်။ အခန်းဝတွင်ရပ်နေသော အိမ်ရှင်လူငယ်က သူ့ကိုပြုံးပြီး ကြည့်နေလေသည်။

"ကျွန်တော် အိပ်ပျော်နေရင်း ယောင်ပြီးခုတင်ကို ဖနောင့်နဲ့ ပေါက်မိတာပါ"

သူက အကြောင်းစုံကိုမပြောဘဲ ခပ်လွယ်လွယ်ပင် ဖြေလိုက်သည်။

"ခရီးပန်းလာလို့နေမှာပါ။ ကျွန်တော်လည်း အလုပ်ပင်ပန်းတဲ့အခါ အိပ်ပျော်သွားရင် အဲဒီလိုပဲ ဝုန်းဝုန်းဒိုင်းဒိုင်းဖြစ်တတ်တယ်ဗျ"

အိမ်ရှင်လူငယ်က ပြောပြီး ထွက်သွားသည်။ ဖုန်းမြင့်က သူထွက်သွားမှပင် ခုတင်ပေါ်ထိုင်ရင်း သူ့အိပ်မက်အကြောင်းပြန်စဉ်းစားနေသည်။ အကြောက်အလန့်ကင်းသော သူ့ဘဝတွင် ဤမျှလောက် တစ်ခါမျှမကြောက်ဖူးသေး။ ယခုတော့ ပြန့်ကျွေးရင်းပင် ကြက်သီးမွေးညှင်းများ ထသွားလေသည်။ အို ဘာမှဟုတ်မှာမဟုတ်ပါဘူး။ ငါအိပ်ရာသစ်ပြောင်းလို့ ကယောင်ကတမ်းနဲ့ အိပ်မက်မက်တာနေမှာပါလေ့တွေးရင်း သူ၏စိတ်များကို လျှော့ချပြီး အတွေးစကို ဖြတ်ပစ်လိုက်တော့သည်။

အခန်းထဲမှထွက်လာပြီး အိမ်ရှေ့ရေချိုးကန်တွင် မျက်နှာသစ်၍ ကိုယ်လက်သန့်စင်လိုက်သည်။ လန်းလန်းဆန်းဆန်း ဖြစ်သွားချိန်တွင် အိမ်ရှေ့ခုံတန်းလျားပေါ် တစ်ယောက်တည်း သွားထိုင်နေမိသည်။ ထိုအချိန်မှာပင် သူ့နားသို့ သူနှင့်ရွယ်တူလူငယ်တစ်ဦး ရောက်လာပြီး သူနှင့်အတူဝင်ထိုင်ရင်း မိတ်ဆွေဖွဲ့သည်။ ထိုသူမှာ သူနှင့်အခန်းချင်းကပ်လျက်တွင်နေသော စာပေးစာယူ ကျောင်းသားတစ်ဦးဖြစ်ပြီး ဆွာမြို့မှလာသူဖြစ်လေသည်။ နာမည်မှာ ဇော်မင်းလေးဟုသိရပြီး စပ်မိစပ်ရာ စကားပြောကြရင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးသွားလေတော့သည်။ ပို၍အဆင်ပြေသွားသည်မှာ ဇော်မင်းလေးက ဂစ်တာဝါသနာပါသူဖြစ်ပြီး ယခုစာပေးစာယူဖြေရန် အနီးကပ် လာတက်သည်ကိုပင် ဂစ်တာပါယူလာလေသည်။ ထို့ကြောင့် ဂစ်တာဝါသနာအိုး ဖုန်းမြင့်နှင့် နှစ်ယောက်သား ရင်းနှီးခင်မင်သွားတော့သည်။

ညပိုင်းသို့ရောက်သောအခါ အနီးကပ်သင်တန်းလည်း မစသေး။ ရောက်စညလည်းဖြစ်နေသောကြောင့် အဆောင်နေကျောင်း





www.burmeseclassic.com

www.burmeseclassic.com



သားများ စာမကျက်သေးဘဲ ထွေရာလေးပါး ဝိုင်းဖွဲ့၍စကားပြောကြလေသည်။ စကားပြောကြရင်း ညဆယ်နာရီထိုးချိန်တွင် အိပ်ရာဝင်ကြတော့သည်။ သို့ရာတွင် ဖုန်းမြင့်နှင့်ဇော်မင်းလေးတို့မှာ မအိပ်ကြသေးဘဲ အဆောင်ရှေ့ခုံတန်းလျားတွင်ထိုင်၍ ဂစ်တာတီးကြသည်။ နှစ်ယောက်စလုံး စိုင်းထီးဆိုင်ကြိုက်သူများဖြစ်၍ တစ်လှည့်စီတီးခတ်သီဆိုကြရင်း ညဆယ့်နှစ်နာရီထိုးမှပင် အိပ်ရာဝင်ဖြစ်ခဲ့ကြသည်။

ဖုန်းမြင့်က သူ့အကျင့်အတိုင်း အိပ်ရာမဝင်မီ သူ၏ခုတင်ဦးခေါင်းပြုရာ အရှေ့ဘက်သို့ မျက်နှာမူလျက် ဘုရားစင်ကိုစိတ်ဖြင့်ရည်မှန်းပြီး ဘုရားဝတ်ပြုသည်။ ပြီးလျှင် မေတ္တာပို့ အမျှအတမ်းပေးဝေပြီး အိပ်ရာဝင်လိုက်သည်။ အိပ်ရာထဲဝင်ခဲ့သော်လည်း ရုတ်တရက် အိပ်မပျော်သေးဘဲ မျက်စိကြောင်ကာ အတွေးယောက်ယက်ခတ်နေသည်။ ဒီလိုနှင့်ပင် အချိန်တော်တော်ကြာသွားပြီး ညနာရီပြန်တစ်ချက်ကျော်မှ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

သူအိပ်ပျော်သွားပြီး မကြာမီအချိန်တွင်ပင် အိပ်မက်ကမက်လာပြန်သည်။ နေ့ခင်းက နည်းတူပင် သူ၏အခန်းတံခါးမှာ ကျွီခနဲ ပွင့်လာသည်။ သူက တအံ့တသြငေးကြည့်နေစဉ်မှာပင် ထဘီအနီ အင်္ကျီအဖြူနှင့် ချောမောလှပသော အမျိုးသမီးတစ်ယောက် ဝင်လာသည်။ သူကြည့်နေသော ထိုအမျိုးသမီးမှာ သူ့နားသို့ရောက်လာပြီး မတ်တတ်ရပ်သည်။ နောက်ပြီး ပြုံးပြသည်။ အင်မတန်မှလှပပြီး စွဲမက်စရာကောင်းသော အပျိုးသာဖြစ်သည်။ သူက ကြည့်ရင်းနှင့် ကြည့်နူးသလိုလို ခံစားရချိန်မှာပင် သူမ၏ရုပ်သွင်က ရုတ်ချည်းပြောင်းလဲလာကာ အိုမင်းရင့်ရော်လျက် ဆံပင်ဖားလျားနှင့် ကြောက်စရာရုပ်သွင်အဖြစ် ပြောင်းလဲသွားသည်။ မျက်နှာတစ်ခုလုံးလည်း သွေးများဖြင့် ချင်းချင်းနီလာသည်။ မျက်တွင်းဟောက်ပက်ကြီးဖြင့် ကြည့်နေသော သူမ၏လက်များ လှုပ်ရှားကာ ခုတင်ပေါ်တွင် အိပ်နေသော သူ၏လည်ပင်းကို လှမ်းပြီးဖက်တော့မယောင်ပြုသည်။ သူနှင့် သူမအကြားတွင်လည်း မည်သည့်အတားအကွယ်မှမရှိ။ သူက ကြောက်လန့်တကြား အော်လိုက်ရင်း သူမမျက်နှာကို လက်သီးဖြင့်လှမ်းထိုးလိုက်သည်။

"အား ... ဝုန်းဝလုန်း"

သူလှမ်းထိုးလိုက်သော လက်သီးက ခြင်ထောင်နံရံကိုထိပြီး ခြင်ထောင်ကြိုးတစ်ချောင်းပြတ်ကာ သူကိုယ်တိုင်လည်း အားလွန်ကာ ခြင်တောင်စများနှင့် လုံးထွေးလျက် ကြမ်းပြင်ပေါ်သို့ လိမ့်ကျသွားသည်။ အိပ်ရာမှနိုးပြီဖြစ်သော်လည်း ရုတ်တရက်ပြန်မထနိုင်သေးဘဲ ငူငူကြီးထိုင်လျက် ကြောင်တက်တက် ဖြစ်နေ



www.burmeseclassic.com

 www.burmeseclassic.com

စဉ်တွင် တစ်ဘက်ခန်းမှ ဇော်မင်းလေးက တံခါးလာခေါက်ရင်း "ကိုဖုန်းမြင့် ... ကိုဖုန်းမြင့်" ဟု ခေါ်သည်။ ဒီတော့မှ သတိဝင်လာပြီး ခြင်ထောင်ကြီးကိုဖယ်ကာ တံခါးထဖွင့်ပေးလိုက်သည်။ ညဦးကတည်းက မပိတ်ခဲ့သော မီးရောင်အောက်တွင် အခန်းထဲသို့ ဝင်လာသော ဇော်မင်းလေး၏အပြုံးလဲ့လဲ့ကို တွေ့ရသည်။

"ကိုဖုန်းမြင့် ဘယ်လိုဖြစ်တာလဲဗျ၊ ခြင်ထောင်ကြီးတွေလည်း ပြုတ်လို့ပါလား"

"ငါ သိပ်လန့်နေတယ်ကွာ"

"ဒါဆိုနေဦး ကျွန်တော်ရေသွားခပ်လိုက်ဦးမယ်"

ဇော်မင်းလေးက ပြောပြောဆိုဆို အခန်းအပြင်သို့ထွက်သွားပြီး ရေအိုးစင်မှ သောက်ရေတစ်ခွက် သွားခပ်လာသည်။

"ရော့ ရေသောက်လိုက်ဗျာ"

သူက ဇော်မင်းလေးပေးသောရေကို အားပါးတရ သောက်ပစ်လိုက်သည်။ ပြီးတော့မှ စိတ်ကို တည်ငြိမ်အောင်ထိန်းရင်း သူ၏ အိပ်မက်လိုလို တကယ်လိုလို အဖြစ်ကို အစအဆုံး ပြောပြလေသည်။

"ခင်ဗျားဟာ နေ့လယ်ခင်းအိပ်တုန်းကလည်း ဒီလိုဖြစ်တယ်။ အခုလည်း ဒီလိုဖြစ်တယ်ဆိုတော့ နည်းနည်းဆန်းတယ်ဗျာ။





ဒါပေမယ့် သွေးလေချောက်ချားရင်လည်း တစ်ခါတစ်ခါ ဒီလို ဖြစ်တတ်တာပဲဗျ။ ခင်ဗျားလည်း အဲဒီလိုဖြစ်တာနေမှာပါ"

ဇော်မင်းလေးက သူ၏ထင်မြင်ချက်များကို ပြောသည်။

"ငါစိတ်ထဲမှာတော့ တစ်မျိုးဖြစ်နေတယ်ကွာ။ ငါလည်း တော်တန်ရုံ လန့်တတ်တဲ့ကောင်မဟုတ်ဘူး"

"အခုလန့်တုန်းပဲလား။ မအိပ်ရဲရင်လည်း ကျွန်တော့်အခန်း လိုက်အိပ်လေဗျာ"

"ရပါတယ်ကွာ ဒီမှာပဲအိပ်ပါ့မယ်"

"ဒါနဲ့ ခင်ဗျားအခန်းထဲက ပုပ်စော်နံနေပါလားဗျ"

ဇော်မင်းလေးအပြောကြောင့် သူက နှာခေါင်းဖြင့် ရှူရှိုက်ရင်း အနံ့ခံကြည့်ပြန်သည်။ မည်သည့်အနံ့မှမရ။

"အဲဒါလည်း တစ်မျိုးပဲကွာ၊ နေ့ခင်းက ဒီအိမ်က လူကလည်း မင်းလိုပဲပုပ်စော်နံတယ်ပြောသွားတယ်။ ငါက လုံးဝမနံဘူး ဖြစ်နေတယ်"

"ဟာ ကိုဖုန်းမြင့်ကလည်းဗျာ ဒီလောက်နံနေတဲ့ အနံ့ကြီးကို မနံဘူးပြောနေတော့ ခင်ဗျားနှာခေါင်းပိတ်နေလို့ပဲဖြစ်မှာ"

"ထားပါတော့ကွာ၊ ငါကတော့ လုံးဝမနံတာသေချာတယ်"

"ကဲ ကျွန်တော်သွားအိပ်တော့မယ်။ နှစ်ချက်ခွဲသုံးနာရီ



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိပြီဗျ။ အိပ်ချိန် သိပ်မရှိတော့ဘူး"

ဇော်မင်းလေး ထွက်သွားသည်နှင့် သူက အခန်းတံခါးကို ထပိတ်ပြီး ဂျက်ထိုးထားလိုက်သည်။ ပြီးတော့ မြှတ်သွားသော ခြင်ထောင်ကြိုးများကို ပြန်တပ်၊ အိပ်ရာများ ပြန်လည်ပြင်ဆင်ပြီး ဘုရားထိုင်ရှိခိုးသည်။ သမ္ဗုဒ္ဓေဂါထာကို သုံးဆယ်ခြောက်ကြိမ်ရအောင် ရွတ်သည်။ မေတ္တာပို့ အမျှဝေခြင်းကိုလည်းပြုသည်။ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့အမျှဝေခြင်းကို တစ်နာရီနီးပါးမျှကြာအောင်လုပ်ပြီးမှ ပြန်အိပ်ရန် ကြိုးစားသည်။ သို့ရာတွင် ချက်ချင်းအိပ်မပျော်တော့ဘဲ စိတ်ထဲမှ တစ်ခုခုကို ကြောက်နေမိသည်။ နံနက်လေးနာရီခွဲလောက်တွင်မှ အိပ်ပျော်သွားတော့သည်။ ဒီတစ်ကြိမ်တွင်တော့ အိပ်မက် မမက်တော့ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

နံနက်မိုးလင်းသည်နှင့် ဖုန်းမြင့်တစ်ယောက် အိပ်ရာမှလူးလဲထလိုက်သည်။ နာရီကိုကြည့်လိုက်တော့ အချိန်က မနက်ခြောက်နာရီထိုးပြီဖြစ်သည်။ ညက အိပ်ရေးပျက်ခဲ့သည်ကြောင့် မျက်လုံးက ကျိန်းစပ်နေလေသည်။ သို့သော်လည်း မတတ်နိုင်။ စောစောစီးစီး ရေချိုးအဝတ်အစားလဲပြီး ဇော်မင်းလေးနှင့်အတူ လက်ဖက်ရည်ဆိုင်သို့ထွက်ခဲ့သည်။ ညကကိစ္စကိုလည်း သူကကြိုးစား၍မေ့ထားလိုက်သည်။ လက်ဖက်ရည်သောက်ပြီးသည်နှင့် နှစ်ဦးသားအဆောင်





ခဏပြန်၍ လိုအပ်သောစာအုပ်စာတမ်းများယူကာ ကျောင်းသို့ထွက်ခဲ့ကြသည်။ သူနှင့်ဇော်မင်းလေးမှာ ယူထားသည့် အဓိကဘာသာရပ်များတူညီခြင်းကြောင့် အနီးကပ်သင်တန်းတွင်လည်း အတူတက်ရလေသည်။ နေ့ခင်းဘက်အချိန်တွင် အဆောင်သို့အမြန်အလွှားပြန်လာပြီး ဆိုင်မှလာပို့ထားသည့် ထမင်းကိုစား၍ ကျောင်းသို့ပြန်ရသည်။ သို့ရာတွင် အဆောင်နှင့်ကျောင်းမှာ မဝေးလှသောကြောင့် အစစအရာရာ အဆင်ပြေနေလေသည်။ ညနေဘက် သုံးနာရီလေးဆယ့်ငါးမိနစ်တွင် သင်တန်းပြီး၍ အဆောင်သို့ ပြန်ကြရတော့သည်။

ထိုနေ့ညတွင် ပထမညကဲ့သို့ ကျောင်းသားများစု၍ စကားမပြောကြတော့ဘဲ ကိုယ့်အခန်းကိုယ်နေကာ ကျောင်းစာများ လုပ်ဖြစ်ကြသည်။ သို့သော်လည်း ဖုန်းမြင့်နှင့် ဇော်မင်းလေးတို့သနာအိုးနှစ်ဦးကမူ ကျောင်းစာလုပ်ပြီးချိန်တွင် အဆောင်ရှေ့ထွက်ပြီး ဂစ်တာတီးကြသည်။ သို့ရာတွင် ပထမညကကဲ့သို့ ညဉ့်နက်သည်အထိ မတီးကြဘဲ ညဆယ်နာရီခွဲခန့်တွင် အဆောင်ထဲဝင်ခဲ့ကြသည်။ နှစ်ယောက်သား အဆောင်ထဲဝင်ခဲ့ကြပြီး ဇော်မင်းလေးအခန်းထဲသို့ ရောက်သောအခါ ဖုန်းမြင့်က သူ့လက်ထဲမှဂစ်တာကို ဇော်မင်းလေး လက်ထဲ ထိုးပေးလိုက်ပြီး သူ့အခန်းဘက်သို့ လျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူက အခန်းဝရောက်သည်နှင့် စေ့ထားခဲ့သောတံခါးကို အသာအယာ တွန်းဖွင့်လိုက်သည်။ တံခါးပွင့်သွားချိန်တွင် ရုတ်တရက် သူမြင်လိုက်ရသောမြင်ကွင်းကြောင့် မျက်လုံးပြူးသွားရလေသည်။ သူ၏ ခုတင်ဘေး စာကြည့်စားပွဲရှေ့တွင် အမျိုးသမီးတစ်ယောက်က သူ့ကို ကျောပေးလျက် ရပ်နေလေသည်။ ကျောဘက်မှ မြင်တွေ့ရသော အမျိုးသမီးခန္ဓာကိုယ်အချိုးအစားမှာ ကျော့ရှင်းလှပနေပြီး ဆံပင်ကို ကျောလယ်လောက်အထိ ဖြန့်ချထားသည်။ အင်္ကျီက အဖြူရောင်လက်စကကိုဝတ်ထားပြီး ထဘီကအနီရောင်ဖြစ်သည်။ သူ့စိတ်ထဲတွင် အိပ်မက်ထဲက အမျိုးသမီးများ ဖြစ်နေမလားဟု တွေးမိပြီး ကြောက်စိတ်ဝင်ချင်လာသည်။ သို့ရာတွင် ယခုတာက အိပ်မက်မဟုတ် အမှန်တကယ် သူ့မျက်စိနှင့် မြင်နေရခြင်းသာ ဖြစ်သည်။ အိမ်အပေါ်ထပ်တွင်ရှိသော ညီအစ်မနှစ်ယောက်ထဲမှ တစ်ယောက်ယောက်များ အခန်းထဲ ခိုးဝင်နေသလားဟု မဆီမဆိုင် အတွေးရောက်မိသည်။ ထိုအချိန်မှာပင် သူ့ကို ကျောပေးထားသော အမျိုးသမီးက သူ့ဘက်သို့ သမင်လည်ပြန်လှည့်ကြည့်သည်။

"အမယ်လေးဗျ လုပ်ကြပါဦး"

သူက ယောင်ယမ်းပါအောင်အော်ပြီး ဖော်မင်းလေးအခန်းဘက် သို့ ပြေးသည်။ ထိုအချိန်တွင် ဖော်မင်းလေးကလည်း အခန်းတံခါး





မပိတ်ရသေးသောကြောင့် သူကဖော်မင်းလေးအခန်းထဲ ပြေးဝင်ပြီး ခုတင်ပေါ်တွင်ထိုင်နေသော ဖော်မင်းလေးကို အတင်းဖက်ထား တော့သည်။

ဖော်မင်းလေးက အံ့အားသင့်စွာ ကြည့်ရင်း သူ့ကိုမေး သည်။

"ကို ဖို့အခန်းထဲမှာ ကိုအမျိုးသမီးအိပ်မက်ထဲက အမျိုး သမီး"

"ဟာ ကိုဖုန်းမြင့်ကလည်း ခင်ဗျားစိတ်က ထင်နေတာ နေမှာပါ"

"မဟုတ်ဘူး၊ ဒါအိပ်မက်မဟုတ်ဘူး။ မျက်စိနဲ့တကယ်ကို မြင်ရတာ။ မျက်နှာမှာလည်း သွေးတွေနဲ့ကွာ"

ဖုန်းမြင့်မှာ ပြောရင်းနှင့် မောနေသည်။ ထိုအချိန်တွင် အခြားအခန်းမှ ကျောင်းသားများကလည်း သူ့အော်သံကြောင့် အိပ်ရာမှ နိုးခဲ့ကြသည်မို့ သူနှင့်ဖော်မင်းလေးတို့ထံ စုပြုံရောက် ရှိလာကြသည်။ သူက အကြောင်းစုံရှင်းပြသောအခါ အားလုံး သူ့အခန်းသို့ လိုက်လာကြပြီး ထိုအမျိုးသမီးကို ရှာကြသည်။ သို့သော် သူ၏အခန်းထဲတွင်မူ မည်သည့်သတ္တဝါကိုမျှ မတွေ့ရ တော့ပေ။


www.burmeseclassic.com

www.burmeseclassic.com



"ကိုဖုန်းမြင့် စိတ်ကထင်နေတာလားဗျ"

အခြားကျောင်းသားတစ်ယောက်ကမေးသည်။ "မဟုတ်ပါဘူးကွာ။ ငါအခုမှ အခန်းထဲကိုပြန်ဝင်တာ အခန်းထဲ မဝင်ခင်ကလည်း ဇော်မင်းလေးနဲ့အတူ အပြင်မှာ ဂစ်တာတီးနေတာ။ ငါ့စိတ်တွေ ပကတိ ကြည်လင်နေတာပဲ။ အခန်းဝရောက်လို့ တံခါးဖွင့်လိုက်တော့ မီးရောင်အောက်မှာ အထင်းသားကြီး မြင်နေရတာ ဘယ်လိုမှ မျက်စိမှားစရာ မရှိဘူး"

"အဲဒီ ဟုတ်တယ်ကွ၊ ငါနဲ့သူနဲ့ အဆောင်ထဲကို အတူတူ ဝင်လာတာငါလည်း အခန်းထဲရောက်လို့ တံခါးတောင်မပိတ်ရသေးဘူး"

ဇော်မင်းလေးက ဝင်ပြောသည်။

"ဟာ ခင်ဗျားအခန်းကလည်း ပုပ်စော်နံလိုက်တာဗျာ ဘာကောင်တွေသေပြီး ပုပ်နေလည်း မသိဘူး"

အခြားကျောင်းသားတစ်ယောက်က နှာခေါင်းရှုံ့ရင်း ပြောသည်။

"ဟုတ်တယ် ကိုဖုန်းမြင့် ပုပ်စော်နံနေတယ်။ ခင်ဗျား မေးလိုက်ရင်တော့ မနံဘူးချည်းပြောတာပဲ။ အခုရော ခင်ဗျားနံလား"

"ငါ မနံဘူးကွ"





"အဲဒါကိုက ထူးဆန်းနေတာပဲ။ ကျန်တဲ့လူတွေအားလုံးက ပုပ်စော်နံနေတယ်။ ခင်ဗျားက မနံဘူး။ ဒီတစ်ခုခုတော့ မှားနေပြီ။ ဒီတော့ အကောင်းဆုံးက ခင်ဗျား အခန်းကိုပိတ်ထားခဲ့ပြီး ကျွန်တော်နဲ့ လိုက်အိပ်ဗျာ"

ဖုန်းမြင့်မှာ ငူငိုင်ငိုင်ဖြစ်နေပြီး ဘာကိုမျှ မစဉ်းစားတတ်တော့ပေ။ နောက်ဆုံးတွင် သူ၏အခန်းတံခါးကို သော့ပိတ်ထားခဲ့ပြီး ဇော်မင်းလေးအခန်းတွင် ခြင်ထောင်တစ်လုံးတည်း နှစ်ယောက်လိုက်၍ အိပ်ရတော့သည်။

နောက်တစ်နေ့တွင် ကျောင်းသို့သွား အနီးကပ်သင်တန်းတက်၊ ပရက်တီကယ်လုပ်နေရသော်လည်း ဖုန်းမြင့်၏စိတ်တွင် မကြည်မလင်ဖြစ်ကာ ညကကိစ္စကြီး ခေါင်းထဲရောက်နေလေသည်။ ဤပုံအတိုင်းဆိုလျှင်တော့ ဆက်နေ၍ မဖြစ်။ အဆောင်ပြောင်းမှ ဖြစ်မည်ဟု စဉ်းစားနေမိသည်။ ညနေဘက် ကျောင်းမှပြန်ရောက်လာသောအခါ အဆောင်ထဲတွင် သူ့ကို ထိုင်စောင့်နေသော ဝင်းထူးကို တွေ့ရလေသည်။ ဝင်းထူးက သူ့ကို အပြုံးမြင့်ကြိုသည်။

ဝင်းထူးကိုတွေ့တော့ သူအားတက်သွားသည်။ သူက အခန်းတံခါးကိုသော့ဖွင့်ပြီး ဝင်းထူးနှင့် အခန်းထဲဝင်လိုက်သည်။ စာအုပ်များ စားပွဲပေါ်ပစ်ချပြီး ခုတင်ပေါ်ထိုင်၍ သူက သူတွေ့ကြုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်နေသောကိစ္စများကို အစအဆုံး ပြောပြတော့သည်။ သူ့စကားဆုံးသောအခါ ဝင်းထူးက အံ့ဩဟန်လည်းမပြ။ တုန်လှုပ်ဟန်လည်းမပြဘဲ ခေါင်းတဆတ်ဆတ်ညိတ်နေလေသည်။ ပြီးတော့ အခန်းအပြင်ဘက်သို့ထွက်သွားပြီး အခန်းသော့မဖွင့်ရသေး၍ အပြင်တွင်ထားသောသူ၏ သားရေအိတ်ကို သွားယူသည်။ သားရေအိတ်ကို ကုတင်ပေါ်တွင် ပစ်တင်ထားလိုက်ပြီးမှ အေးအေးဆေးဆေး ပြန်ထိုင်ကာ သူကစကားစသည်။

"ငါ အခုပြန်လာတာ အဲဒီကိစ္စပဲ ဖုန်းမြင့် မင်း ဘာမှမစိုးရိမ်နဲ့။ ဒီနေ့ည အပြေသိရမှာပဲ။ အားလုံးရှင်းသွားအောင် ငါ လုပ်ပြမယ်"

"ဘာ ဘယ်လိုရှင်းမှာလဲ"

"အဲဒီ အမျိုးသမီးအခန်းထဲက ထွက်သွားအောင် ငါ လုပ်မယ်"

"ဟာ ဒီအမျိုးသမီး ဒီအခန်းထဲမှာရှိနေတာလား"

"အဲဒါတွေ နောက်နေ့မှ အေးအေးဆေးဆေး ငါပြောပြမယ်ကွာ"

"ဒီည မင်းဟိုဘက်က မင်းသူငယ်ချင်းဆီမှာပဲ အိပ်၊ တကယ်လို့ ညဘက် ငါထအော်တဲ့ အသံကြားရင်လည်း ငါ့ဆီကို





မင်းတို့လာခဲ့ကြ"

"အေးပါ"

"ကဲ အခုငါလုပ်ရမယ့်အလုပ်ကို လုပ်လိုက်မယ်"

ဝင်းထူးက ပြောပြောဆိုဆိုပင် သူ့သားရေအိတ်ထဲမှ အထုပ်တစ်ထုတ်ကိုဆွဲထုတ်လိုက်သည်။ အထုပ်ထဲတွင် ပါလာသော ဆံစေ့များထဲမှ ရေဦးစွာ လက်တစ်ဆုပ်နှိုက်ယူလိုက်ပြီး သူကိုယ်တိုင် ဆန်စေ့များကို ဝါးစားသည်။ ဖုန်းမြင့်ကိုလည်း ဝါးခိုင်းခဲ့သည်။ ပြီးသည်နှင့် နေရာအနှံ့လိုက်ပက်တော့သည်။ အခန်းထဲတွင် နေရာနှံ့သွားသောအခါ အခန်းတံခါးမှ အဆောင်အပေါက်ဝရောက်သည့်တိုင် လမ်းလျှောက်လိုက်ပက်သွားရင်း နောက်ဆုံး အဆောင်ရှေ့ လမ်းမပေါ်ရောက်မှပင် ရပ်လိုက်တော့သည်။

ထိုနေ့ညတွင် ဝင်းထူးနှင့်ဖုန်းမြင့်တို့ အခန်းထဲ၌ရှိနေစဉ် အခန်းများမှ ကျောင်းသားများ စုရုံးရောက်ရှိလာပြီး လွန်ခဲ့သည့်ညက ဖုန်းမြင့်တွေ့ရသောအမျိုးသမီးအကြောင်းကိုပြောကြသည်။ ဝင်းထူးက ထိုကျောင်းသားများကို "အခုရော ပုပ်စော်နံကြသေးလား" ဟု တစ်ယောက်ချင်း လိုက်မေးသည်။ အားလုံးက ပုပ်စော်မနံတော့ကြောင်းပြောသည်။ အိပ်ချိန်သို့ရောက်သောအခါ ဖုန်းမြင့်က ဇော်မင်းလေးနှင့်သွားအိပ်ပြီး ဝင်းထူးတစ်ယောက်တည်း သူ့



www.burmeseclassic.com

www.burmeseclassic.com

အခန်းတွင် အိပ်လေသည်။ ဤညတွင်မူ မိုးစင်စင်လင်းသည်အထိ အားလုံးနှစ်ခြိုက်စွာအိပ်ကြရဖြီး ဝင်းထူးထံမှလည်း မည်သည့်အော်ဟစ်သံကိုမျှ မကြားခဲ့ရပေ။

နောက်နေ့မနက်တွင် ဝင်းထူး၊ ဇော်မင်းလေးနှင့် ဖုန်းမြင့်တို့ ဘုရားလမ်းရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း ဝင်းထူးက သူ၏အခန်းထဲသို့ ရောက်လာသော အမျိုးသမီး အကြောင်းကို အစအဆုံး ရှင်းပြလေတော့သည်။

အောက်တိုဘာလလယ်လောက်တွင် ပဲခူးအေသဂေါလိပ်မှ ဒေး (Day) ကျောင်းသားများ စာမေးပွဲဖြေဖြီးသွားပြီဖြစ်သည်။ စာမေးပွဲနောက်ဆုံးနေ့ညတွင် ကျောင်းသားအားလုံး တစ်နှစ်တာ ဝန်ထုပ်ဝန်ပိုးကြီး ကျသွားပြီဖြစ်သောကြောင့် အားလုံးပျော်ကြသည်။ တချို့က ရုပ်ရှင်ကြည့်သည်။ တချို့က အရက်သောက်သည်။ ရည်းစားရှိသူများက ကိုယ့်ချစ်သူနှင့်ကိုယ်လျှောက်လည်ကြသည်။ ဝင်းထူးတို့သူငယ်ချင်းတစ်စုမှာ အရက်အနည်းငယ်စီသောက်ကြဖြီး ပျော်ပွဲစားကြသည်။ ညအချိန်သို့ရောက်လာသောအခါ အဆောင်အဖြင်ဘက်ခုံတန်းလျားတွင်ထိုင်ကြရင်း ဝင်းထူးကပင်စ၍ လမ်းမပေါ်သို့ ထွက်ဖြီး ဝိညာဉ်ခေါ်ကြရန် ပြောလေသည်။ အားလုံးကလည်း သဘောတူကြသောကြောင့် အဆောင်မှ ထမင်းစားစားပွဲတစ်လုံးနှင့်





ခုံပိန်ပိန်တစ်ရံကိုယူလျက် သူတို့အဖွဲ့ ဘုရားလမ်းဘက်သို့ ထွက်ခဲ့ကြသည်။

ဝင်းထူးနှင့်အဖွဲ့တွင် ဝင်းထူးက ခေါင်းဆောင်ဖြီး ဝိညာဉ်ခေါ်သည်။ နောက်ပြောင်မှုတွင် သူများထက် လွန်ကဲသော ဝင်းထူးက ဝိညာဉ်ခေါ်ရာတွင် ရိုးရိုးသားသား မခေါ်ဘဲ သူများတကာထက်ထူး၍ "လွန်ခဲ့သည့်လက ဤလမ်းမကြီးပေါ်တွင် ကားတိုက်၍သေသွားသော သူနာပြုဆရာမလေး သင်၏ဝိညာဉ် ဤပတ်ဝန်းကျင်တွင်ရှိလျှင် ကျွန်ုပ်တို့နှင့် ပျော်ပါးရန်ဝင်ခဲ့ပါ။ ဝင်လာလျှင်စားပွဲခုံ၏ ခြေထောက်နှင့် မြေကြီးကို ငါးချက်ရိုက်ပြပါ" ဟု ခေါ်လေသည်။ ထိုသို့ လေးငါးခါခေါ်သောအခါ သူတို့၏အသားများနှင့် လုံးဝမထိဘဲ လွတ်လပ်နေသော စားပွဲခုံ၏ခြေထောက်မှာ မြေကြီးကို ငါးချက်တိတိ ရိုက်လေသည်။

ဝင်းထူးက "နေဦး ငါမေးစရာကျန်သေးတယ်" ဟုဆိုကာ "ကဲ သူနာပြုဆရာမလေး ငါကတော့သူများနဲ့မတူဘူး။ နင့်ကို သနားတယ်၊ စိတ်ဝင်စားတယ်၊ နင်ငါနဲ့အတူ နေရအောင် ငါ့အခန်းကို လိုက်ခဲ့မယ်ဆိုရင် မြေကြီးကိုခုံခြေထောက်နဲ့ တစ်ဘက်နှစ်ချက်စီ ခေါက်ပြ" ဟု ပြောလေသည်။ ထိုအခါတွင် လွတ်နေသောခုံခြေထောက်နှစ်ခုမှ မြေကြီးကို တစ်ဘက်နှစ်ချက်စီရိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝင်းထူးက “အဲဒီနှင့်ကို မလွှတ်တော့ဘူး ငါနဲ့လိုက်ခဲ့”ဟုဆိုကာ လက်ကိုဖွင့်၍ ပြန်မလွှတ်တော့ဘဲ စားပွဲခုံကိုထမ်းကာ အခဆောင်သို့ ပြန်ခဲ့ကြလေတော့သည်။ သူ၏သူငယ်ချင်းများမှာလည်း ကြောက်လန့်တုန်လှုပ်ရန် သတိမရကြဘဲ “ဝင်းထူးကတော့ ဆော်ကြည်တယ်ဟေ့ သရဲမကတောင်ကြည်တယ်ဟ”ဟုဆိုကာ ဝိုင်း၍ရယ်မောနေကြလေသည်။

ထိုနေ့ညမှစ၍မင် ဝင်းထူးတစ်ယောက် ညအိပ်တိုင်း အိပ်မက်မက်သလိုဖြစ်ကာ ထဘီအနီ အင်္ကျီအဖြူနှင့် အမျိုးသမီးမှာ ဂျက်ထိုး၍ ပိတ်ထားသော တံခါးမှဖွင့်၍ ဝင်လာတတ်ပြီး သူ့ထံသို့ လျှောက်လာတတ်သည်။ အနီးသို့ရောက်လျှင် မျက်တွင်းဟောက်ပက်ကြီးဖြင့် ကြောက်စရာရုပ်သွင်ကြီးဖြစ်ကာ မျက်နှာတွင် သွေးချင်းချင်းနီလျက် သူ့ကိုဝင်၍ ဖက်လေသည်။ ဝင်းထူးမှာ ကြောက်လန့်တကြား ကုန်းအော်ပြီး အိပ်ရာမှနိုးတော့သည်။ ထိုသို့နှစ်ညခန့် ဆက်တိုက်ဖြစ်ခဲ့ပြီး သူကလွဲ၍ သူ့အခန်းထဲသို့ဝင်သူများအားလုံးက မနေနိုင်အောင် ပုပ်စော်နံနေသည်ဟု ဆိုသည်။ တစ်ယာည အရောက်တွင်မူ ဝင်းထူးတစ်ယောက် လက်ဖက်ရည်ဆိုင်မှ ပြန်လာပြီး အခန်းတံခါးဖွင့်၍ ဝင်လိုက်ချိန်တွင် ဖုန်းမြင့် မြင်ရသည့်ပုံစံမျိုးအတိုင်း ကျောပေးရပ်နေသော အမျိုးသမီးတို မြင်ရပြီး ယယ်သံပါအောင်





အော်၍ ပြေးလေတော့သည်။ ထိုညမှစ၍ဝင်းထူးမှာ အခန်းတံခါးကို သော့ပိတ်ထားခဲ့ပြီး တခြားအခန်းတွင် ပြောင်းရွှေ့၍ အိပ်ရလေတော့သည်။ နောက်ဆုံးတွင် အိမ်ရှင်ကိုလည်း ဖွင့်မပြောရဲသည်ကြောင့် ဘုရားလမ်းတွင် နေသောသူငယ်ချင်းမျိုးစည်နှင့် တိုင်ပင်ပြီး ဒေးစွန်ပါတောင်သို့သွားကာ ဆရာတော်ထံတွင် ဖြစ်ကြောင်းကုန်စင်ပြောပြ၍ ဆေးသောက်နေရလေသည်။ ဆရာတော်၏ကျောင်းတွင် ခုနစ်ရက်ခန့်နေခဲ့ပြီးမှ ဆရာတော်ပေးလိုက်သော ဆန်မန်းကိုယူလာကာ အဆောင်သို့ ပြန်လာခဲ့ခြင်းသာ ဖြစ်သည်။ လွန်ခဲ့သောညကမူ ဝင်းထူးတစ်ယောက်တည်း အခန်းထဲတွင် အိပ်ခဲ့သော်လည်း ဆရာတော်၏ ဆန်မန်းပက်ခဲ့သဖြင့် အခန်းထဲတွင် မည်သည့်အနှောင့်အယှက်မှမရှိဘဲ ကောင်းစွာအိပ်ခဲ့ရလေသည်။ အခြားသူများမှာလည်း ထိုအခန်းထဲသို့ဝင်လျှင် ပုပ်စော်မနံတော့ဘဲ ပုံမှန်အတိုင်း ရှင်းသန့်သွားပြီဖြစ်ကြောင်း ပြောကြသည်။

“မင်းတော်တော်ပေါက်ကရတွေလုပ်တဲ့ကောင်ကွာ၊ ငါတော်တော်လန့်သွားပြီ”

ဝင်းထူး ရှင်းပြသမျှကို နားထောင်ပြီးချိန်တွင် ဖုန်းမြင့်က ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com

"မကြောက်ပါနဲ့တော့ကွာ ဘာမှမရှိတော့ပါဘူး"

ဝင်းထူးက ရယ်ရယ်မောမောဖြင့် ပြောလိုက်လေသည်။ ပြီးတော့ သူက လက်ဖက်ရည်ပိုးရှင်းလျက် သုံးဦးသားအဆောင်သို့ ပြန်ခဲ့ကြသည်။

ထိုနေ့ညမှစ၍ ဝင်းထူးနှင့် ဖုန်းမြင့်တို့ အခန်းထဲတွင် နှစ်ယောက်အတူ အိပ်ခဲ့ကြသော်လည်း နှစ်ဦးစလုံးမည်သည့်အိပ်မက်၊ မည်သည့်အနှောင့်အယှက်ကိုမျှ မကြုံရတော့ပေ။ ဝင်းထူး မြို့သို့ ပြန်ချိန်တွင် ဖုန်းမြင့်တစ်ယောက်တည်း အိပ်သော်လည်း ဘာကိုမျှ မတွေ့ရတော့ပေ။



# ကျွတ်ကုန်းမြေက ဆူးယယ်ချင်း

သွေးလန့်ပြီးတော့တောင် ရှုးသွားနိုင်တယ်၊
ဒီတွင်းက အလွန်ကြမ်းတဲ့ ကျွတ်တွင်းတွေ၊
မင်းကို ကျွတ်တွေ လှည့်စားခဲ့တာ၊ နေမှာဘဲ၊
မင်းနဲ့ ညက တွေ့ခဲ့တဲ့
မင်းသူငယ်ချင်းတက်တိုးက
မနှစ်က ဝါခေါင်လကတည်းက သေပြီးပြီတွေ၊


www.burmeseclassic.com

www.burmeseclassic.com

မောင်စိုးက အရှိန်ဖြင့်တွန်းလျှောက်နေရာမှ ခြေချောင်းကလေးများကို အားယူ၍ မြေကြီးကို ကုတ်တွယ်ရင်း အရှိန်လျှော့ပြီး ရပ်လိုက်သည်။ ထို့နောက် ဆံပင်ကြယ်ဖိနပ်နှစ်ဘက်ကို ဆုပ်ကိုင်ထားသော ဝဲလက်ကို အသာမြှောက်၍ လက်ပတ်နာရီကိုကြည့်သည်။ အမှောင်ရိပ်ကြောင့် နာရီခွက်အတွင်းမှ နံပါတ်တုံးကလေးများနှင့် လက်တံများကို သဲသဲကွဲကွဲ မမြင်ရပေ။ ထို့ကြောင့် ကြွပ်ကြွပ်အိတ်ကို ကိုင်ဆွဲထားသော လက်ယာလက်ဖြင့် အိတ်ကပ်အတွင်းမှ ဂက်စ်မီးခြစ်ကိုထုတ်ယူပြီး ခြစ်ကြည့်လိုက်သည်။ ခြောက်နာရီခွဲအတိ။

သူက မီးခြစ်ကိုအိတ်ကပ်ထဲပြန်ထည့်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ အမှောင်ထုက အတော်ကလေး လွှမ်းမိုးနေလေပြီ။ အမှန်စင်စစ် ဇါတိုလကွယ်ပြီး ဇါခေါင်လဆန်း(၃) ရက်သို့ ရောက်နေပြီဖြစ်သော်လည်း "နေ့ဇါဆို၊ ညပြာသို" ဟူသည့် စကားအတိုင်း ဤရက်များမှာ နေ့တာရှည်သည့်ရာသီအပိုင်းဖြစ်ရာ ပုံမှန်အားဖြင့် ညဦးဘက်ခုနစ်နာရီလောက်အထိ မမှောင်သေးဘဲ ဆည်းဆာရောင်ဖြင့် လင်းနေတတ်မြဲဖြစ်လေသည်။ သို့ရာတွင် ယနေ့ ညနေပိုင်းသုံးနာရီမှ ငါးနာရီလောက်အထိ မိုးက သဲသဲမဲမဲရွာထားခဲ့ပြီး ကော-ဒးကင်တစ်ပြင်လုံး မိုးသားများက အုံ့ဆိုင်းနေဆဲ ရှိနေသေးသည်မို့ ညဦး၏အမှောင်ကလည်း နေရာယူ မြန်သွားခဲ့ခြင်း





ဖြစ်လေသည်။

ယခုအခါတွင် လမ်းဘေးတစ်ဘက်တစ်ချက်စီမှ ကောက်ပင်စိမ်းစိမ်းတို့ကို အစိမ်းရောင်အဖြစ် ပီပီပြင်ပြင် မမြင်ရတော့ဘဲ မည်းညစ်ညစ်အရောင်များအဖြစ်သာ မြင်နေရပြီး ခပ်လှမ်းလှမ်းမှ သစ်ပင်အုပ်ဆိုင်းဆိုင်းတို့မှာလည်း စိမ်းညို့စိုလွင်စွာ ပီပီပြင်ပြင် မမြင်ရတော့ဘဲ မည်းမည်းအရိပ်များအဖြစ်သာ လှမ်းမြင်နေရတော့သည်။ သူ၏ရှေ့တွင် တူရူအရပ်ဆီမှ မနီးမဝေးလှမ်းမြင်နေရသော မည်းမည်းအရိပ်မှာ ကရင်ရွာဖြစ်သည်မို့ ကရင်ရွာထိပ်မှ တိုဘက် ဆက်လျှောက်လျှင် သူရောက်လိုသည့် ချောင်းကောက်မှာ သိပ်မဝေးတော့ပေ။ ထို့ကြောင့် သူကအားခဲပြီး ဆက်လျှောက်လိုက်သည်။

ဖို့ထားသော ဆက်သွယ်ရေးလမ်းမကြီးပေါ်မှ မြေသားများမှာ မိုးရွာထားသောကြောင့် ချော်နေရာ တော်ရုံတန်ရုံ အတွေ့အကြုံမရှိသူများ ဤလမ်းမျိုးကိုလျှောက်လျှင် တဗိုင်းဗိုင်း ချော်လဲနေမည်သာဖြစ်သည်။ သူကတော့ ကိစ္စမရှိပေ။ တောမှာမွေး တောမှာ ကြီးလာသော ~~ာသားစစ်စစ်မို့ ဤလမ်းဤခရီးမျိုးက ရိုးနေပြီ ဖြစ်သည်။ ယခု ရွာနှင့်ကင်းကွာသွားသော နှစ်နှစ်တာ ကာလ တွင်လည်း သူသွားသောအရပ်၌ ရှံ့တွေဗွက်တွေနှင့် လုံးဝကင်းပြီး သူနေရသည်မဟုတ်ပေ။ ထို့ကြောင့် ဤခရီးလမ်းမျိုးက သူ့အားတွက်


www.burmeseclassic.com

www.burmeseclassic.com



စိမ်းမနေတော့ပေ။ ချော်နေသောမြေသားကို မြေချောင်းကလေးများ၏ ထိပ်ဖျားဖြင့်ကုတ်အားယူပြီး လှမ်းသည်။ ကြွသွားသော ခြေထောက်တလှမ်းနေစဉ် မြေပေါ်တွင် ထောက်ကုတ်ထားသော ခြေကချော်လာသည်။ ထိုချော်သွားခြင်းကို အရှိန်အဖြင့်ယူပြီး လှမ်းထားသော ခြေထောက်ကို အမြန်ချ၍ ကုတ်ကာ နောက်က ခြေကို ချော်သောအရှိန်ဖြင့်မြှောက်၍ ရှေ့သို့တွန်းလှမ်းသည်။ ဤသို့ဖြင့် ခြေလှမ်းတစ်လှမ်းနှင့်တစ်လှမ်းမှာ ဆက်တိုက်ဖြစ်နေပြီး ပြေးသလိုဖြစ်ကာ ခရီးပိုရောက်လေသည်။

သူက အရှိန်ဖြင့်တွန်း၍လျှောက်နေရာ မကြာမီ ကရင်ရွာ ထိပ်ရှိ ဇရပ်လေးသို့ ရောက်လာလေသည်။ ထိုဇရပ်လေးမှာ ရွာထဲသို့ဝင်သွားလျှင် အရှေ့ဘက်ရွာများသို့သွားသောလမ်းကို ရောက်သွားမည်ဖြစ်သည်။ ထို့ကြောင့် သူက အရှေ့တောင်ဘက်သို့ ခွဲထွက်သောလမ်းပေါ်သို့ ဦးတည်လိုက်သည်။ ထိုခဏမှာပင် လမ်း၏ လက်ယာဘက်ခြမ်းတွင် ကပ်နေသောကွမ်းယာဆိုင်လေးထဲမှ မီးလင်း နေသည်ကို တွေ့ရသောကြောင့် သူက ကွမ်းယာဆိုင်လေးထဲဝင်ပြီး ကွမ်းငါးဆယ်ဖိုးဝယ်လိုက်သည်။ သူ၏ကျောပိုးအိတ်ကြီးထဲတွင် စီးကရက်ဗူးပါသော်လည်း ခရီးဖြတ်မည်ဖြစ်သောကြောင့် သူက မထုတ် တော့။





ဆေးပေါ့လိပ် ငါးဆယ်ဖိုးကိုပါ ဝယ်ယူလိုက်သည်။

"ဘယ်အထိ သွားမှာလဲ"

ကွမ်းယာ ယာပေးသော ကောင်လေးက သူ့ကို မော့ကြည့်ရင်း မေးသည်။

"သွားရမှာကတော့ ဟိုးကမ်းနားရွာသစ်အထိ သွားရမှာ ကွ"

"ဟာ ... မိုးချုပ်နေပြီ ဖြစ်ပါ့မလား၊ ရွာသစ်အထိဆို အဝေးကြီး ကျန်သေးတယ်"

ကွမ်းယာရောင်းသော ကောင်လေးက အံ့အားသင့်စွာ ထပြောသည်။

"ရွာသစ်အထိတော့ ပြန်လို့မရတော့ဘူးပေါ့ကွာ"

"အစ်ကို၊ ကျွန်တော့်ဆိုင်မှာအိပ်သွားပြီး မနက်မှ ထသွား ရင်လည်း ရတယ်လေ"

"ရပါတယ် ညီလေးရာ၊ ရှေ့က ချောင်းကောက်ရွာမှာ ငါ့သူငယ်ချင်းရှိတယ်။ အဲဒီမှာပဲ ဝင်အိပ်တော့မယ်"

"ဪ ... ချောင်းကောက်ဆိုရင်တော့ သိပ်မဝေးတော့ ပါဘူး။ မြန်မြန်လျှောက်ရင် မိနစ်နှစ်ဆယ်လောက်ပေါ့"

ကောင်လေးကပြောရင်း ယာပြီးသားကွမ်းယာထုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆေးပေါ့လိပ်(၇)လိပ်ကိုလှမ်းပေးသည်။ သူက ကွမ်းယာထုပ်နှင့် ဆေးလိပ်များကို ယူပြီး တစ်ရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။ ပြီးသည်နှင့် ကွမ်းယာတစ်ယာကို ပါးစပ်ထဲထည့် ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာရင်း ခရီးဆက်ခဲ့သည်။

ဆိုင်ထဲမှစထွက်လာစဉ် ကုက္ကိုပင်ကြီးများ၏အရိပ်ကြောင့် မှောင်မည်းနေသော်လည်း ရှာရိပ်လွတ်လာသောအခါ ကောင်းကင်ရောင် ကြယ်ရောင်တို့ကြောင့် လမ်းဖွေးဖွေးကို ပြန်မြင်လာရလေသည်။ မကြာမီ တိမ်က ကင်းစင်သွားသောကောင်းကင်တွင် ခုံးမျက်စလဝါကလေးထွက်လာရာ သူ့အတွက် ပို၍ အဆင်သင့်သွားလေသည်။ သည်ဘက်တွင် လမ်းအနေအထားမှာ ကျော်ဖြတ်ခဲ့သည့်အပိုင်းလို မြေသားပြောင်တင်းတင်းဖြင့် မာ၍ ချော်မနေတော့ဘဲ မြေပျော့ဖြစ်သောကြောင့် လျှောက်၍အနည်းငယ် ပိုကောင်းလာသည်။ သို့သော်လည်း တစ်ချို့နေရာများတွင် ရေစိုးစိုးစပ်စပ်နှင့် ရွှံ့ဗွက်ကလေးများ အနည်းငယ်ရှိလေသည်။

ညဘက်သို့ လုံးဝကူးလာပြီဖြစ်သလို လမ်းဘေး မြက်ဖုတ်များကလည်း ရှည်လျားနေရာ ရွှံ့ဗွက်ပေလာသောသူ၏ ခြေထောက်များကို မြက်များက လိုက်ကိုက်နေရာ ခြေထောက်များ ယားယံလာသည်။





ထို့ကြောင့် သူက လမ်းလျှောက်နေရင်းမှ ရပ်ရပ်ပြီး မကြာခဏဆိုသလို ခြေထောက်ချင်းပွတ်ချနေရသည်။ ကရင်ရွာထိပ်ထွက်လာခါစတွင် သူ့ရှေ့လမ်းပေါ်မှ အနောက်ဘက်သို့ ဖြတ်ဆင်းသွားသောလက်နှိပ်ဓာတ်မီးနှစ်လက်ကို လှမ်းတွေ့ရသဖြင့် ကြည့်လိုက်ရာ ပလိုင်းများ ငါးထိုးစူးများနှင့် ငါးရှာထွက်သူများဖြစ်ကြောင်းသိရသည်။ သည့်နောက်တွင်တော့ လမ်းပေါ်တွင် သူတစ်ယောက်တည်း ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ ထိုသို့လျှောက်လာရင်းမှ ချောင်းကောက်ရောက်လျှင် သူ့သူငယ်ချင်းတက်တိုးကိုအိမ်တွင် အဆင်သင့်တွေ့ရပါမည့်လားဟု တွေးပြီး အနည်းငယ်ပူလိုက်မိသည်။ မည်သို့ ဆိုစေ တက်တိုးမရှိလျှင်လည်း သူ့မိန်းမ မခင်နှင်းကို အကူအညီတောင်း၍ တစ်အိမ်အိမ်တွင် သွားအိပ်ရန်သာရှိတော့သည်။ တက်တိုးမရှိပါဘဲလျက် မိန်းမသားနှင့် ကလေးငယ်များသာရှိသော သူ့အိမ်တွင် အိပ်ရန်မသင့်တော်ဟု သူကတွေးနေမိသည်။

ယနေ့ည ချောင်းကောက်တွင်အိပ်ပြီး မနက်စောစောရွာသို့ ထပြန်မည်။ ကြိုတင်အကြောင်းမကြားထားဘဲ ဖြန်းစားကြီး သူပြန်လာသည်ကို အမေနှင့်ညီမလေးကတော့ အရမ်းကိုဝမ်းသာနေပေလိမ့်မည်ဟုတွေးရင်း သူ့ရင်ထဲတွင် ကြည်နူးလာမိသည်။

တကယ်တော့ သူ၏ချစ်လှစွာသော မိခင်အိုကြီးနှင့် ညီမငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးအား ခွဲခွာ၍ ရွာမှထွက်လာခဲ့သည်မှာ နှစ်မိုးပင်ကျော်ခဲ့ပြီ ဖြစ်သည်။ ဤနှစ်နှစ်ကျော်ကာလအတွင်း တစ်ကြိမ်သာလျှင် လူကြုံ ကောင်းသဖြင့် သူစုဆောင်းရရှိထားသော ငွေကလေးငါးဆောင်းကို မိခင်နှင့်ညီမလေးထံ လှမ်းပို့ခဲ့ဖူးသည်။ နောက်ပိုင်းတွင် ငွေလည်း တစ်ပြားမှမပို့သလို အဆက်အသွယ်လည်း လုံးဝမလုပ်ခဲ့ပေ။

သူ၍ကဲ့သို့ တစ်နယ်တစ်ကျေး ထွက်ခွာရသည်မှာလည်း အခြားမဟုတ်ဘဲ သူကဲ့သို့သော လယ်မဲ့ကိုင်းမဲ့ နေ့စားအလုပ် သမားများအတွက် ရွာတွင် အလုပ်ရှားပါးပြီး ဝင်ငွေကျဲပါးလှသော ကြောင့် ဖြစ်သည်။ ရွာတွင် ရာသီချိန်လိုက်လုပ် ကျွဲကိုင်ဘဝဖြင့် တစ်ပါးသူအိမ်တွင် လူငှားဝင်လုပ်သော်လည်း ရရှိသည့်လုပ်ခငွေက သူတို့သားအမိသုံးယောက် စားဝတ်နေရေးကို ကောင်းစွာမဖူလုံခဲ့ပေ။ သားရေး၊ နာရေး၊ လူမှုရေးတို့အပြင် သူကိုယ်တိုင်ကလည်း သောက် တတ် စားတတ်အကျင့်ကလေးစွဲနေတော့ စရိတ်က ပိုပြီးကြီးလေး သလိုဖြစ်နေပြီး ဆယ့်နှစ်ရာသီ အကြွေးနှင့်မပြတ်အောင် ဖြစ်နေရ သည်။ နောက်ပိုင်းတွင် ညီမဖြစ်သူက အရွယ်ရောက်လာပြီး ကောက်စိုက်၊ စပါးရိတ်၊ ပဲနှုတ်၊ ပဲရိတ်လေးလိုက်လာနိုင်သဖြင့် သာတော်တော့သည်။

သူ့အနေဖြင့် အရက်သောက်သည်ကလွဲ၍ အလုပ်ကို





အပင်ပန်းခံပြီး လုပ်နိုင်သူဖြစ်သောကြောင့် ရွာနေ့စားအလုပ်ကို လုပ်နေသော်လည်း အလုပ်ကပုံမှန်မရှိ ပြတ်တောင်းပြတ်တောင်း ဖြစ်လာသောအခါ စိတ်မရှည်တော့သောကြောင့် လမ်းစရိတ်စုပြီး ရွာမှ အခြားလူငယ်များနှင့်အတူ မြဝတီနယ်စပ်သို့ အလုပ်လုပ်ထွက်ခဲ့ တော့သည်။

ရောက်စတွင် ကိုယ့်နယ်မှ အရင်ရောက်နှင့်နေသော နယ်ခံ လူများနှင့် အဆက်အသွယ်ယူပြီး တစ်ဘက်ကမ်းသို့ ခိုးကူးကာ တစ်ဘက်နယ်ထဲတွင် ပြောင်းချိုးသောအလုပ်ကို လိုက်လုပ်ကြည့် သေးသည်။ ပိုက်ဆံရသည်ကမှန်သော်လည်း နေရ ထိုင်ရ၊ စားရ သောက်ရသည်မှာ အိန္ဒြေမရပေ။ တရားဝင်မဟုတ်သဖြင့် ကျိုးလန့်စာ စားရသလိုမျိုးမို့ သူစိတ်ညစ်သည်။ ထို့ကြောင့် တစ်ဘက်ကမ်းတွင် မနေတော့ဘဲ ဒီဘက်ကမ်းမှာပင် ရွာအလုပ်ကိုလုပ်၍ သူက တွက်ကပ်ပြီး နေတော့သည်။ နယ်ခံအသိတစ်ယောက်၏ အကူအညီ ဖြင့် လတ်ဖက်ရည်ဆိုင်တွင် နေ့ဘက်စားပွဲထိုးလုပ်ပြီး ညဘက်တွင် ဆိုင်ထွားနင်းသည်။ ညအိပ်ရန်အတွက်တော့ သူငယ်ချင်းတစ်ဦးနှင့် အတူ နှစ်ဦးစပ်ပြီး မြေငှားကာ တဲတလေးတစ်လုံးဆောက်နေ သည်။ သူနှင့်အတူနေသော သူငယ်ချင်းမှာ စက်ရုံထဲတွင် အလုပ် ပြီး သူ့ထက်ပို၍ နေ့တွက်စည်လေသည်။ သို့ရာတွင် ထိုသူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းမှာ ငွေကလေးရှာလာသည်နှင့် မြောက်ကြွမြူးကြွဖြစ်ကာ လွတ်လာပြီး မကောင်းတာမှန်သမျှ အကုန်လုပ်သည်။ မိန်းမများနှင့်လည်း အပျော်အပါးလိုက်စားသည်။ သူကတော့ သူငယ်ချင်းဖြစ်သူ မည်မျှပင် ဆွယ်စေကာမူ ခံယူချက်ခိုင်သည်။ လောင်းကစားကိုလည်း မလုပ်။ မိန်းမဆိုလျှင် ကြားဖူးနားဝနှင့် အေအိုင်ဒီအက်စ်ရောဂါဆိုးကို ကြောက်လွန်းလို့ကို ဝေးဝေးက ရှောင်လေသည်။ သူ့အနေဖြင့် နေ့မနား ညမနားအလုပ်ကို ပင်ပင်ပန်းပန်းလုပ်နေရသည်မို့ ပင်ပန်းသည့် ဒဏ်ကို ခံနိုင်ရန် အရက်ကို သေးဝါးလိုမှီဝဲရာမှ ပို၍ပို၍ ကြိုက်လာခဲ့လေသည်။

ယခု သူပြန်လာချိန်တွင် လက်ထဲ၌ငွေသုံးသိန်းခန့် ပါလာခဲ့သည်။ ထိုငွေသုံးသိန်းအပြင် မိခင်ကြီးအတွက် ယိုးဒယားပါတိတ်ထဘီတစ်ထည်နှင့် ညီမငယ်ဖို့ ရယ်ဒီမိတ်အင်္ကျီတစ်ထည်၊ ပါတိတ်လုံချည်တစ်ထည်ပါသည်။ သူ့အတွက်တော့မူ နေ့တိုင်းဝတ်နေကျ အဝတ်အစားများအပြင် အခြားအပိုမပါ။ ရွာရောက်လျှင် သောက်ဖော်သောက်ဖက်သူငယ်ချင်းများနှင့် ဝိုင်းထိုင်ရန် ရမ်အရက်ပုလင်း ပြားနှစ်ပြားသာပါသည်။ သူကတော့ လမ်းလာရင်းတွေ့သည့် အရက်ပုန်းဆိုင်ကလေးများမှာပင် စိတ်ဆာလျှင်ဆာသလို ကြုံရာအရက်ကို ဝင်မော့တတ်သူဖြစ်သည်။ ယခုလည်း ချောင်းကောက်ရောက်၍





သူငယ်ချင်းတက်တိုးနှင့်တွေ့လျှင် သူငယ်ချင်းနှစ်ယောက်ပြန်ဆုံသည့် အထိမ်းအမှတ်အဖြစ် တစ်ဝိုင်းလောက်ထိုင်လိုက်ဦးမည်ဟု စိတ်ကူးသည်။ အမှန်စင်စစ် တက်တိုးမှာလည်း ငယ်စဉ်က သူနှင့်အတူနေခဲ့သော တစ်ရွာတည်းသား သူငယ်ချင်းဖြစ်ပြီး သောက်ဖော်သောက်ဖက်ဖြစ်သည်။ သို့ရာတွင် တက်တိုးက သူ့ဦးလေးသားချင်းများရှိရာ ချောင်းကောက်ရွာ၌ အနေများပြီး ချောင်းကောက်သူနှင့် အိမ်ထောင်ကျသွားခြင်းကြောင့် နောက်ပိုင်းတွင် သူနှင့်အလှမ်းဝေးသွားခဲ့ခြင်းဖြစ်သည်။ ပင်ကိုယ်ဗီဇကိုက စိတ်ကြွမ်းလူကြမ်းရှိသော တက်တိုးမှာ ချောင်းကောက်တွင်လည်း ဓားထောင်၊ ဆယ်မံ၊ ဝက်မွေး၊ ဘက်ပေါ်နှင့်ပင် ဘဝကိုရပ်တည်နေသူလည်းဖြစ်သည်။ ယခုလည်း အကောင်အိမ်မှာမှ ရှိပါ့မလားမသိဟု တွေးရင်း ဆေးလိပ်ကိုတွင်တွင် ဖွာကာ သူက ခြေလှမ်းများကို သွက်သည်ထက်သွက်အောင် လျှောက်လာခဲ့တော့သည်။

သူက ကွမ်းဝါးလိုက် ဆေးလိပ်ဖွာလိုက်ဖြင့် လမ်းဖွေးဖွေး တိုင်းဆက်၍လျှောက်နေရာ တံတားတိုလေးတစ်ခုကိုကျော်လိုက်စဉ် သူ့ရှေ့တည့်တည့်သုံးလေးကိုက်လောက်အကွာမှ ရပ်နေသော လူတစ်ရိပ်ကို မြင်လိုက်ရသည်ကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်ရင်း ခြေလှမ်းများတွန့်ဆုတ်သွားသည်။ လရောင် ကြယ်ရောင်



www.burmeseclassic.com

www.burmeseclassic.com


ရေးရေးတွင် ထိုလူရိပ်ကို သေချာစွာ ပြူးပြဲကြည့်နေသော်လည်း သဲသဲကွဲကွဲ မရှိလှသည့်ကြောင့် သူက တွန့်ဆုတ်တွန့်ဆုတ်နှင့်ပင် သတိထား၍ ရှေ့တိုးသွားရင်း နီးသထက်နီးလာချိန်တွင် ပို၍ သတိထားကြည့်သည်။ အပေါ်ဘက်တွင် အဖြူဘက်သို့သန်းသော ဂျာကင်အကျႌဆန်ဆန် အကျႌကိုဝတ်ထားပြီး အပေါ်မှ လုံချည် မည်းညစ်ညစ်ကို စလွယ်သိုင်းထားသည်။ သူ၏အောက်ပိုင်းတွင် ပေါင်လယ်လောက်အထိ ရှည်လျားသော ဘောင်းဘီတိုတစ်ထည်ကို ဝတ်ထားပြီး လက်ထဲတွင်လက်နှိပ်ဓာတ်မီးလေလား၊ ခေါက်ထားသော မိုးကာစတစ်ခုလေလား မသဲကွဲသော အရာတစ်ခုကိုလည်း ကိုင်ထားသည်။ ထိုသူ၏ဆံပင်များကတော့ လည်ဂုတ်ပေါ်အထိ ရှည်လျားနေဟန်ရှိသည်။

ထိုသူမှာ ရှေ့တည့်တည့် လမ်းလယ်ခေါင်တွင် မလှုပ်မယှက် ကြီး ရပ်နေသည်မို့ သူ့အနေဖြင့် ရှေ့တိုးရခက်၊ နောက်ဆုတ်ရခက် ဖြစ်နေလေသည်။ ကိုယ့်လမ်းကိုယ်သွားသည် မှန်သော်လည်း သူ့ရှေ့မှဖြတ်လျှောက်စဉ် လက်နက်တစ်ခုခုထုတ်ပြီး တိုက်ခိုက်ကာ ပါသမျှ ငွေကလေးလုယူရင်လည်း အခက်ပေ။ သူ့အနေဖြင့် လူလူချင်းတိုက်ခိုက်ရမည်ကို မကြောက်သော်လည်း မတော်တဆ အလစ်မိ၊ အငိုက်မိ၍ ခံလိုက်ရလျှင် အချိန်ကြာမြင့်စွာ စုဆောင်း ရသော ငွေကလေး ပါသွားမည်ကိုစိုးရိမ်လေသည်။ ဤအခြေအနေ ရောက်မှ နောက်ပြန်ဆုတ်၍လည်းမဖြစ်၊ ရှေ့မတိုးဘဲရပ်နေ၍လည်း မဖြစ်သည်မို့ အထူးသတိထား၍ ရှေ့တိုးလာရင်း "ဘယ်သူလဲ" ဟု ခပ်မာမာမေးလိုက်လေသည်။

ရပ်နေသူထံမှ အသံက ညောင်နာနာထွက်လာသည်။

"ခင်ဗျားက ဘယ်သူလဲ"

သူက မဖြေမနေပ်သေးဘဲ ဆက်မေးသည်။

"ဒီရွာက၊ အင်းတဲသွားမလို့"

ထိုသူ့ထံမှ တိုးညင်းခြောက်ကပ်သော အသံထွက် လာသည်။

သူက ဆေးလိပ်မီးပေးရန် လက်ထဲမှ ဆေးပေါ့လိပ်တိုကို ငုံကြည့်သည်။ ဆေးလိပ်တိုတွင် မီးကငြိမ်းနေပြီဖြစ်သည်။ ထို့ ကြောင့် ယာဘက်လက်မှ ဆွဲကိုင်ထားသော ကြွပ်ကြွပ်အိတ်ကို ဝဲဘက်လက်သို့ပြောင်းပြီး ဖိနပ်နှင့်အတူ ရောကိုင်လိုက်သည်။ ထို့နောက် ညာဘက်လက်ဖြင့် အိတ်ကပ်ထဲမှ ဂတ်စ်မီးခြစ်ကိုနှိုက်ယူ လိုက်သည်။ သူ့အနေဖြင့် ဤကဲ့သို့ ပြုလုပ်ခြင်းမှာ အကြောင်းမဲ့ သက်သက်မဟုတ်ဘဲ အမှတ်မဲ့တိုက်ခိုက်ရန်ကြုံလာပါက ထိုညာ သက်ဖြင့် အားပြုထိုးနှက်နိုင်ရန် လက်ကို အအားပေးပေါ့ပါးစေ


www.burmeseclassic.com

www.burmeseclassic.com

လိုခြင်းသာဖြစ်သည်။

"မီးညှိမှာဖြင့်ရော့"

သူက ပြောရင်းလက်ထဲမှ ဂက်စ်မီးခြစ်ကို ခြစ်ပြီး ထိုသူရှေ့သို့ ဆန့်တန်းပေးလိုက်သည်။ ထိုအချိန်တွင် ထိုသူက ရီးတီးယားတားလုပ်လာပါက သူကခြေထောက်ဖြင့်ဆောင့်ကန်ပစ်ရန်လည်း စိတ်ကူးထားသည်။

ထိုသူက မီးတောက်နားသို့ မျက်နှာကိုငုံ့၍ကပ်လာပြီး ဘယ်လက်ဖြင့် ကိုင်ထားသော ဆေးပေါ့လိပ်ကို ပါးစပ်တွင်တေ့၍ မီးညှိဖွာရှိုက်သည်။ ထိုအချိန်မှာပင် သူကထိုသူ၏မျက်နှာကို မီးရောင်ဖြင့်ကြည့်လိုက်သည်။ ထိုသူ၏အသားအရေမှာ ဖြူဖတ်ဖြူရော်ဖြစ်နေပြီး ဆံပင်များရှည်လျားစွာ နဖူးပေါ် ဝဲကျနေသည်။ မျက်တွင်းများက အနည်းငယ်ချောင်ကျနေပြီး အဖြူနှင့် အမည်းရောနေသော နှုတ်ခမ်းမွှေးများက မညီမညာ ငုတ်စိငုတ်စိဖြစ်နေကာ ရုပ်ကညှင်းသိုးသိုး ဖြစ်နေသည်။ သူ၏စိတ်ထဲတွင် ဤမျက်နှာကို ကောင်းကောင်းရင်းနှီးဖူးသလိုမျိုး ခံစားရသောကြောင့် သေသေချာချာစိုက်ကြည့်လိုက်ရာမှ လုံးဝမှတ်မိသွားပြီ "တာတက်တိုး"ဟု အားရဝမ်းသာ ထအော်လိုက်လေသည်။

ထိုသူက သူ့ဆေးလိပ်သူ မီးစွဲအောင်ဖွာနေရာမှ မျက်ဖြူ





လှန်၍ မော့ကြည့်သည်။ ထိုအကြည့်တွင် မျက်လုံးများက အသက်မပါသလို ငြိမ်ငြိမ်ကြီးဖြစ်နေသည်ဟု သူထင်သည်။

"တိတ်ကောင်၊ မင်း တာက်တိုးမဟုတ်ဘူးလားကွ၊ ဘာကြောင့်ကြည့်နေတာလဲ၊ ငါ့ကိုမှတ်မိရဲ့လား"

သူက မီးခြစ်ကိုငြိမ်းပြီး အိတ်ကပ်ထဲပြန်ထည့်ရင်း ဆက်တိုက်ပြောသည်။

"ငါ တာက်တိုးပါ။ မင်းအခုမှ မြဝတီက ပြန်လာတာလား"

"ဟုတ်တယ်လေကွာ၊ အခု မိုးချုပ်နေလို့ ရွာအရောက်မပြန်နိုင်တော့ဘဲ မင်းအိမ်မှာ မင်းနဲ့ဝင်အိပ်ပြီး မနက်မှ ရွာကိုသွားမလို့ကွ၊ အခုပဲ မင်းအိမ်မှာရှိပါ့မလားလို့ စဉ်းစားလာတာ၊ မင်းက အခုဘယ်သွားမှာလဲ"

"အင်းတဲကိုသွားမှာ"

"ဟာ မင်းကြည့်ရတာလဲ အေးတိအေးစက်ကြီးကွာ၊ ငါက မင်းနဲ့အိပ်မှာပါဆို အခုဘယ်လိုလုပ်ရမလဲ"

"ငါ့နောက်လိုက်ခဲ့လေကွာ၊ အင်းတဲမှာစား၊ အင်းတဲမှာအိပ်ပေါ့"

"အေး ကောင်းတယ်"

"လာသွားမယ်"


www.burmeseclassic.com

www.burmeseclassic.com

တက်တိုးက ခြောက်ကပ်ကပ်ပြောရင်း လမ်းမပေါ်မှ တောင်ဘက်ယွန်းယွန်းသို့ ဖြောင့်တန်းသွားသော တမံရိုးတစ်ခုပေါ်သို့ ချိုးကွေ့ဆင်းသွားရာ သူလည်း နောက်မှလိုက်ပါသွားခဲ့သည်။

မောင်စိုးမှာ တမံရိုးပေါ်အတိုင်း ရှေ့မှ ဆိတ်ငြိမ်စွာသွားနေသော တက်တိုးအား နောက်မှကြည့်ရင်း စိတ်ထဲတွင် တစ်မျိုးဖြစ်နေသည်။ အကြောင်းမှာ ယခင်ကတွေ့လျှင် စကားများဖောင်ဖွဲ့၍ ရေပတ်မဝင်အောင် ပြောလေ့ရှိသော တက်တိုးတစ်ယောက် ယခုအခါ ထူးထူးခြားခြား စကားနည်းနေခြင်းကြောင့်ပင်ဖြစ်သည်။ ထို့အပြင် တက်တိုး၏ရုပ်မှာလည်း သူမြဝတီသို့မထွက်စဉ်က တွေ့ခဲ့ရသော ရုပ်မျိုးမဟုတ်ပါဘဲ ပါးချောင်ကျနှင့် ဖြူဖတ်ဖြူလျော် ဖြစ်နေပြီး အနေအထိုင်ကလည်း ယခင်ထက် ညစ်ပတ်စုတ်ပဲ့နေသည်ဟုထင်သည်။ တစ်ခါတစ်ခါတွင် သူ့ရှေ့မှ သွားနေသော တက်တိုးထံမှ ညှီစို့စို့အနံ့ဆိုးတစ်ခု ထွက်နေသည်ကိုလည်း သတိပြုမိလေသည်။

"တက်တိုး မင်းကစကားနည်းလှချည်လား"

သူက စကားစသည်။

"နေသိပ်မကောင်းဘူးကွ"

တက်တိုးအသံက တကယ့်ကို အသည်းယားချင်စရာ ညှောင်နာနာ။

မောင်စိုးက ဘာမှဆက်မပြောတော့ဘဲ သူ့နောက်မှပင် ဆိတ်ငြိမ်စွာ လိုက်ခဲ့တော့သည်။

လယ်ကွက်လေးငါးကွက်ခန့် ကျော်ပြီးချိန်တွင် ချောင်းရိုးတစ်ခုသို့ ရောက်လာခဲ့လေသည်။ ဤနေရာမှာ ချောင်းကောက်ရွာနောက်ကျောဘက်မှ ကွေ့ကောက်စီးဆင်းနေသော ဘန်းလောင်ချောင်း၏ အထက်ပိုင်းဖြစ်လိမ့်မည်ဟု သူကထင်သည်။ ဤဘန်းလောင်ချောင်းမှာ အင်းဂရမ်မရှိသောကြောင့် မည်သူမဆို လွတ်လပ်စွာ ငါးရှာစားနိုင်သော ချောင်းဖြစ်ရာ ဤချောင်းရိုးဖြတ်သွားရာ ရွာများတစ်လျှောက် ဝါသနာပါသူများက ကိုယ့်နောက်ဖေးကိုယ် ဆယ်ခံပြီး ငါးရှာကြသည့်ချောင်းလည်းဖြစ်လေသည်။ ယခုလည်း ငါးဝါသနာအိုး တက်တိုးက သူကြိုက်သည့်နေရာတွင် သူ့ဘာသာ ဆယ်ခံပြီး အင်းတဲအဖြစ် လာဆောက်နေဟန်ရှိလေသည်။

မကြာမီ တဝေါဝေါကျနေသော ရေသံများနှင့်အတူ တက်တိုး၏ ဆယ်ချက်ကိုတွေ့ရပြီး ဆယ်ချက်ချရာ ဘေးကမ်းပါးမြင့်ပေါ်တွင် မီးရောင်ဇာလက်လက်ရှိနေသော တဲတစ်လုံးကို တွေ့ရလေသည်။ ဤသည်မှာ တက်တိုး၏ကိုယ်ပိုင်အင်းတဲပင် ဖြစ်ဟန်တူသည်။



မိတ်ဆွေစာပေ
www.burmeseclassic.com

www.burmeseclassic.com

တက်တိုးက ဦးဆောင်၍ တဲထဲသို့ဝင်ရောက်သွားသဖြင့် သူကလည်း နောက်မှကပ်လိုက်သွားသည်။ တဲကလေးမှာ အတော် အတန်ကျယ်ဝန်းပြီး တဲ၏အလယ်ခေါင်တည့်တည့်မြေကြီးပေါ်တွင် ဗိုထားသောထင်းမီးဖိုကြီး၏ အလင်းရောင်နှင့် အလယ်တိုင်တွင် ကပ်ရိုက်ထားသော ကလပ်ပေါ်မှ ရေနံဆီမီးခွက်ကြီး၏ အလင်း ရောင်ကြောင့် တဲ၏အတွင်းပိုင်းတစ်ခုလုံး လင်းထိန်နေသည်။

တဲ၏မြောက်ဘက်အခြမ်းတွင် ဒူးတစ်တိုက်ခန့် အမြင့် ရှိသော ဝါးဘိုးဝါးခြမ်းများ ခင်းထားသည့် အိပ်စင်တစ်ခုရှိနေပြီး စင်၏ခြေရင်းဘက်တွင် တံငါအသုံးအဆောင် တိုလီမိုလီပစ္စည်းများ ထားရာ မြေကွက်လပ်ရှိသည်။ စင်၏တောင်ဘက် တဲလယ်ခေါင်ရှိ မီးဖိုကြီးဘေးပတ်လည်တွင် ဆီပုလင်း၊ ဆားအိုး၊ ရေအိုးနှင့် အိုးခွက်စလောင်းအချို့ ရှိနေသည်။

"လာ ဒီပေါ်မှာထိုင်"

တက်တိုးက အသံထွက်သည်ဆိုရုံပြောပြီး အိပ်စင်ပေါ်တက် ထိုင်သည်။ သူကလည်း တက်တိုး၏ဘေးမှအိပ်စင်ပေါ်သို့ တင်ပါးလွှဲ ဝင်ထိုင်ရင်း ကျောပေါ်တွင် လွယ်ပိုးထားသောကျောပိုးအိတ်ကြီးကို ဖြုတ်ချလိုက်ကာ ကြွပ်ကြွပ်အိတ်ကိုလည်း ကျောပိုးအိတ်နှင့်အတူ တွဲကပ်ထားလိုက်သည်။





"ငါခြေထောက်ရေဆေးလိုက်ဦးမယ်ကွာ"

မောင်စိုးက ရွံ့များပေကျံနေသော သူ့ခြေထောက်များကို ငုံ့ကြည့်ပြီးပြောသည်။

"တဲအနောက်ဘက်မှာ မြေရေတွင်းလေးရှိတယ်၊ အဲဒီမှာ ဆေး"

တက်တိုးက ထိုမျှသာပြောသည်။ သူကတော့ တဲထဲမဝင်မီ ကတည်းက လမ်းဘေးရေအိုင်ထဲတွင် ဘိုးဒိုင်းဘိုးဒိုင်းနှင့်ခြေထောက် များခတ်ပြီး ဆေးလာခဲ့သည်မို့သူ့ခြေထောက်များက ပြောင်စင်နေ လေသည်။

မောင်စိုးက သူညွှန်ပြသည့်အတိုင်း တဲအနောက်ဘက်သို့ ထွက်ပြီး မြေရေတွင်းလေးထဲမှ ရေများကို ပလတ်စတစ်ပုံးစုတ် တစ်လုံးခပ်ယူ၍ ခြေလက်များဆေးကြောလိုက်သည်။ ပြီးသည်နှင့် တဲထဲပြန်ဝင်လာပြီး စင်ပေါ်တွင်ဝင်ထိုင်လိုက်သည်။ အံ့ဩစရာကောင်း သည်မှာက သူဝင်ထိုင်လိုက်ချိန်တွင် စင်ကလေး၏အလယ်ခေါင်တည့် တည့်၌ စားပွဲခုံဂေါ်လုံးအဆင်သင့်နေရာယူထားသည်ကို တွေ့ရပြီး စားပွဲခုံပေါ်တွင် ထမင်းပန်းကန်နှစ်ချပ်နှင့်ဟင်းခွက်များပါ ပြင်ဆင် ပြီးသားဖြစ်နေကြောင်း တွေ့ရခြင်းပင်ဖြစ်သည်။ ပို၍အံ့ဩစရာ ကောင်းသည်မှာက ထမင်းပန်းကန်နှစ်ချပ်ထဲမှ ထမင်းများက



www.burmeseclassic.com

www.burmeseclassic.com



အငွေ့တထောင်းထောင်းထပြီး ပူပူနွေးနွေးဖြစ်နေခြင်းပင်။

တကယ်တော့ သူတဲပြင်ထွက်ပြီး ခြေထောက်ရေဆေးသည့်အချိန်မှာ နှစ်မိနစ်ခွဲသုံးမိနစ်လောက်သာကြာသည်။ ထိုအချိန်လေးအတွင်းမှာပင် နောက်ပိုင်းက ပူနွေးလတ်ဆတ်သော ထမင်းဟင်းပွဲများကို ပြင်ဆင်ပြီးသားဖြစ်နေသည်မှာ မယုံနိုင်စရာပင်ဖြစ်သည်။ တက်တိုးကိုကြည့်လိုက်သောအခါ စင်ဖေါ်ခေါင်းရင်းဘက်ရှိ ဝါးဘိုးတိုင်ကိုကျောမှီလျှက် ခေါင်းငိုက်စိုက်ချပြီးထိုင်နေသည်။

"ဟေ့ကောင်၊ တက်တိုး ဒီထမင်းပွဲတွေပြင်လိုက်တာက မြန်လှချည်လားကွ၊ ထမင်းတွေကလည်း ပူပူနွေးနွေးတွေ မင်းချက်ထားတာလား"

"အေး"

သူက တစ်လုံးတည်းသာဖျစ်ညှစ်ပြီးဖြေသည်။

"ဒီတဲမှာ မင်းအပြင် ဘယ်သူရှိသေးတုန်းကွ"

"မရှိဘူး၊ ငါတစ်ယောက်ထဲ"

ထုံးစံအတိုင်း တိုးညှင်းခြောက်ကပ်သောအသံနှင့်ဖြေသည်။

"ကဲ ဒါဖြင့်လာလေ၊ မင်းရော စားမှာမဟုတ်လား"

"ငါမစားတော့ဘူးကွ၊ အဲဒါ မင်းစားဖို့ခူးထားတာ





တစ်ချပ်က အပိုပန်ကန်ပေါ့ကွာ၊ မစားခင် အရက်သောက်မယ်"

"ဒို့မှာ ရမ်(မ်)ပါတယ်ကွ၊ ရေတစ်ခွက်လောက်နဲ့ဖန်းကန်ယူကွာ"

သူကပြောပြီး ကျောပိုးအိတ်ကိုဖွင့်ကာ အဲထဲမှ ရမ်(မ်) အရက်ပုလင်းတစ်ပြားကို ဆွဲထုတ်လိုက်သည်။ တစ်ဆက်တည်းတွင် စီးကရက်ဗူးကိုလည်းထုတ်ယူလိုက်သည်။ ထိုအချိန်တွင် တက်တိုးက တဲထောင့်တစ်နေရာရှိ သောက်ရေအိုးဆီသို့သွားကာ မတ်ခွက်ကြီးတစ်လုံးနှင့် ရေအပြည့်ခပ်လာပြီး လက်ဖက်ရည် အကြွမ်းပန်းကန်တစ်လုံးကိုလည်း ယူလာလေသည်။ ပြီးသည်နှင့် နှစ်ယောက်သားထမင်းပွဲဝိုင်းတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

တက်တိုးက ထမင်းတစ်ပန်းကန်ကို သူ့ရှေ့လှမ်းတိုးပေးပြီး တစ်ပန်းကန်ကို ဘေးတွင် ချထားလိုက်သည်။ သူတို့နှစ်ဦးကြား စားပွဲဝိုင်းဖေါ်အလယ်တည့်တည့်တွင် ငါးကြော်တစ်ပန်းကန်၊ ပုစွန်ထုပ်ကြော်တစ်ပန်းကန်တို့အပြင် အရက်ပုလင်း၊ ရေခွက်၊ အကြွမ်းပန်းကန်နှင့် စီးကရက်ဗူးတို့ရှိနေသည်။

"ကဲ စလိုက်ကြရအောင်"

မောင်စိုးက ပြောပြောဆိုဆိုပင် အကြွပ်းပန်းကန်ထဲသို့ အရက်တစ်ဝက်လောက်ထည့်လိုက်ပြီး တက်တိုးထံ ထိုးပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တက်တိုးက အရက်ခွက်ထဲသို့ ရေအပြည့်ဖြည့်ပြီး အရက်တစ်ငုံသောက်လိုက် ငါးကြော်လေးကောက်ဝါးလိုက် လုပ်သည်။ သူပြီးသွားတော့ မောင်စိုးအလှည့်၊ မောင်စိုးက အရက်ထဲသို့ ရေရောထည့်ပြီး အရသာခံ၍ တစ်ငုံချင်းသောက်သည်။ ပြီးသည်နှင့် ငါးကြော်တစ်ကောင်ကို ကောက်ယူလိုက်သည်။ စောစောက ပူပူနွေးနွေးကြီးဟု သူထင်ထားသောငါးကြော်မှာ တကယ်တမ်း သူကောက်ကိုင်လိုက်တော့ အေးစက်နေသည်ကို တွေ့ရသည်။ စိတ်ထဲတစ်မျိုးဖြစ်သွားရင်း ငါးကြော်ကို ကိုက်ဝါးလိုက်သည်။ အရသာရှိသော်လည်း အနံ့က ညှီစို့စို့နိုင်လှသည်။ သို့သော်လည်း ကိစ္စမရှိ သူကအရက်သမားစစ်စစ်မို့ ဂျီးမများတတ်။ မျက်စိမှိတ်ပြီး အသက်အောင့်ကာ ဇွတ်ဝါးစားသည်။ ပြီးတော့ ခွက်ထဲက အရက်လက်ကျန်ကိုမော့ချလိုက်ပြီး တက်တိုးကို အလှည့်ပေးသည်။

ဤသို့ဖြင့် သူတစ်လှည့် ကိုယ်တစ်လှည့် မှန်မှန်ကြီး ခွက်လှည့်နေခဲ့ရာ အချိန်တော်တော်ကြာသောအခါ အရက်ပုလင်းတစ်ပြား ကုန်သွားလေသည်။ သူတို့နှစ်ယောက်စလုံးမှာလည်း အရှိန်တော်တော်လေး ရနေပြီဖြစ်သည်။

"အရက်ပုလင်း ပါသေးလား"

တက်တိုးက သူ့ကိုမော့ကြည့်ရင်းမေးသည်။





"ပါတော့ပါသေးတယ်ကွ၊ ဒါပေမယ့် အဲဒီအလုံးကို ရွာကကောင်တွေဖို့ ချန်သွားဦးမယ်။ မင်းမှာ ဆန်လေးဘာလေးရှိရင် ထုတ်လေကွာ"

သူက ပြောလိုက်သောအခါ တက်တိုးက တဲထောင့်တစ်နေရာတွင်ရှိသော တိုင်ခြေမှ ပလတ်စတစ်ပုံးလေးတစ်ပုံးကို ဆွဲထုတ်လာသည်။ ထိုပုံးလေးထဲတွင် တောချက်ဆန်အရက်များလည်း ပါသည်။

"မင်းလဲအောင် သောက်လို့ရတယ်"

ထိုသို့ပြောရင်း တက်တိုးက သူ့ကိုစိုက်ကြည့်သည်။ သူကလည်း "အေး"ခနဲ လေချဉ်တက်ရင်း ပြန်ကြည့်သည်။ အကြည့်ချင်းဆုံချိန်တွင် တွေ့လိုက်ရသောတက်တိုး၏ မျက်ဝန်းအစုံမှာ မျက်ကြောသေကြီးနှင့် လှုပ်ရှားမှု ကင်းမဲ့ပြီး လူသေကောင်တစ်ယောက်၏ မျက်လုံးများကဲ့သို့ အေးစက်သောအငွေ့အသက်များကိုခံစားရကာ ကျောထဲတစ်ချက် စိမ့်သွားသည်။ ထို့အပြင် တက်တိုး၏ စကားသံများမှာလည်း သူပါးစပ်ကထွက်နေသည်မှ ဟုတ်ရဲ့လားတု သံသယဖြစ်လောက်အောင်ကို တိုးညှင်းခြောက်ကပ်နေသည်။

ဤတစ်ချိတွင် အရက်ပုံးကိုကိုင်ကာ ငှဲ့ပေးနေသူက



www.burmeseclassic.com

www.burmeseclassic.com



တက်တိုးဖြစ်သည်။ ဤသို့ဖြင့် နှစ်ခွက်သုံးခွက်လောက် အလှည့်ကျပြီးချိန်တွင် နှစ်ယောက်စလုံးအတော်ကြီးကိုမူးလာပြီဖြစ်သည်။

မောင်စိုးက မူးမူးနှင့်ပင် သူ့ရှေ့တည့်တည့်မှ ထမင်းပန်းကန်ကို စားရန်အနီးသို့ဆွဲကပ်လိုက်သည်။ အံ့ဩစရာကောင်းလောက်အောင်ပင် ထမင်းများက အငွေ့တထောင်းထောင်းထနေဆဲဖြစ်သည်။ သူက လက်ပင်မဆေးတော့ဘဲ ထမင်းပန်းကန်ထဲသို့လက်နှိုက်လိုက်သည်။ ရေခဲပမာအေးစက်နေသော ထမင်းများ၏ အထိအတွေ့ကြောင့် သူလန့်ဖျပ်သွားသည်။ သူကတစ်ခုခုတော့ မှားနေပြီဟုသော အတွေးဖြင့် တက်တိုးကိုလှမ်းကြည့်သည်။ တက်တိုးက ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်လျက် သူက ထမင်းပန်းကန်ထဲမှထွက်နေသော အငွေ့များကို လိုက်ကြည့်ရင်း ခေါင်းထဲတွင် နောက်ကျိလာသည်။ သတိတရားတစ်ခုကို ဖမ်းဆုပ်ထားရင်း သူကပြန်ဆင်ခြင်ကြည့်နေသည်။ သူအရမ်းမူးနေသည် မှန်သော်လည်း သတိတရားကင်းလွတ်ခြင်း မရှိသေးပေ။ ထိုမျှလောက်အထိ အမြီးအမောက်မတည့်အောင် မမူးသေးသည်ကတော့ သေချာသည်။ ထို့ကြောင့်ပင် တစ်ခုခုကတော့ မှားနေမှန်း သူသိသည်။ သို့ရာတွင် သူကလည်း မူးလာလျှင် ဘာကိုမှ အရေးထားတတ်သူ မဟုတ်သောကြောင့် အေးစက်နေသောထမင်းများကိုပင် အရေသောက်ငါးတင်းရေများ





ဆမ်းစားလိုက်၊ ပုစွန်ထုပ်ကြော်များကို ငါးစားလိုက်ဖြင့် တစ်လုပ်ပြီး တစ်လုပ် စားနေမိတော့သည်။

သူထမင်းစားပြီးချိန်တွင် တက်တိုးက ရေတစ်ခွက်နှင့် အဝတ်စုတ်တစ်ခုကို ယူပေးသည်။ သူကထိုရေဖြင့်ပင် ပန်းကန်ထဲသို့ လောင်းဆေးပြီး လက်နှင့်ပါးစပ်ကို သုတ်ပစ်လိုက်သည်။ ပြီးသည်နှင့် စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိဖွာရှိုက်လိုက်သည်။ တက်တိုးကလည်း သူကဲ့သို့ပင် စီးကရက်တစ်လိပ်ယူပြီး မီးခိုး တစ်ထောင်းထောင်းထအောင် ဖွာရှိုက်နေလေသည်။

မောင်စိုးက တရစ်ပြီးတစ်ရစ်လိမ်၍ အလိပ်လိုက်တက်နေသော မီးခိုးငွေ့များကြားမှ တက်တိုး၏ မျက်နှာကိုကြည့်သည်။

တက်တိုး၏မျက်နှာမှာ သူတို့နှစ်ဦး အရက်စပြီးထိုင်သောက်ကြစဉ်ကနှင့်ပင် မတူတော့ဘဲ ပို၍ပင် ချောင်ကျနေကာ ပါးစပ်များ ပြုတ်နေသည်။ မျက်တွင်းကြီးနှစ်ခုကလည်း ချိုင့်ဝင်နေသည်။ ထိုချိုင့်နှစ်ခုအတွင်းမှ မျက်လုံးနှစ်လုံးမှာက မလှုပ်မယှက် ငြိမ်သက်လျက် ကျောက်မျက်လုံးများပမာ ကြည့်ရင်းကြည့်ရင်းနှင့် တက်တိုးပုံမှာ လူသေကောင်တစ်ယောက် ငုတ်တုတ်ထထိုင်နေပုံမျိုးနှင့် ပို၍တူလာနေသည်။

သူက အရက်ရှိန်နှင့် ရီဝေရီဝေဖြစ်နေခြင်းကြောင့် အပြင်



www.burmeseclassic.com

www.burmeseclassic.com



မှားခြင်းများလားဟု သူ့မျက်လုံးများသူ ပြန်ပွတ်ပြီးကြည့်သည်။ ထိုသို့ မျက်လုံးပွတ်ကြည့်မှ မြင်ကွင်းကပို၍ဆိုးရွားလာသည်။ တက်တိုး ဆေးလိပ်သောက်နေပုံမှာ တကယ့်ကို မူးယစ်ဆေးဝါး အန္တရာယ် ကာကွယ်ရေးပိုစတာများ အရိုးခေါင်းကြီး စီးကရက် သောက်နေပုံနှင့် တူနေတော့သည်။ ကြာလျှင် ကြည့်လေပို၍ ဆိုးလာလေဖြစ်နေမည်ကြောင့် သူက ဆက်မကြည့်တော့ဘဲ အကြည့် လွှဲ၍ မျက်စိမှိတ်ကာစီးကရက်ကို အရသာခံသောက်နေလိုက်သည်။ လက်ထဲမှာ စီးကရက်ကုန်သွားသောအခါ အနည်းငယ် မျက်စိများ လေးလာသည်မို့ သူက နောက်ဆုတ်ပြီး ဝါးဘိုးဝါးတိုင်ကိုမှီကာ ခြေဆင်းလျက် မှိန်းနေလိုက်သည်။ သို့သော် ကြာကြာမမှိန်းလိုက်ရ။ တက်တိုး၏အသံက ထွက်ပေါ်လာသည်။

"တော့ကောင် လာချလိုက်ဦးစို့"

"ဟာ ... ချတာပေါ့ကွ"

သူကလည်း မူးတိမူးကြောင်ဖြင့် ပြန်အော်ပြီး မူလနေရာသို့ ပြန်ရောက်လာသည်။ ထိုအခါ တက်တိုးက လူသေကောင် တစ်ယောက်၏ လက်များနှင့် တူလှသော အရိုးဂေါက်ဂက်လက်ဖြင့် အရက်ပုံးကိုလှမ်းယူပြီး ငှဲ့ပေးပြန်သည်။ သူကလုံးဝမငြင်းဘဲ ယူ သောက်သည်။ သူ့အလှည့်ပြီးတော့ တက်တိုးက သူ့ခွက်ထဲသို့ငှဲ့





သောက်ပြန်သည်။ ဤသို့ဖြင့် ခွက်သံသရာလည်လာရာ သူတို့နှစ် ယောက်လုံးပင် အစွမ်းကုန်မူးနေကြပြီဖြစ်သည်။

တစ်ချိတွင် မောင်စိုးက ဗိုက်ဆာသလိုရှိလာသည်ကြောင့် စောစောက ဝန်းကန်ထဲတွင် ကျန်ခဲ့သော လက်ကျန်ငါးကြော်များ ထဲမှ ငါးကြော်တစ်ကောင်ကိုလှမ်းနှိုက်သည်။ သို့ရာတွင် ငါးကြော် က လက်ထဲပါမလာဘဲ ချော်ကျိချော်ကျိဖြစ်နေသည်။ ထို့ကြောင့် သူက ငါးကြော်ကို သေသေချာချာကိုင်ရင်း ငုံ့ကြည့်လိုက်ရာ မျက်လုံးများ ပြူးကျယ်သွားတော့သည်။ အကြောင်းမှာ သူကိုင် ထားသောငါးကြော်မှာ ကြော်ပြီးသား အကောင်အနေအထား မဟုတ်တော့ဘဲ ရေစိုးစိုးစပ်စပ်နှင့် လူးလွန့်နေသော ငါးအရှင် တစ်ကောင်ဖြစ်နေသောကြောင့်ပင်။

"ဟေ့ကောင်၊ တက်တိုး ဒါဘာဖြစ်တာလဲကြည့်စမ်း၊ မင်း ငါးကြော်က ငါစားမယ်လုပ်မှ ငါးကြော်ကနေ ငါးအရှင်ကြီးဖြစ်သွား ပါလားကွ၊ မင်း ငါ့မူးနေပြီထင်ပြီး မနောက်နဲ့နော်"

သူကပြောရင်း ငါးကြော်ပန်းကန်ပြားကို တက်တိုးရှေ့ တိုးပေးလိုက်သည်။

"ဘယ်မှာလဲ ငါးအရှင်၊ ငါ့ကိုပြစမ်း"

တက်တိုးက မျက်လုံးကြောင်လေးဖြင့် ငါးကြော်များကို



www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြည့်နေသည်။

"ဒီမှာ ဖော့ကောင် မင်းစားလိုက်"

သူက လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေသော ငါးအရှင်ကြီးအား လက်ညှိုးထိုးပြရင်းပြောသည်။

"ရတယ်၊ ငါစားမယ်"

တက်တိုးက အေးစက်စက်ပင် ပြန်ပြောရင်း ပန်းကန်ထဲမှ လူးလွန့်လွန့်ဖြစ်နေသော ထိုငါးကို ကောက်ကိုင်လိုက်သည်။ ထို့နောက် လက်ထဲတွင် အတောင့်လိုက်ကြီးပါလာသော ငါးစိမ်းကြီးအား သူ့ပါးစပ်ထဲသို့ထည့်ကာ တဂျွတ်ဂျွတ်ငါးစားလေတော့သည်။ တက်တိုး ငါးအစိမ်းကိုက်စားနေပုံကိုကြည့်ရင်း မောင်စိုး၏ မျက်စိထဲတွင်မူ အရိုးပေါ်အရေတင် သက်မဲ့အလောင်းကြီး တစ်ကောင်က ငါးစိမ်း တစ်ကောင်ကိုကိုက်စားနေပုံမျိုး သွားပေါ်နေတော့သည်။

မောင်စိုးက သေသေချာချာစိုက်ကြည့်နေသည်။ ကြည့်ရင်း ကြည့်ရင်းမှ မျက်လုံးများက ရီဝေလာပြီး ခေါင်းထဲတွင်လည်း မူးနောက်လာသည်။ မျက်နှာက အရိုးခေါင်းကြီးလိုဖြစ်လာပြီး မျက်လုံးများလည်းမရှိတော့ဘဲ ခေါင်းခွံကြီးသာမြင်နေရသည်။ သူ၏လက်များကမူ သူ့အသားအရေမဟုတ်တော့ဘဲ တိရစ္ဆာန်တစ်ကောင်၏





လက်များကဲ့သို့ ရှည်လျားသောအမွေးမည်းမည်းကြီးများဖုံးလွှမ်းနေသည်။ "ဟာ ဘာတွေမှန်းမသိတော့ဘူး။ ငါ့ကို ဒါမျိုးလာမလုပ်နဲ့ သွား ... သွားကြ"

မောင်စိုးက မူးမူးနှင့် ကုန်းအော်နေသည်။ သို့သော် အသံတွေက ဗလုံးဗထွေး။

"သွားဆိုသွားကြ။ ဟော့ အောက်လမ်းတွေ ဘာတွေလာ မလုပ်နဲ့၊ ငါကွ ... ကဲကွာ"

"ဝုန်း ... ဂလုန်း"

သူက ပါးစပ်ထဲတွေ့ရာအော်ချင်ရာတွေအော်ပြီး သူ့ရှေ့ စားပွဲခုံကို လက်သီးဖြင့်ထုရာ စားပွဲပေါ်မှ ထမင်းပန်းကန်၊ တင်း ပန်းကန်နှင့် အရက်ပုလင်းခွံများ၊ အကြမ်းပန်းကန်များအားလုံး မှောက်ကျကုန်တော့သည်။ တစ်ဆက်တည်းတွင် သူကိုယ်တိုင်လည်း စားပွဲပေါ်သို့မျက်နှာအပ်လျှက် မှောက်ကျသွားခဲ့ရာ ပြန်၍ပင် မထူ နိုင်တော့ဘဲ မူးဝေအိပ်ပျော်သွားခဲ့တော့သည်။

သူ့တစ်ကိုယ်လုံး အရိုက်အနှက်ခံထားရသည့်နှယ် နာကျင် နေသည်။ ဦးခေါင်းတစ်ခုလုံးလည်း ကိုက်ခဲမူးဝေနေသည်။ အသက် ကို မှန်မှန်ရှူရင်းသူ၏အသိအာရုံတို့ကို ပုံမှန်ဖြစ်အောင် စုစည်းကြည့် နေသည်။ တဖြည်းဖြည်းနှင့် သူ၏လက်ရှိအခြေနေကို အသိအာရုံ



www.burmeseclassic.com

www.burmeseclassic.com

တစ်ချို့ ပြန်လည်ဖမ်းဆုပ်မိလာသောအချိန်တွင် သူ့အနေအထားမှာ တစ်ခုခုပေါ်တွင် မှောက်ခုံကြီးအိပ်နေမှန်းသတိထားမိသည်။ သူ၏ အောက်မှရှိနေသော အရာမှာ ဖျာတစ်ချပ်၊ အိပ်ရာခင်းတစ်ခုမဟုတ်ဘဲ ကြမ်းရှရှပျော့စိစိအနေအထားရှိသော အရာတစ်ခုမှန်းလည်း သူက သတိပြုမိသည်။

သူ၏ကျောပြင်နှင့် ခြေထောက်၊ လက်မောင်းများပေါ်သို့လည်း ပူနွေးသည့်အငွေ့အသက်တစ်ခုကျရောက်နေသည်ကို သတိထားမိပြန်သည်။ ထိုအချိန်မှာပင် အကြားအာရုံ၌ တစ်စုံတစ်ဦးက သူ့ကို ပြောနေသည့်အသံမျိုးကိုလည်း ကြားလာရပြန်သည်။

"ဟော့ကောင်၊ ထတော့လေကွာ၊ နက္ခပါပဲ။ ဘယ်ကောင်က ဘယ်လောက်အထိမူးလာပြီး ဒီနေရာမျိုးမှာ လာအိပ်ပျော်နေပါလိမ့်"

သူက ကြားနေရသောအသံကြောင့် မှောက်ခုံအနေအထားမှ အားယူပြီး လှိမ့်တာ ပက်လက်အနေအထားဖြစ်အောင် လုပ်လိုက်သည်။ နောက်ပြီး "အင်း"ခနဲ ညည်းတွားကာ မျက်စိနှစ်လုံးကို ဖွင့်ကြည့်သည်။ တော်တော်နှင့် ဖွင့်မရ။

"အင်း ဘယ်ကအမူးသမားကများ လာအိပ်နေပါလိမ့်၊ မိုးမရွာလို့ တော်သေးတာပေါ့ကွာ မိုးများရွာရင် အအေးပတ်ဦးမှာပဲ"





ကြားနေရသောအသံကြောင့် သူကမျက်စိကို အားယူပြီး ဖွတ်ဖွင့်ကြည့်လိုက်သည်။

"အား"

မျက်လုံးအစုံပွင့်ပွင့်ချင်း ထိပ်တိုက်တည့်တည့်ကြီးဝင်လာသော အလင်းရောင်ကြောင့် လွှတ်ခနဲအော်မိရင်း သူကမျက်လုံးအစုံကို ပြန်မှိတ်လိုက်ရသည်။ ပြီးမှ မျက်လုံးအစုံကိုဖြည်းဖြည်းချင်း ပြန်ဖွင့်ပြီးကြည့်လိုက်သောအခါ နေရောင်ခြည်တို့ဖြင့် ပြာလွင်တောက်ပနေသော တိမ်စင်ကောင်းကင်ကြီးကို ဦးစွာမြင်တွေ့လိုက်ရလေသည်။

ထိုမှတစ်ဖန် မျက်လုံးများကို ရွှေ့ကြည့်လိုက်သောအခါ မတ်တတ်ရပ်လျှက် သူ့ကို မိုးကြည့်နေသော လူကြီးတစ်ဦးကို တွေ့လိုက်ရလေသည်။

ထိုလူကြီးမှာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိမည့်အဘိုးကြီးတစ်ဦးဖြစ်ပြီး ခေါင်းတုံးပြောင်ပြောင်နှင့် မျက်နှာအနေအထားက တည်တည်ငြိမ်ငြိမ်ရှိသည်။

"ဟော့ကောင် ထတော့လေကွာ၊ မင်းကို ဘယ်သူများ မွေ့ယာခင်းပေးထားတယ်ထင်နေသတုန်း"

ထိုလူကြီးက သူ့ကိုပြောနေမှန်းသိသောအခါ သူ၏



www.burmeseclassic.com

www.burmeseclassic.com

ယောင်ရမ်း၍ "ဟုတ်ကဲ့"ဟုဆိုရင်း အတင်းကုန်းရုန်းထတော့သည်။ ထိုအခါမှပင် သူ့အခြေအနေသူဖြန့်အကဲခတ်မိရင်း အံ့သြထိတ်လန့်ဖြစ်ရတော့သည်၊ အကြောင်းမှာ သူအိပ်နေသည့်နေရာကား လူသွားလမ်းမကြီး ဘေးရှိ လယ်ကန်သင်းဆုံကြီးတစ်ခုဖြစ်နေသောကြောင့်ပင်။

သူက တစ်စုံတစ်ခုကိုသတိရသွားသဖြင့် ကမန်းကတမ်းဖင်ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုလိုက်သောအခါ သူ၏ကျောပိုးအိတ်ကြီး၊ လက်ဆွဲကြွပ်ကြွပ်အိတ်နှင့် ဆင်ကြယ်ဖိနပ်ကလေးကိုလည်း ကန်သင်းခုံပေါ်တွင် တွေ့လိုက်ရလေသည်။

"ဟေ့ကောင်လေး ပြောပါဦးကွ၊ မင်းက ဘယ်ကနေဘယ်လိုဖြစ်ပြီး ဒီကန်သင်းခုံပေါ် လာအိပ်နေရတာတုန်း"

ရပ်ကြည့်နေသောလူကြီးက သူ့ကို စေ့စေ့ကြည့်ရင်း မေးနေလေသည်။

"ဗျာ"

"မဗျာနဲ့လေ၊ မင်းမို့ ဒီနေရာမျိုး အိပ်ရဲတယ်ကွာ"

"ဒါ ဘယ်နေရာ ရောက်နေတာလဲ၊ ကျွန်တော်က ဒီနားကို ဘာလို့ ရောက်နေတာလဲ"

"ဟေ"

သူ၏ အူကြောင်ကြောင် စကားများကြောင့် ထိုလူကြီးက "ဟေ"ဟု တစ်လုံးတည်း ရေရွတ်ပြီး သူ့ကို ထူးဆန်းသည့် သတ္တဝါတစ်ကောင်အလား ငေးကြည့်နေတော့သည်။ သူက ဘာမျှမပြောသေးဘဲ ကျောပိုးအိတ်ကို ကောက်လွယ်ကာ လက်တစ်ဘက်က ကြွပ်ကြွပ်အိတ်နှင့် ဆင်ကြယ်ဖိနပ်ကို ကောက်ကိုင်လိုက်ပြီးမှ ထိုလူကြီးဘက် မျက်နှာလှည့်ပြီးပြန်ပြောသည်။

"ကျွန်တော် ရောက်နေတာဘယ်နေရာလဲ မသိလို့ ပြန်မေးတာပါခင်ဗျာ"

"အေး ... မင်းမေးတော့ငါပြောမယ်၊ ဒီလမ်းမကြီးက အများသုံးဆက်သွယ်ရေးလမ်းမကြီး။ တို့ရှေ့ကမြင်နေရတဲ့ရွာက ချောင်းကောက်၊ ဟိုးအနောက်ဘက်ကရွာက ကရင်ရွာ၊ မင်းအိပ်နေတာက လမ်းတောင်ဘက်က ကန်သင်းခုံကြီးပေါ်မှာ ကဲ ဒါဆိုမင်းက ဘယ်တလာပြီး ဘယ်လိုတွေဖြစ်တယ်ဆိုတာပြောပါဦး"

"ကျွန်တော့်နာမည်က မောင်စိုးပါ၊ ဇာတိက ကမ်းနားရွာသစ်ကပါ။ မြဝတီကိုအလုပ်သွားလုပ်ပြီး ပြန်လာတာ မနေ့ညနေက မိုးချုပ်သွားတာနဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အင်းတဲမှာ အရက်အတူတူသောက်ပြီး အိပ်ပျော်သွားခဲ့တာပါပဲ"

"ဟေ ဒါဖြင့်ရင် မင်းတို့အရက်သောက်ရင်းအိပ်ခဲ့တဲ့ အင်း






www.burmeseclassic.com

www.burmeseclassic.com

တဲက ဘယ်မှာလဲ"

"ကျွန်တော်ကောင်းကောင်းမှတ်မိတာတော့ ဒီတံတားလေးအလွန် အခုကျွန်တော်တို့ရပ်နေတဲ့နေရာကနေ လယ်လေးငါးကွက်လောက် သွားလိုက်ရတာပါပဲ"

"မင်းက အဲဒီအင်းတဲမှာ သူငယ်ချင်းနဲ့ အရက်အတူတူသောက်ရင်း အိပ်ခဲ့တာပေါ့"

"ဟုတ်ပါတယ်။ ကျွန်တော်အသေအချာကို မှတ်မိပါတယ်။ အခု အိပ်ရာကနိုးတော့ ကျွန်တော်အိပ်တဲ့နေရာက လယ်ကန်သင်းခုံကြီးဖြစ်နေတာပါ"

"အေး ... ကောင်းတယ်ကွာ၊ လူကောင်းဆိုရင်တော့ သေွးလန့်ပြီးတော့တောင် ရူးသွားနိုင်တယ်။ အခု မင်းကမူးပြီး အိပ်တာဆိုတော့ ဘာမှမသိဘူးပေါ့၊ မင်းသိပ်ကံကောင်းတယ်ကောင်လေး"

"ဘာဖြစ်လို့လဲခင်ဗျာ"

"ဒီကွင်းက အလွန်ကြမ်းတဲ့ကွင်းကွ၊ ကျက်ကွင်းလို့ခေါ်ကြတယ်။ ဒီနားမှာ မင်းပြောတဲ့ အင်းတဲဆိုတာလည်း မရှိဘူး မင်းကို ကျက်တွေလှည်းစားခဲ့တာနေမှာပဲ"

"ဗျာ"





"ဟုတ်တယ်၊ ကျက်တွေလှည့်စားတာ"

"အါဆို ကျွန်တော်သူငယ်ချင်းက"

"မင်းသူငယ်ချင်းက ဘယ်သူလဲ"

"ဒီချောင်းကောက်ရွာထဲက တက်တိုးပါ"

"ဟေ ဖြစ်မှ ဖြစ်ရလေကွာ၊ ငါတောင်ကြက်သီးမွေးညင်းတွေ ဖျန်းခနဲထသွားပြီ၊ လာလာ ဒီနေရာက အမြန်မြန်သွားမယ်၊ မင်းလည်း အရှေ့ကိုပြန်မှာမဟုတ်လား"

ထိုလူကြီးက ပြောပြောဆိုဆိုနှင့်ပင် ချောင်းကောက်ရွာဘက်ကို သုတ်ခြေတင်သွားတော့ရာ မောင်စိုးလည်း နောက်မှလိုက်သွားရလေသည်။ ထိုလူကြီးကိုကြည့်ရသည်မှာ တစ်ခုခုကိုထိတ်လန့်သွားပြီး ဤနေရာမှ အမြန်ဆုံးရှောင်သွားနေပုံဖြစ်သည်။

လယ်လေးကွက်အကျော် ရောက်မိသောအခါ သူကနောက်မှလိုက်ရင်း လူကြီးကိုစကားစလိုက်သည်။

"ဦးကြီးက ဒီချောင်းကောက်ကပဲလား"

"ဟုတ်တယ်ကွ"

"ဦးကြီး ကျွန်တော့်သူငယ်ချင်းတက်တိုးကို သိတာပေါ့နော်"

"ဟာ သိတာပေါ့ကွ အါနဲ့နေပါဦး၊ မင်းဒီနယ်မြေကထွက်သွားတာ ဘယ်လောက်ကြာပြီတုန်း"


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နှစ်နှစ်ကျော်သွားပြီခင်ဗျ၊ အခုမှပြန်လာတာ"

"ဩော် ဒီကြောင့်ကိုး"

လူကြီးက ထိုသို့ပြောရင်း သူ့ကို နောက်ပြန်လှည့်၍ တစ်ချက်ကြည့်သည်။ ပြီးမှ ရှေ့ဆက်လျှောက်ရင်း မေးမြန်းသည်။

"မင်းညက မင်းသူငယ်ချင်းတက်တိုးနဲ့ တွေ့ခဲ့တယ်ပေါ့"

"ဟာ ... တွေ့တာပေါ့ ဦးကြီးရ၊ သူနဲ့တွေ့လို့ အင်းတဲမှာ သူနဲ့အရက်အတူတူလိုက်သောက်၊ ထမင်းစားပြီး မနက်ခင်းကျတော့ အခုလို မယုံနိုင်စရာတွေဖြစ်နေတာ"

"တော်သေးတာပေါ့ မင်းကိုများ သူနဲ့အတူနေဖို့ ခေါ်ထားလိုက်ရင်ဒုက္ခ"

"ဦးကြီးက ဘာကိုပြောတာလဲ"

"မင်းသူငယ်ချင်းတက်တိုးက မနှစ်ကဝါခေါင်လကတည်းက သေပြီးပြီကွ"

"ဗျာ"

မောင်စိုးမှာ အခုမှပင် ခေါင်းနပန်းကြီးလာပြီး ကြက်သီးမွေးညင်းများ တစ်ကိုယ်လုံးထလာတော့သည်။

"ဟုတ်တယ်၊ မနှစ်ကသူသေသွားတာ အခုလိုဝါခေါင်လပဲ"

"ဖြစ်မှဖြစ်ရလေဗျာ သူဘယ်မှာသေတာလဲ"





"အေး အခုမင်းအိပ်နေတဲ့ ကန်သင်းခုံရဲ့တောင်ဘက်က ကွင်းထဲမှာပဲ၊ တောမှားလို့ သေတာ"

"ဘယ်လို တောမှားတာလဲ"

"အဲဒီကွင်းထဲမှာ ငါးရှာရင်းကနေ သူတို့နဲ့မလွတ်တဲ့ နေရာမှာ အလေးစွန့်တယ်၊ ပြီးတော့မူးမူးရူးရူးနဲ့ ကွင်းပိုင် နယ်ပိုင်တွေကို ကော်ဆဲတယ်လေ"

"အဲဒါနဲ့ ဘယ်လိုသေရတာလဲ"

"အဲဒီညကပြန်လာပြီးကတည်းက အိပ်ရာပေါ်လူးလှိမ့်ပြီး ဗိုက်ထဲက ပူတယ်ဗျ၊ ပူတယ်ဗျနဲ့ အသားကုန်အော်နေတော့တာ၊ နှစ်ရက်လောက်ကြာတယ်။ အအော်ရပ်ပြီး ငြိမ်လည်းငြိမ်ရော အသက်ပါ ပါသွားတော့တာပဲ'

"ဖြစ်မှဖြစ်ရလေဗျာ ဒီကောင်လည်း မကျွတ်မလွတ်ဘဲ အဲဒီနေရာ ရောက်သွားတာနေမှာပေါ့"

"သိပ်ကိုသေချာတယ်ကွ၊ သူ့ကို ရက်လည်ဆွမ်းသွတ်တဲ့ နေ့ညက သူ့မိန်းမ ခင်နှင်းကို အိပ်မက်ပေးတယ်။ သူဟာ ကျွတ်ကုန်းမှာပဲ သွားနေရပြီဆိုတဲ့အကြောင်းပေါ့"

ပြောရင်းဆိုရင်းနှင့်ပင် သူတို့နှစ်ဦး ချောင်းကောက်ရွာ ထိပ်သို့ ရောက်လာကြရာ ထိုလူကြီးက "ကဲသွားတော့"ဟုပြောပြီး



www.burmeseclassic.com

www.burmeseclassic.com

ရှာထိပ်တံတားလေးပေါ်တွင် ထိုင်နေခဲ့တော့သည်။ မောင်စိုးမှာ တစ်ယောက်တည်းဆက်လျှောက်လာခဲ့ရင်း သူညကကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို သတိရကာ အကြီးအကျယ် တုန်လှုပ်နေမိလေတော့သည်။

ပဥ္စဂုဏ်အတတ်ဝန္ဒာမိသဗ္ဗဒါ

ကျော်ဆွေဝင်း(ရွှေအင်း)

မိတ်ဆွေစာပေ

## မိတ်ဆွေစာပေမှ ထုတ်ဝေဖြန့်ချိပြီးသည့် မောင်မိုးညို့(ချောင်းဦး)၏စာအုပ်များ

၁။ "ပန်းကြွေတဲ့ဆောင်းတစ်ည"နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
၂။ "သေဒဏ်ထိုက်သောအကြံ"နှင့် အိုင်အိုစောသိန်း စစ်ဆေးခဲ့သည့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
၃။ "ရှာဘွားရှာလူသတ်မှု"နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ(ပထမအုပ်)
၄။ "ရှာဘွားရှာလူသတ်မှု"နှင့် ရသဖြစ်မှန်ဝတ္ထုများ(ဒုတိယအုပ်)
၅။ "ကျိန်စာတိုက်သံ"နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
၆။ "သုံးချက်ပြတ် လူသတ်မှု"နှင့် ရသဖြစ်ရပ်မှန်ဝတ္ထုများ
၇။ ဗိုးတွမ်တီးစောဖယ်၏နောက်ဆုံးပေါ်လိမ်နည်းအမျိုးမျိုး
၈။ "ညောင်ပျိုပင်သရဲမ"နှင့် တစ္ဆေဖြစ်ရပ်မှန်များ
၉။ နတ်မြင်းသည်သူ့ရဲ့ကောင်းများ
၁၀။ ကလေးသူ့ရဲ့ကောင်းလေးသို့ပေး
၁၁။ ခွဲကြိုးချကုန်းကတစ္ဆေနှင့် ကျွန်းပင်စောင့်သရဲ
၁၂။ သိုက်ဆက်သော်သော်လွှင်နှင့် နာနာဘာဝဖြစ်ရပ်မှန်များ
၁၃။ ဥစ္စာစောင့်တွေလူ့ကျဲ့ငွေနှင့် သေရွာပြန်ဖြစ်ရပ်မှန်များ
ယခု
ဖတ်ဝင်တဲ့သူနှင့်သူ့ရဲ့ခြောက်တဲ့ည

BURMESE CLASSIC
www.burmeseclassic.com